

ပုရာဏဇိဏ္ဏစေတိယပဋိမာဒိသုန္ဒရ
ပဋိသင်္ခရဏ ဝိတ္ထာရဝိနိစ္ဆယ
ဒီပနီ-ခေါ်

# ရုပ်ပွားစေတီတော်ဟောင်း
# ပြင်ဆင်မှုအဆုံးအဖြတ်

၈၄၀၀

ရန်ကုန်မြို့
ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့
ဩဝါဒါစရိယ ဆရာတော်
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်သည်
ဘဏ္ဍာတော်ထိန်းအဖွဲ့ရုံး အဖွဲ့ဝင်လူကြီးများ အစည်းအဝေး၌
ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များနှင့် အတူ
ဩဝါဒပေး၍ ဆုံးဖြတ်တော်မူအပ်သော
ဝိနိစ္ဆယသင်္ခေပ စာတမ်းကို
ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင် ဦးထွန်းလွင်၏
လျှောက်ထား တောင်းပန်မှု အရ
သိလွယ် ပြည့်စုံအောင် ပြုစု ရေးသား အပ်သော
ပုရာဏ ဇီရဏ စေတိယ ပဋိမာဒိသုဒ္ဓ ပဋိသင်္ခရဏ
ဝိတ္ထာရ ဝိနိစ္ဆယ ဒီပနီ—ခေါ်

# ရုပ်ပွားစေတီတော်ကျောင်း
# ပြင်ဆင်မှုအဆုံးအဖြတ်

---

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉—ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့
၁၃၃၆—ခု၊ (သာသနာ—၂၅၁၈) ၁၉၇၄—ခု၊
H 628—A [ဟံသာဝတီ]

# ရုပ်ပွားစေတီတော်ဟောင်း
# ပြင်ဆင်မှုအဆုံးအဖြတ်
# ပုံနှိပ်ခြင်း


ပဉ္စမအကြိမ်　　　　၁၉၇၄–ခု၊ အောက်တိုဘာလ

အုပ်ရေ　　　　၁၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၇၁၄၃)
နောက်ဆက်တွဲ (၇၁၄၃–က)


(ဓမ္မဒါန)


ထုတ်ဝေသူ။　။ဦးထွန်းလွင်၊ ကင်းလွတ်ခွင့်မှတ် ပုံတင်အမှတ်
(၀၂၄၃၃) ဘဏ္ဍာတော်ထိန်းလူကြီး၊ ရွှေတိဂုံ
စေတီတော်၊ ဒဂုံဘုတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ　။　။ဦးဇော်ဝင်း (၀၁၄၀၅)
ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ အမှတ် ၃၄၉၊
ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

(မျက်နှာဖုံး ကာလာပေါင်းဝင်းမှ ရိုက်သည်)

## ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့
## သြဝါဒါစရိယ ဆရာတော်များ
## (၁၉၇၄)

၁။ ဇေယျဝတီ ဆရာတော် ဦးဥက္ကံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်–၈၇၊ ဝါတော်–၆၇။

၂။ မြိတ်ကျောင်းဆရာတော် ဦးအာဒလောက၊ သက်တော် ၈၃၊ ဝါတော်–၆၃။

၃။ စလင်းကျောင်းတိုက် ဆရာတော် ဦးကုမာရ၊ သက်တော်–၈၂၊ ဝါတော်–၆၂။

၄။ ပညာလင်္ကာရကျောင်းဆရာတော် ဦးပညာ၊ သက်တော်–၈၂၊ ဝါတော်–၆၂။

၅။ အောင်မြေသုခကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်–၇၉၊ ဝါတော်–၅၉။

၆။ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ-အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်–၇၇၊ ဝါတော်–၅၇။

၇။ ဗားကရာတောရကျောင်းတိုက်ဆရာတော် ဦးနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော်–၇၆၊ ဝါတော်–၅၆။

၈။ မဟာစည်ဆရာတော် ဦးသောဘန (အဂ္ဂမဟာပဏ္ဍိတ) သက်တော်–၇၂၊ ဝါတော်–၅၂။

၉။ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ဆရာတော် ဦးဒါသဝါဘိဝံသ၊ သက်တော်–၆၆၊ ဝါတော်–၄၆။

(ဃ)

## ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးများ

(၁၈၇၄)

၁။ ဦးမြင့် (ဝဏ္ဏကျော်ထင်)။

၂။ ဦးဘာသော်။

၃။ ဦးဘခင် (ဝဏ္ဏကျော်ထင်)။

၄။ ဦးလှမြင့်(သီရိပျံချီ)။

၅။ ဦးအောင်သိမ်း။

၆။ ဦးထွန်းလှိုင်။

၇။ ဦးအောင်ဇင်။

၈။ ဦးအုန်းဆိုင်။

၉။ ဒေါက်တာအောင်ကြီး။

## ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ နာယက ဆရာတော်များ



ဇေယျဝတီဆရာတော်
ဦးဉက္ကံသ



မြိတ်ကျောင်းဆရာတော်
ဦးအာလောက



စလင်းဆရာတော်
ဦးကုမာရ

## ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ နာယက ဆရာတော်များ



ပညာလင်္ကာရဆရာတော်
ဦးပညာ



အောင်မြေသုခဆရာတော်
ဦးဝိသုဒ္ဓ



ခြောက်ထပ်ကြီးဆရာတော်
ဘဒ္ဒန္တ အာစိဏ္ဏ

ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းအဖွဲ့ နာယကဆရာတော်များ



ဗားကရာတောရဆရာတော်
ဦးနာဂဝံသ



မဟာစည်ဆရာတော်
ဦးသောဘန



မဟာဝိသုဒ္ဓါရုံဆရာတော်
ဦးဝါသဝါဘိဝံသ

ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးများ



ဦးမြင့်(ဝဏ္ဏကျော်ထင်)



ဦးဘသော်



ဦးဘခင်(ဝဏ္ဏကျော်ထင်)

ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးများ



ဦးလှမြင့်(သီရိပျံချီ)



ဦးအောင်သိမ်း



ဦးထွန်းလွင်

## ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးများ



ဦးအောင်ဇင်



ဦးအုန်းဆိုင်



ဒေါက်တာအောင်ကြီး

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | မိုးကြိုးလွှတ်ပစ်ဆင်သောကိစ္စ ပင့်လျှောက်လွှာ | .... | ၁ |
| ၂။ | လျှောက်ထားပုံနှင့်ဩဝါဒပေးပုံ | .... | ၅ |
| ၃။ | သဗ္ဗိဝဗုဒ္ဓချက်းအကျဉ်းဖြေ | .... | ၉ |
| ၄။ | နိဂ္ဂဝဗုဒ္ဓချက်းအကျဉ်းဖြေ | .... | ၁၁ |
| ၅။ | ဗောဓိရက္ခချက်းအကျဉ်းဖြေ | .... | ၁၂ |
| ၆။ | စေတိယချက်းအကျဉ်းဖြေ | .... | ၁၄ |
| ၇။ | ပဋိမာဆင်းတုတော်ချက်းအကျဉ်းဖြေ | .... | ၁၉ |
| ၈။ | ကေစေတိယသန္တက အညစေတိယ ဒါနချက်းအကျဉ်းဖြေ | .... | ၂၀ |


## အကျယ်ပြေဆိုသော သဗ္ဗိဝဗုဒ္ဓချက်း


| | | | |
|---|---|---|---|
| ၉။ | သက်တော်ထင်ရှား မြတ်စွာဘုရား၌ ပြစ်မှားလိုသောစိတ်ဖြင့်ပြုလုပ်သူဒေဝဒတ် အား အာနန္ဒာရိယကံသင့်ပုံ | .... | ၂၉ |
| ၁၀။ | သက်တော်ထင်ရှားမြတ်စွာဘုရား၌ပြစ်မှား လိုသောစိတ်ဖြင့် သေးခြည်ဥပုသူအာနန္တ ရိယကံထိုက်ပုံနှင့် ရှင်ရဟန်းအဖြစ် တားမြစ်ရပုံ | .... | ၃၂ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁။ | ဘုရားအားမကောင်းသော ကိုယ်နှုတ်စိတ် ဖြင့်ပြုလျှင်အပြစ်ရှိပုံ | .... | ၃၄ |
| ၁၂။ | မြတ်စွာဘုရားအားပြစ်မှားသောဒေဝဒတ် မာဂဏ္ဍီ စိဉ္စမာဏဝိကာ သုပ္ပဗုဒ္ဓသကျ ဝတ္ထုများ | .... | ၃၇ |
| ၁၃။ | ပစ္စေကဗုဒ္ဓါအားကျူးလွန်လျှင်လည်း အာနန္တရိယကံထိုက်ကြောင်း | .... | ၄၀ |
| ၁၄။ | အရှင်မဟာမောဂ္ဂလာန်သတ်သူတို့နှင့် အရှင်သာရိပုတ္တရာအား ပြစ်မှားသူ အာနန္တရိယကံထိုက်ပုံ | .... | ၄၁ |
| ၁၅။ | သက်တော်ထင်ရှား မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ဖြင့် ဆရာဇီဝကခွဲစိတ် ကုသ၍ကုသိုလ်တိုးပွားပုံ | .... | ၄၂ |
| ၁၆။ | မာရ်နတ်—မြတ်စွာဘုရားအပေါ်ကြည်ညို လာ၍ကုသိုလ်တိုးပွားပုံ | .... | ၄၄ |
| ၁၇။ | အာဠဝက—ဘုရားကြည်ညိုပုံ | .... | ၄၅ |
| ၁၈။ | သုနေတ္တာပစ္စေကဗုဒ္ဓါ၌ ကြည်ညိုသူများ ကောင်းကျိုးပေးပုံ | .... | ၄၆ |
| ၁၉။ | အရှင်မဟာမောဂ္ဂလာန်--အရှင်သာရိပုတ္တရာ တို့၌ ကြည်ညိုသူများကောင်းရာသုဂတိ ရောက်ပုံ | .... | ၄၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ကောင်းသောကိုယ်နှုတ်စိတ်ဖြင့်ပြုသူများ ကုသိုလ်ပွားပုံ .... | ၄၈ |
| | နိဒ္ဒီဝ—စေတီတော်ခဏ်း | |
| ၂၁။ | ပြစ်မှားလိုသောစိတ်ဖြင့် စေတီ ရုပ်တု ဗောဓိပင်နှင့်ဓာတ်တော်တို့ကို ဖျက်ဆီးသူ အာနန္တရိယကံအလားတူဖြစ်ပုံ .... | ၅၁ |
| ၂၂။ | သာသနာပြုတော်မူပုံများ .... | ၅၂ |
| ၂၃။ | သာသနာနှင့် စေတီစသည်ဖျက်၍အပါယ် လားပုံ .... | ၅၄ |
| ၂၄။ | ပထမသီဟဠသာသနာရောက်ပုံ .... | ၅၅ |
| ၂၅။ | ဌောဠရကျေးလူမျိုးများ သာသနာဖျက်ပုံ .... | ၅၆ |
| ၂၆။ | ဒုတိယသီဟဠ ၁၂—နှစ်ကပ်ဘေးဆိုက်ပုံ .... | ၅၈ |
| ၂၇။ | ပစ္စေကဗုဒ္ဓါနှင့်ရဟန္တာစေတီများဖျက်သူ အကုသလအကျိုးပေးပုံ .... | ၅၉ |
| ၂၈။ | စေတီ၌အင်္ဂတေလိမ်းကျံသောရဟန်း ဒိဋ္ဌဓမ္မအကျိုးပေးပုံ .... | ၆၀ |
| ၂၉။ | ဌာပနာထားသော ဓာတ်တော်များကို စေတီမှရွှေ့ပြောင်းတည်ကောင်းပုံ ... | ၆၂ |
| | ဆင်းတုတော်ခဏ်း | |
| ၃၀။ | ဆင်းတုတော်ပျက်များပြင်ဆင်ရန်နှင့်ကြည်ညို ဘွယ်ကောင်းအောင် ပြုပြင်မွမ်းမံနိုင်ပုံ .... | ၆၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၁။ | ဖန်ဆင်းထားသော နိမ္မိတကိုယ်တော်များလည်း ရုပ်တုတော်၌သွင်းရပုံ | .... | ၆၅ |

**ဗောဓိပင်ခဏ်း**

| | | | |
|---|---|---|---|
| ၃၂။ | ဗောဓိကိုင်း ဖြတ်ကောင်းပုံ | .... | ၆၆ |
| ၃၃။ | ဗောဓိမြစ် ဖြတ်ကောင်းပုံနှင့် ပြုပြင်စီရင်ကောင်းပုံ | .... | ၆၇ |
| ၃၄။ | ဗောဓိပင်နှင့် ဆင်းတုတော် ကျောင်းတန်ဆောင်းတို့ထက် မြတ်ပုံ | .... | ၆၈ |

**ဓာတ်တော်ခဏ်း**

| | | | |
|---|---|---|---|
| ၃၅။ | ဓာတ်တော်ကို အလိုရှိ၍ စေတီဟောင်းစေတီဆွေးတို့ကိုဖြိုဖျက်လျှင် အပြစ်မရှိပုံ | .... | ၇၀ |
| ၃၆။ | ရာဇဂဟာစသော စေတီတို့ကိုဖြို၍ဓာတ်တော်ရှာပုံ | ... | ၇၂ |
| ၃၇။ | စေတီများသည် ဓာတ်တော်တို့၏ ကိန်းဝပ်ရာ တိုက်ခန်းကြုတ်စသည်မည်ပုံ | .... | ၇၃ |
| ၃၈။ | အဇာတသတ္တုမင်း ဓာတ်တော်ပင့်ရာ၌ကြည်ညိုသူ နတ်ပြည်ရောက်ပုံ | .... | ၇၄ |
| ၃၉။ | ဓာတ်တော်များပြစ်မှား၍အပါယ်ရောက်ပုံ | .... | ၇၅ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ထူပါရဟခန်း | | |
| ၄၀။ | စေတီထိုက်သော ပုဂ္ဂိုလ်ထူး ၄–ဦး | .... | ၇၆ |
| ၄၁။ | ဓာတုစေတီတော်များ ပူဇော်လျှင် အကျိုးရပုံ | .... | ၇၇ |
| ၄၂။ | ရဟန်းစစ်မဟုတ်သော်လည်း ဘုရားကို ရည်ရွယ်၍ ရဟန်းပြုသော ပုဂ္ဂိုလ်များ အရဟတ္တဖလရလျှင် ဓာတ်တော်စေတီ ထိုက်ပုံ | .... | ၈၀ |
| ၄၃။ | ပစ္စေကဗုဒ္ဓါ ... ပက္ကုသာတိမင်း၏ ဓာတ်တော် စေတီထိုက်ပုံ | .... | ၈၁ |
| ၄၄။ | ဗိမ္ဗိသာရမင်း ပက္ကုသာတိအလောင်း သင်္ဂြိုဟ်ပြီး စေတီတည်ပုံ | .... | ၈၃ |
| ၄၅။ | သန္တတိ အမတ်ကြီးဝတ္ထု | .... | ၈၄ |
| ၄၆။ | စေတီမထိုက်သော ပုဂ္ဂိုလ်များ | .... | ၈၅ |
| | စေတိယသန္တကခန်း | | |
| ၄၇။ | စေတီတဆူ၏ အပိုပစ္စည်းကို တပါးသော စေတီအား လှူကောင်းပုံ | .... | ၈၇ |
| ၄၈။ | စေတီ၌ ထီးသစ် ထီးဟောင်းစသည်တို့ ဒါယကာမရှိလျှင် စေတီကြီး၏ ဘဏ္ဍာမှ ထုတ်သုံးနိုင်ကြောင်း | .... | ၈၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | စေတီနှင့် စပ်သမျှကို သံဃိက ပစ္စည်းဖြင့် ပြုလုပ်ကောင်းကြောင်း .... | ၈၉ |
| ၅၀။ | စေတီပစ္စည်းအရမ်း မသုံးကောင်းပုံ .... | ၉၀ |
| ၅၁။ | စေတီ ဗောဓိပင် ဝေယျာဝစ္စပြုသူ စေတီ ဗောဓိပင်တို့၌ လှူထားသော ခဲဘွယ် ဘောဇဉ်ကို စားကောင်းပုံ .... | ၉၁ |

## ဓမ္မသန္တကခဏ်း

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂။ | ဓမ္မအား ရည်ရွယ်၍ လှူသောဝတ္ထုများ ဓမ္မဓရရဟန်းတော်များ သုံးဆောင်ကောင်းပုံ .... | ၉၅ |
| ၅၃။ | တရားတော်အား ပူဇော်လိုပါက ဓမ္မဓရ ရဟန်းအား ပူဇော်သင့်ပုံ .... | ၉၆ |
| ၅၄။ | ဗုဒ္ဓသန္တကနှင့် ဓမ္မသန္တက အပြန်အလှန် ပြုပြင်ကောင်းပုံ .... | ၉၇ |
| ၅၅။ | ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်က သင်တို့အား ဆုံးမလတ္တံ့ဟု ဟောကြားပုံ .... | ၁၀၂ |
| ၅၆။ | လောကုတ္တရာ တရားတော်မှတပါး အခြားပူဇော်ဘွယ် ရှိသေးလေးစားဘွယ် မရှိကြောင်း .... | ၁၀၃ |

| ဦးစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ရတနတ္တယ ဂါရဝ အဂါရဝခဏ်း


၅၇။ သက်တော်ထင်ရှားဘုရားနှင့် စေတီတော် ရုပ်တုတော်များ၌ မရှိသေသော အမူအရာများ .... ၁၁၀

၅၈။ စေတီ ဆင်းတုတော်အား မရိုသေပုံ .... ၁၁၁

၅၉။ အာဠဝက ဘီလူးဗိမာန်၌ ဘုရားခေတ္တ သီတင်းသုံးခြင်းနှင့်စပ်သော အကြောင်းအရာ .... ၁၁၄

၆၀။ စေတီတော် ရုပ်တုတော် မထားသော နေရာ၌ ဘိနပ်စီး ထီးဆောင်း၍သွားလာ ကောင်းပုံ .... ၁၁၄

၆၁။ ဘုရားသခင်အမြဲသီတင်းသုံးရာ မြို့တော်များ သာသနာကွယ်လျှင် ဘီလူးများစောင့်သော တော ဖြစ်ပုံ .... ၁၁၆

၆၂။ မြတ်စွာဘုရားများ၏ဗောဓိပင်အပေါ်ကို ဖြတ်သန်း မသွားလာကောင်းပုံ .... ၁၂၁

၆၃။ အထက်ပါ ဝိနိစ္ဆယများအရ ရွှေတိဂုံ စေတီတော်ကြီး၌ ကြည်ညိုဘွယ် သန့်ရှင်း အောင် ပြုလုပ်ရန် အစီအစဉ် .... ၁၂၄

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## နောက်ဆက်တွဲ

၆၄။ ခြောက်ထပ်ကြီးဘုရားကြီးတိုက် နာယက
ဆရာတော်၏ အမိန့်ဩဝါဒ ခြုံချက် .... ၁၂၆
၆၅။ နိုင်ငံတော်ဩဝါဒါစရိယနှင့် ဝိနည်းဓိုရ်
ဆရာတော်များ၏ ဩဝါဒမိန့်ကြားချက် .... ၁၃၀
၆၆။ နိုင်ငံတော်ဩဝါဒါစရိယနှင့်ဝိနည်းဓိုရ်
ဆရာတော်များ .... ၁၃၆
၆၇။ ရှပ်ပွားစေတီတော်များရွှေ့ပြောင်း
တည်ထားခြင်းအကြောင်း .... ၁၃၇
၆၈။ ပခုက္ကူခရိုင်ရေစကြိုမြို့နယ် နေရင်းရွာ
လေးမျက်နှာစေတီတော်ဖျက်ရခြင်း
အကြောင်း .... ၁၃၉
၆၉။ ရှပ်ပွားစေတီတော်ဟောင်း စသည်များ
ပြင်ဆင်မှုအဆုံးအဖြတ်အကျဉ်းစာတမ်း .... ၁၄၁

ပင့်လျှောက်လွှာ

က ဆ•၁ / ရွှေတိဂုံဘုရား မိုးကြိုးလွှဲတပ်ဆင်သောကိစ္စ

စာအမှတ် ၄•၀•၂၁၇၀

ရွှေတိဂုံဘဏ္ဍာတော်ထိန်း

ဒဂုံစာတိုက်၊ ရန်ကုန်မြို့

ဖုံး–၅၀၀၆၀

၁၃၃၂–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၆) ရက်

၁၉၇၀–ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်

သို့–

ဆရာတော် ဦးအာစိဏ္ဏ

ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်

ဆရာတော် အရှင်မြတ်ဘုရား–

ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ ရှိခိုးလျှောက်ထားပါသည် ဘုရား၊ စေတီတော်ကြီးတွင် မိုးကြိုးလွှဲများ တပ်ဆင်ရန် ကိစ္စနှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးများနှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့လူကြီးများ လျှပ်စစ် အင်ဂျင်နီယာများတို့နှင့် တွေ့ဆုံဆွေးနွေးကြလျက် ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလိုပါသောကြောင့် ၁၃၃၂–ခု၊ တန်ဆောင်မုန်းလဆန်း (၇) ရက်၊ (၅–၁၁–၇၀) ကြာသပတေးနေ့၊ ညနေ (၄) နာရီ အချိန် ဘဏ္ဍာတော်ထိန်းအဖွဲ့ရုံးသို့ ကြွလာတော်မူပါရန် အလှည့်ကျ

ဘဏ္ဍာတော်ထိန်းလူကြီး ဦးဘသော်က လျှောက်ထား ပင့်ဘိတ်ပါသည်—ဆရာတော်အရှင်မြတ်ဘုရား။

ဆရာတော်ကြီးများပင့်ရန် မော်တော်ကားကို အချိန်မှီ စေလွှတ်ပါမည်ဘုရား။

ရိုသေစွာဖြင့်
(လှတင်)
အတွင်းရေးမှူး
ရွှေတိဂုံဘဏ္ဍာတော်ထိန်းအဖွဲ့

# အစည်းအဝေးမှတ်တမ်း

## မှတ်တမ်းအမှတ် (၁၆/၇၁)

၁၃၃၂–ခု၊တပေါင်းလဆုတ် ၁–ရက်၊ သောကြာနေ့ မွန်းလွဲ ၃–နာရီ၊

၁၉၇၁–ခု၊ မတ်လ ၁၂–ရက်၊

ကြွရောက်တော်မူသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများ

၁။ အဂ္ဂမဟာပဏ္ဍိတ ဇေယျဝတီဆရာတော် ဦးဥက္ကံသ
၂။ လယ်တီစံကျောင်းဆရာတော် ဦးစန္ဒိမာ
၃။ အဂ္ဂမဟာပဏ္ဍိတ ဗားဂရာတောရဆရာတော်ဦးနာဂဝံသ
၄။ အောင်မြေသုခ ဆရာတော် ဦးဝိသုဒ္ဓ
၅။ အဂ္ဂမဟာပဏ္ဍိတ ခြောက်ထပ်ကြီးဆရာတော်ဦးအာစိဏ္ဏ
၆။ အလယ် တောရ တောင်စွန်းကျောင်း ဆရာတော် ဦးဝါယမ
၇။ စလင်းဆရာတော် ဦးကုမာရ
၈။ မြိတ်ကျောင်း ဆရာတော်ဦးအာလောက

ကြွရောက်လာသည့် ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်လူကြီးမင်းများ

၁။ ဦးသိမ်းမောင်
၂။ ဦးမြင့်
၃။ ဦးဘသော်
၄။ ဗိုလ်မှူးအောင်
၅။ ဦးကိုကို
၆။ ဦးကျော်စိန်

### အမှုဆောင်လူကြီးမင်း ဦးကျော်စိန်

ယနေ့အစည်းအဝေးတွင် လူကြီးမင်းဦးဘသော်အား အစည်းအဝေး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ပြီးလျှင် အောက်ပါ တို့ကို ဆုံးဖြတ်ကြသည်၊

လူကြီးမင်း ဦးဗဂျမ်းက အစည်းအဝေးသို့ မတက်ရောက်နိုင်သဖြင့် အခွင့်တောင်းသည့်အတိုင်း ခွင့်ပြုကြသည်။

ရန်ကုန်မြို့ အမှတ်–၂၆၊ နတ်မောက်လမ်း၊ ဦးသာဝင်းထံမှ ဩဝါဒါစရိယ ဆရာတော်ကြီးများထံသို့ ဆက်ကပ်ရန် အတွက် ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ ပေးပို့သည့် စာကို ဩဝါဒါစရိယ ဆရာတော်ကြီးများသို့ ဆက်ကပ်လိုက်ကြပါသည်။

၁။ တောင်ဘက်အာရုံခံတန်ဆောင်း တဝလိုဏ်ဂူ အတွင်းရှိ ကောဏာဂုံရုပ်ပွားတော်အား ရောင်တော်ဖွင့်သည့်ကိစ္စနှင့် ပတ်သက်၍ လူကြီးမင်း ဦးသိမ်းမောင်နှင့် လူကြီးမင်း ဦးကျော်စိန်တို့က အကျယ်တဝင့် လျှောက်ထားကြ ပြီးလျှင် ကောဏာဂုံရုပ်ပွားတော်မှရရှိသော သားရိုးဘတ်များမှ လှော်၍ရရှိသည့် ရွှေသား အလေးချိန် ၄ဝိ–၁၃ပဲ–၄ ရွှေးသားနှင့် ဥဿဖယား ကျောက်ကြီးတလုံး, ပတ္တမြားကျောက်ကလေးတလုံး ပျောက်ဆုံးသွားသည့် စိန်ချယ်ကလေးအတွက် လူကြီးမင်း ဦးကျော်စိန်က ဘဏ္ဍာစားလှူဒါန်းမည့် အသင့်ပြုလုပ်ထားရှိသော စိန်ချယ်ကလေးကိုပါ ပြသရာ ဆရာတော်ကြီးများက ကြည့်ရှုတော်မူကြသည်။

၂။ လူကြီးမင်း ဦးကျော်စိန် တင်ပြသော အစီရင်ခံစာနှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့မှ ဆုံးဖြတ်ချက် များကို ဆရာတော်ကြီးများ စဉ်းစားတော်မူကြပြီးလျှင် အောက်ပါအတိုင်း ဩဝါဒ ပေးတော်မူကြသည်။

(ပုံ) ဦးဘသော် အစည်းအဝေး ဥက္ကဋ္ဌလူကြီးမင်း

(ပုံ) ဦးကျော်စိန် အမှုဆောင်လူကြီးမင်း

# ရုပ်ပွားစေတီတော်ပေါင်း
# ပြင်ဆင်မှုအဆုံးအဖြတ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**လျှောက်ထားပုံနှင့် ဩဝါဒပေးပုံ**

၁၃၃၂-ခု၊ တန်ဆောင်မုန်းလဆန်း ၇-ရက်၊ (၅/၁၁/၇၀) ကြာသပတေးနေ့ ညနေ ၅-နာရီအချိန် ဘဏ္ဍာတော်ထိန်းအဖွဲ့ ရုံးအစည်းအဝေး၌—

**ဦးဘသော် လျှောက်ထားမှု။** ။ရွှေတိဂုံ စေတီတော်၌ မိုးကြိုးလွှဲ တပ်ဆင်ရာတွင် ကြိုးများ မြဲမြံရန် သံငုတ်လေပင့်များ စိုက်ကောင်း မစိုက်ကောင်း၊ ရိုက်ကောင်း မရိုက်ကောင်း— ဆုံးဖြတ်ပေးတော်မူရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်။ ။စေတီကြီး၌ မိုးကြိုးလွဲတပ်ဆင်ရာဝယ်—
(၁) ကောင်းမြတ်သောစိတ်ထားဖြင့် တပ်ဆင်သလော။
(၂) မကောင်းသော စိတ်ထားဖြင့် တပ်ဆင်သလော။

ဘုရားလူကြီး ဒေါက်တာ ဦးသိမ်းမောင်ဖြေ။ ။ကောင်းမြတ်သော စိတ်ထားဖြင့် တပ်ဆင်ပါသည်ဘုရား။

ဩဝါဒါစရိယဆရာတော်များ ဩဝါဒပေး။ ။ကောင်းမြတ်သော စိတ်ထားဖြင့် တပ်ဆင်လျှင် စေတီတော်မြတ်ကြီး၌ သံငုတ်များ စိုက်၊ လေပင့်များရိုက်ကောင်းသည်။

ဦးဘသော် ထပ်လျှောက်။ ။ငွေတိဂုံစေတီတော်ကြီး၏ အခြံအရံစေတီတော်များ၌ ထီးသစ်လဲ၍ ထီးဟောင်းများ ကျန်ရှိပါ၏၊ မပျက်မစီး ကောင်းမွန်နေသော ထီးဟောင်းများကို ပြင်ဆင်ရွှေချ၍ ယင်းထီးတို့ကို တပါးသော ထီးပျက်စီးနေသော စေတီတို့အား တင်လှူကောင်း၊ မတင်လှူကောင်း— လျှောက်ထားသည်။

ဆရာတော်များဖြေ။ ။ထီးဟောင်းများ တင်လှူကောင်းသည်။

**ပဏာမ ,ပဋိညာ ,ဥယျောဇန**

ယင်းပုစ္ဆာအဖြေနှစ်ခုကို အရင်းမူထား၍ ၁၃၃၂-ခု၊တပေါင်းလဆန်း (၄)ရက်၊ (၂၀/၂/၇၁)နေ့၊

ဆင်းတုတော်များ မျက်နှာတော်၌ မျက်နှာတော်ဖုံးအောင်ချထားသော ရွှေသားရိုးများကိုခွါ၍ ကြည်ညိုဘွယ် ကောင်းလာအောင် ရောင်တော်ဖွင့်ကောင်း၊ မဖွင့်ကောင်းနှင့်—

စီထားသော ကျောက်သားရိုး များကို ခွါ၍ ကောင်းမွန် သပ္ပါယ်လာအောင် ပြုပြင်ကောင်း၊ မပြုပြင်ကောင်း ဟူသော ဘုရားလူကြီး ဦးကျော်စိန်၏ လျှောက်ထားချက်ကို အတွင်း ပြုကာ ရတနာသုံးပါး ဆရာသမားတို့ကို ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပြီး၍—

(၁) စေတီတော်ကြီး၌ မိုးကြိုးလွဲတပ်ဆင်ရာ၌ သံငုတ်ရိုက် ကောင်း၊ မရိုက်ကောင်း။

(၂) စေတီတဆူ၌ ပိုနေသော ထီးများကို တပါးသော စေတီ၌ တင်လှူကောင်း၊ မတင်လှူကောင်း။

(၃) စေတီတဆူ၌ အပိုပစ္စည်းများကို တပါးသောစေတီ၌ ပေးလှူကောင်း၊ မပေးလှူကောင်း။

(၄) ဆင်းတုတော် စေတီပျက်တို့ကို ပြုပြင်ကောင်း၊ မပြု ပြင်ကောင်း။

(၅) ကြည်ညိုဘွယ်မရှိအောင် စိန် ကျောက် မှန်စီ ရွှေချ ထားသော ဆင်းတုတော်တို့မှ ရွှေ စိန် ကျောက် မှန် တို့ကိုခွါ၍ ကြည်ညိုဘွယ် ကောင်းအောင် ပြုပြင် ကောင်း၊ မပြုပြင်ကောင်း—

စသော အမေးပုစ္ဆာတို့ကို အကြောင်းပြု၍ အကျဉ်းသိလွယ် အောင် ပါဠိ, အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်တို့မှ ထုတ်ဆောင် ၍ ပုရာဏ ဇီရဏ ဝိနာသန စေတိယ ပဋိမာ ပုန ပဋိသင်္ခရဏ ပါသာဒိက ပဋိမဏ္ဍန ကေ စေတိယသန္တက အညစေတိယဒါန

သခေ်ပ—အဆုံးအဖြတ် ဖြစ်သော "ပုရာဏ ဇိရဏ စေတိယ ပဋိမာဒိ သင်္ခရ ပဋိသင်္ခရဏ သခေ်ပ ဝိနိစ္ဆယ စာတမ်းခေါ် ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှု အဆုံးအဖြတ်အကျဉ်း ကို ရေးသားပေအံ့။

သူတော်စင် အပေါင်းတို့သည် သေချာစွာ ကြည့်ရှု သုံးသပ်တော်မူကြပါကုန်လော့။

# ၁-သဇီဝဗုဒ္ဓ အခဏ်း
# အကျဉ်း အဖြေ

### ၁-သက်တော်ထင်ရှား မြတ်စွာဘုရား၌ ပြစ်မှား လိုသောစိတ်ဖြင့် ပြုလုပ်သူ အပြစ်ရပုံ

လောဟိတုပ္ပါဒေ တထာဂတဿ အဗောဇ္ဈကာယတာယ ပရူပက္ကမေန- စမ္မစ္ဆေဒံ ကတွာ လောဟိတပဂ္ဃရဏံ နာမ နတ္ထိ။ သရီရဿ ပန အန္တော ယေဝ ဧကသ္မိံ ဌာနေ လောဟိတံ သမောသရတိ။ ဒေဝဒတ္တေန ပဝိဒ္ဓသိလတော ဘိဇ္ဇိတွာ ဂတာ သကလိကာပိ တထာဂတဿ ပါဒန္တံ ပဟရိ။ ဖရသုနာ ပဟဋော ဝိယ ပါဒေါ အန္တော လောဟိတော ယေဝ အဟောသိ။ တထာ ကရောန္တဿ အာနန္တရိယံ ဟောတိ။

(အင်္ဂုတ္တရနိကာယ၊ ဧကနိပါတ အဋ္ဌကထာ၊ အဋ္ဌာနပါဠိ၊ ပဌမဝဂ္ဂဝဏ္ဏနာ၊ ၃၅၅)

လောဟိတံ သမောသရတီတိ အဘိဃာတေန ပကုပ္ပမာနံ သဉ္စိတံ ဟောတိ။

(အင်္ဂုတ္တရဋီကာ၊ ဧကနိပါတ၊ အဋ္ဌာနပါဠိ၊ ပဌမ ဝဂ္ဂ ဝဏ္ဏနာ၊ ၂၁၄)

## မြန်မာပြန် အစိပ္ပါယ် အကျဉ်း

ဒေဝဒတ်သည် မြတ်စွာဘုရားအပေါ်၌ ပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ လုလ္လဖြင့် လိမ့်ချအပ်သော ကျောက်တုံးမှ ပဲ့သွားသော ကျောက်ပြားလေးသည် မြတ်စွာဘုရား၏ ခြေတော်စွန်းကို ခတ်မိသည်ဖြစ်၍ အသားတွင်း၌ သွေးချည်ဥသွား၏၊ ထိုပြစ်မှားလိုသောစိတ်ဖြင့် ပြုလုပ်သော ဒေဝဒတ်အား လောဟိတုပ္ပါဒ အာနန္တရိယကံ ထိုက်၏၊ ထို့ကြောင့် ဒေဝဒတ်သည် သေသည်၏အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်၏။

ထိုဒေဝဒတ်ပုံတူ ပြုလုပ်သော တပါးသော သူအားလည်း သေသည့်အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်သော အာနန္တရိယကံထိုက်၏။

\+ \+ \+

## ၂—သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်၌ ဓားလက်နက်ဖြင့်ခွဲစိတ်ကုသပေးသူ ကုသိုလ်ပွား နတ်ပြည်လားပုံ

ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန စမ္မံ ဆိန္ဒိတွာ တမှာ ဌာနာ ဒုဋ္ဌလောဟိတံ နီဟရိတွာ ဖာသုက မကာသိ။ တထာ ကရောန္တဿ ပုညကမ္မမေဝ ဟောတိ။ (ငင်း အဋ္ဌကထာ၊ ၃၅၅—၃၅၆)

## မြန်မာပြန် အဓိပ္ပါယ်

ဆရာဇီဝကသည် ဒေဝဒတ်လှိမ့်ချအပ်သော ကျောက်တုံးမှ ကျောက်ပြားလေး ခတ်မိရာအရပ်၌ သွေးချည်ဥနေသော သွေးပုပ်သွေးဆိုးတို့ကို ဘုရားအလိုတော်ကျ ရောဂါပျောက်စေလိုသော ကောင်းမြတ်သော စိတ်ရှိသည်ဖြစ်၍ ဓားဖြင့်အရေကို ခွဲစိတ်၍ သွေးပုပ်ပြည်ပုပ်များထုတ်ပြီး ချမ်းသာအောင်ပြုလုပ်ပေး၏၊ ထို့ကြောင့် ဆရာဇီဝကအား ကောင်းမှုပြုလုပ်သူမည်၏။

ဆရာဇီဝကအတူ ကြည်လင်လှစွာသော စိတ်ဖြင့် မြတ်စွာဘုရားကိုယ်တော်၌ မကောင်းသုတ်သင် ကောင်းအောင်ပြုပြင်သောသူအား ပစ္စက္ခကုသိုလ်တိုးပွား– တမလွန်နတ်ပြည်လား– နိဗ္ဗာန်သို့ ရောက်၏။

---

# ၂–နိဗ္ဗိဝဗုဒ္ဓခဏ်း

### စေတီတော် ရုပ်တုတော် ဗောဓိပင် ဓာတ်တော် စသည်တို့၌ ဖြစ်မှားပြုလုပ် အားထုတ်သူများ အကုသိုလ်တိုးပွားပုံ

အထ ယေ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ၊ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ။ ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ။ (ရှင်းအဋ္ဌကထာ ၃၅၆)

မြန်မာပြန် အဓိပ္ပါယ်

မေး။ ။အကြင် ပုဂ္ဂိုလ်တို့သည် မကောင်းသောစိတ်ဖြင့် မြတ်စွာဘုရား၏ စေတီတော် ရုပ်တုတော် ဗောဓိပင်တို့ကိုဖျက်ဆီး ဖြတ်တောက်ကြကုန်၏၊ ဓာတ်တော်၌မကောင်းသဖြင့် လုလ္လပြု ကြကုန်၏၊ ထိုပုဂ္ဂိုလ်အား ဘယ်ကံထိုက်ပါသနည်း။

ဖြေ။ ။မကောင်းသောစိတ်ဖြင့် မြတ်စွာဘုရား၏ စေတီတော် ရုပ်တုတော် ဗောဓိပင်တို့ကို ပျက်စီးအောင် ပြုလုပ်သော ပုဂ္ဂိုလ်,ဖြတ်တောက်သောပုဂ္ဂိုလ်, ဓာတ်တော်၌ မကောင်းသဖြင့် လုလ္လပြုသော ပုဂ္ဂိုလ်တို့အား သေသည်၏အခြားမဲ့၌ အဝီစိငရဲ သို့ကျရောက်တတ်သော အာနန္တရိယကံနှင့် တူသော ဝန်လေး သော— အကုသလကံဖြစ်၏။

---

# ၃-ဗောဓိရက္ခခဏ်း

## ဗောဓိကိုင်းကို ကောင်းမြတ်သောစိတ်ထားဖြင့် သုတ်သင်ကောင်းပုံ

(က) သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။

(ခ) စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။ (ဇင်းအဋ္ဌကထာ)

(ဂ) ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ၊ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။

(ဃ) ဗောဓိဇဂ္ဂနတ္ထံ ဩဇာဟရဏသာခံ ဝါ ပူတိသာခံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိ ယေဝ၊ သရီရ ပဋိဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ။ (ဋင်းအဋ္ဌကထာ)

မြန်မာပြန် အဓိပ္ပါယ်

(က) ဓာတ်တော်ဌာပနာထားသော စေတီ ဘုရား ရုပ်တုတော်တို့ကို ထိုး- နှိပ်စက်နေသော ဗောဓိကိုင်းကို ဖြတ်ကောင်း၏။

( ခ ) စေတီတော်၏အကြည်(ခြေ)အောက်ပလ္လင်ကို ဖျက်ဆီးထိုးသွားသောဗောဓိမြစ်ကိုလည်းဖြတ်ကောင်း၏။

( ဂ ) ဓာတ်တော်ဌာပနာထားသော စေတီ ဘုရား ရုပ်တုတော်တို့၏ ကိန်းဝပ်ရာ ကျောင်း တန်ဆောင်းအုဋ္ဌ တိုက်တို့ကို ထိုးရှဲနှိပ်စက်နေသော ဗောဓိကိုင်းတို့နှင့် အမြစ်တို့ကို ခုတ်ဖြတ်ကောင်း၏။

(ဃ) ဗောဓိပင်လုံး ပင်စည်ကို အသက်ရှည်အောင် စောင့်ရှောက်ခြင်းအကျိုးငှာ အကိုင်းအခက်တွေ ထပ်ပွားရန် အတွက် ဩဇာရှိသော သစ်ကိုင်းစိမ်းနှင့် အကိုင်းအခြောက်၊ အကိုင်းဆွေးတို့ကို ပယ်ရှားခုတ်ဖြတ်ကောင်း၏။

မှတ်ချက်

(ဃ) တွင် အကိုင်းပုပ်၊ အကိုင်းဆွေးတို့ကို သုတ်သင်ခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်နှင့် ဘုရားရုပ်တုတော်တို့ကို သန့်ရှင်းအောင် စောင့်ရှောက်သုတ်သင်သည်နှင့်တူ၏၊ ကုသိုလ်ရ၏။

# ၄-စေတိယခဏ်း

## (၁) ဓာတ်တော်များအလိုရှိ၍သော်၎င်း, ပြင်ဆင်မွမ်းမံလို၍ သော်၎င်း, ဆွေးမြေ့သောအုဋ် အင်္ဂတေတို့ကို ဖယ်ရှား လို၍သော်၎င်း, ကောင်းအောင် အသစ်မွမ်းမံပြင်ဆင် လို၍သော်၎င်း စေတီများဖြိုဖျက်တူးဆွလျှင် အပြစ်မရှိပုံ

ဘန္တေ မယာ စတုရာသီတိ ဝိဟာရသဟဿာနိ ကာရိတာနိ။ ဓာတုယော ကုတော လဘိဿာမီတိ။ မဟာရာဇ ဓာတုနိဓာနံ နာမ အတ္ထီတိ သုဏောမ။ န ပန ပညာယတိ အသုကသ္မိံ ဌာနေတိ။ ရာဇာ ရာဇဂဟေ စေတိယံ ဘိန္ဒာပေတွာ ဓာတုံ အပဿန္တော ပဋိပါကတိကံ ကာရေတွာ ဘိက္ခု ဘိက္ခုနိယော ဥပါသက ဥပါသိကာ ယောတိ စတဿော ပရိသာ ဂဟေတွာ ဝေသာလိံ ဂတော။ တတြာပိ အလဘိတွာ ကပိလဝတ္ထုံ။ တတြာပိ အလဘိတွာ ရာမဂါမံ ဂတော။ ရာမဂါမေ နာဂါ စေတိယံ ဘိန္ဒိတုံ န အဒံသု။ စေတိယေ နိပတိတ ကုဒါလော ခဏ္ဍာခဏ္ဍံ ဟောတိ၊ ဣတိ တတြာပိ အလဘိတွာ အလ္လကပ္ပံ ဝေဌဒီပံ ပါဝံ ကုသိနာရန္တိ သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ ပဋိပါကတိကာနိ ကတွာ ပုန ရာဇဂဟံ ဂန္တွာ စတဿော ပရိသာ သန္နိပါတာပေတွာ အတ္ထိ ကေနစိ သုတပုဗ္ဗံ အသုကဋ္ဌာနေ

နာမ ဓာတု နိဓာနန္တိ ပုစ္ဆိ။(သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်၊ ဓာတုထူပပူဇာဝဏ္ဏနာ ၂၀၅)

## မြန်မာပြန် အဓိပ္ပါယ်အကျဉ်း

### (၁) ဓမ္မာသောကမင်းကြီးမေးလျှောက်ချက်

(က) ဓမ္မာသောကမင်းကြီးသည် ရာဇဂဟာမြို့တော်၌ဣန္ဒဂုတ္တ မဟာထေရ်အမှူးရှိသော (၁) ရဟန်းယောကျ်ား၊ (၂) ရဟန်းမ၊ (၃) ဥပါသကာယောကျ်ား၊ (၄) ဥပါသိကာမ၊ ပရိတ်သတ် (၄)ပါးကို စည်းဝေးစေ၍ "အရှင်မြတ်ဘုရားတို့....တပည့်တော်သည် ဇမ္ဗူဒိပ်တွင် ရှစ်သောင်းလေးထောင်သော စေတီတို့ကို တည်ထားအပ်ပါကုန်ပြီ၊ ယင်းစေတီတို့၌ ဌာပနာရန် ဓာတ်တော်တို့ကို ဘယ်အရပ်မှာ ရပါအံ့နည်း" ဤသို့ မေးလျှောက်၏။

### (၂) ရဟန်းတော်များက ဖြေကြားချက်

(ခ) မြတ်သောမင်းကြီး....ဓာတ်တော်တို့ကို စုရုံး၍ ဌာပနာပြီး ၁စေတီတည်ရာ အရပ်သည်ရှိ၏-ဟု ကြားဘူး၏၊ သို့သော် ဤမည်သောမြို့ရွာ အရပ် စေတီ၌ ဌာပနာထား၏ဟု မထင်ရှား၊ မသိပေ၊ ဤသို့ရဟန်းတော်များက ဖြေကြား၏။

### (၃) ရာဇဂဟစေတီ စသည်ကို တူးဖြို၍ ဓာတ်တော်ရှာပုံ

ထိုအခါ ဓမ္မာသောကမင်းကြီးသည် ရာဇဂဟာမြို့၌ **စေတီတော်**ကိုဖြိုဖျက်၍ ဓာတ်တော်ရှာရာ မတွေ့သဖြင့် စေတီကို ပကတိအတိုင်း တည်ထားခဲ့၏၊ ထို့နောက် ပရိသတ်လေးပါး

ပင့်ဆောင်၍ ဝေသာလီစေတီ,ကပိလဝတ္ထုစေတီ, အလ္လကပ္ပစေတီ, ဝေဌဒီပစေတီ, ပါဝါစေတီ, ကုသိနာရစေတီ-တို့ကို ဖြိုဖျက်၍ ရှာသော်လည်း ဓာတ်တော်များ မတွေ့သဖြင့် ပကတိအတိုင်း တည်ထားခဲ့၏၊ ရာမဂါမရွာ၌ စေတီကို နဂါးတို့က ဖျက်ခွင့် မပေး၊ စေတီ၌ ချအပ်သော ပေါက်တူး တူးရွင်းတို့သည် အပိုင်းပိုင်း ကျိုးပျက်လေတော့၏။

ထို့နောက် (တတြေကော ဝီသဝဿသတိကော ထေရော အသုကဌာနေ ဓာတုနိဓာနန္တိ နဇာနာမိ) စသော ပါဠိအရ မကျေနပ်သဖြင့် တဖန်စည်းဝေး၍ လျှောက်ပြန်ရာ အသက် (၁၂၀) ရှိသော မထေရ်တပါးက အမိန့်ရှိသည်မှာ- ဤမည်သောအရပ်၌ ဓာတ်တော်ဌာပနာရာအရပ်ဟု သေချာစွာမသိပေ၊ သို့သော်လဲ မိမိ (၇) နှစ်သား ရှင်သာမဏေ ဖြစ်စဉ်က ဖခင်မဟာထေရ်က ခေါ်၍ ချုံပုတ်ကြား၌ တဆူသောကျောက်စေတီသို့သွား၍ ပန်းတို့ဖြင့် ပူဇော်ပါ၏၊ ဖခင်မဟာထေရ်မှာခဲ့ ပုံကား "သာမဏေ....ဤကျောက်စေတီကို သေချာစွာမှတ်သားထား"ဟု အမိန့်ရှိခဲ့ပါသည်။

မမှာသောကမင်းမြတ်သည် မဟာထေရ်ပြောသော စကားကြားရ၍ ယင်းအရပ်သို့သွားပြီး ချုံပုတ်ရှင်း၊ အပေါ်ကျောက်စေတီကိုဖြိုဖျက်၍ ဌာပနာတိုက်အတွင်း ကြေးစေတီ, ငွေစေတီ, ရွှေစေတီ- စသည်တို့ကို ဖောက်ထွင်း၍ ဓာတ်တော်များ ပင့်ဆောင်ပြီး ပကတိအတိုင်း တည်ထားခဲ့၏။

## မှတ်ချက်

ဤသံဃာအစည်းအဝေး၌ အရှင်ဣန္ဒဂုတ္တမဟာထေရ်, အရှင်နိဂြောဓ မဟာထေရ်, အရှင်မောဂ္ဂလိပုတ္တတိဿ မဟာထေရ် အမှူးပြုသော ခြောက်သောင်းသော ပိဋကတ်တတ် ရဟန္တာမြတ်ကြီးတွေ ထင်ရှားရှိခဲ့ကြပေ၏။

စေတီကို မဖြိုဖျက်ကောင်းလျှင် ယင်းမထေရ်မြတ်တို့သည် စေတီကိုမဖြိုဖျက်ရန် ပိတ်ပင်တားမြစ်ရမည်၊ ထိုသို့မတားမြစ်ဘဲ စေတီများဖြိုဖျက်၍ ဓာတ်တော်များရှာရာ ကြွရောက်အကူအညီ ပေးတော်မူကြ၏။

---

## (၄) စေတီများသည် ဓာတ်တော်တို့၏ ကိန်းဝပ်ရာ တိုက်ခန်း ကြုတ်စသည်မည်ပုံ

(က) ဥတ္တရ ရာဇပုတ္တော ကိရ သုဝဏ္ဏ စေတိယံ ကာရေတွာ မဟာပဒုမတ္ထေရဿ ပေသေသိ၊ ထေရော နကပ္ပတီတိ ပဋိက္ခိပိ။ (ဒုတိယ ဝိနယပိဋကပါရာဇိက ကဏ္ဍအဋ္ဌကထာ သံဃာဒိသေသကဏ္ဍကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ စာမျက်နှာ—၁၃၀)

(ခ) သုဝဏ္ဏစေတိယန္တိ ဓာတုကရဏ္ဍကံ၊ ပဋိက္ခိပီတိ ဓာတုဥပနတ္ထာယ ဂဏှာထာတိအဝတွာ တုမှာကံ ဂဏှာထာတိ ပေသိတတ္တာ ပဋိက္ခိပိ၊ (ဒုတိယဝိနယပိဋကသာရတ္ထဒီပနိဋီကာ သံဃာဒိသေသကဏ္ဍ ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ စာမျက်နှာ—၃၂၁)

## မြန်မာပြန်အစီပွါယ်

သင်္ချိုင်းစေတီ, အင့်စေတီ, ကျောက်စေတီ, ရွှေစေတီ, ငွေစေတီ,ကြေးစေတီ,သံသွပ်ခဲချိပ်စသော စေတီတို့သည် မြတ်စွာဘုရားသခင်ဓာတ်တော်, ရဟန္တာတို့၏ ဓာတ်တော်ကိန်းဝပ်တည်ရာ ကျောင်းတိုက်ခန်းတော်,ကုတ်တော်များသာ ဖြစ်ပေသည်။

ထိုသို့ စေတီသည် ဓာတ်တော်တို့၏ တည်ရာ ကိန်းဝပ်ရာ ကျောင်းတော်, တိုက်ခန်းတော်, ကုတ်တော်များသာ ဖြစ်၍ စေတီထက် ဓာတ်တော်များကသာလျှင် အမွန်မြတ်ဆုံး ဖြစ်သဖြင့် ဓမ္မာသောကမင်းကြီး၏ ဓာတ်တော်များကို အလိုရှိ၍ စေတီတော်များကို ဖြိုဖျက်၍ ယူသောအခါ ဓာတ်တော်များကသာလျှင် ပဓာနဖြစ်သောကြောင့် အရှင်ဣန္ဒဂုတ္တ မဟာထေရ် အမှူးပြုသော သံဃာ့အစည်းအဝေးက ခွင့်ပြုသည်ဟု ယူဆရသည်။

ဤဓမ္မာသောကမင်းကြီး သာဓကထုံးကို ထောက်ဆ သဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မိုးကြိုးလွှဲတပ်ဆင်ရာဝယ် ဓာတ်ကြိုးများခိုင်မြဲရန် သံငုတ်စိုက်ခြင်း,လေပင့်ရိုက်ခြင်းသည် ပြုလုပ်ကောင်း၏ဟု ယူဆမိပါသည်။

ထိုမှတဖန် စေတီတော်၌ ကပ်ငြိနေသော အညစ်အကြေးတို့ကို သုတ်သင်ခြင်း, ဆွေးမြေ့နေသော အင်္ဂတေ အင့်ဆွေးအင့်ပဲ့ အင့်ကျိုးတို့ကို ထုတ်နုတ်၍ အသစ်မွမ်းမံခြင်း,စေတီအိုစေတီပျက်တို့ကို ဖြိုဖျက်၍ အသစ်မွမ်းမံတည်ဆောက်ခြင်းပြုလုပ်ကောင်း၏ဟု ယူဆသည်။

# ၅-ပဋိမာဆင်းတုတော်ခန်း

## ဆင်းတုတော်များ၌ ကြည်ညိုဘွယ်ဖြစ်အောင် ပြုပြင်နိုင်ပုံ

(က) ကုသိုလ်အလိုရှိသော ပုဂ္ဂိုလ်သည် ကြည်ညို ဘွယ်ကို ဆောင်လိုသောစိတ်ဖြင့် ရွှေဆင်းတု, ငွေဆင်းတု, ကြေးဆင်းတု, ကျောက်ဆင်းတုစသည်တို့၌ အညစ်အကြေးစသည် လိမ်းကျံ ကပ်ငြိ ပေကျံနေခဲ့သည်ရှိသော် ဆပ်ပြာရေတို့ဖြင့် ပွတ်တိုက်ဆေးခြင်း,ငွေဆင်းတု ကြေးဆင်းတုတို့၌ငွေချွတ်ဆေး,ကြေးချွတ်ဆေးတို့ဖြင့် ပြောင်အောင်ပွတ်တိုက်ခြင်း,ကြေးဆင်းတု ကျောက်ဆင်းတုတို့၌ အကွက်ထသောနေရာ, ညိုမဲဗြုတ်ထနေသော နေရာတို့ကို သဲဆပ်ပြာ အင်္ဂမှုန့်တို့ဖြင့် ပွတ်တိုက်ခြင်း,ကော်ပတ် စသည်တို့ဖြင့် စားခြင်းတို့ကို ကြည်ညိုဘွယ် ဖြစ်အောင် ပြုလုပ် ခြင်းနှင့် ကြည်ညိုဘွယ်ဖြစ်အောင် ရွှေချခြင်း, ကျောက်စသည်စီခြယ်ခြင်း အမှုများ ပြုလုပ် ကောင်း၏။

(ခ) ကြည်ညိုဘွယ် မဖြစ်အောင် ခြယ်စီထားသော ရွှေ ကျောက် စသည်တို့ကို ခွာကောင်း၏။

သ ၂၀က--ဗောဓိပင်အခန်းတွင် ၄/ (ဃ)၌"သရီရပဋိဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ" ဟူသော ပါဠိအရ ပြုလုပ် ကောင်း၏။

(ဂ) ကျိုးပဲ့ပျက်စီးနေသော ဆင်းတုတော်များကို ပြင်ဆင် ကောင်းကြောင်း။ ။ကုသိုလ် အလိုရှိသော အမျိုးကောင်း သားသည် ကြည်ညိုဘွယ်ဖြစ်စေလိုသော စိတ်ဖြင့် ခေါင်းကျိုး

ခြေကျိုး လက်ကျိုး တပိုင်းတစ ကျိုးပြတ်နေသော ရွှေ ငွေ ကြေး ကျောက် သစ် ဆင်းတုတို့၌ မကောင်းသော အစွန်းအစ အဖုများကို ဖြတ်တောက်ပယ်ရှား၍ ကောင်းသော ဦးခေါင်း, ကောင်းသော ခြေလက် နားရွက် နှာခေါင်းစသည် ့တပ်ဆင်ခြင်းတို့ကို ကြည်ညိုဘွယ်ဖြစ်အောင် ပြုလုပ်ကောင်း၏။

**သာဓကကာ။** ။ဗောဓိဇင္ဂနုတ္တံ သြဇာဟရဏာသာခံ ဝါ ပုတ္တိသာခံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိ စသော ပါဠိ အရပင်တည်း။

[မှတ်ချက်] ဆင်းတုတော် ကောင်းများ မဖျက်ကောင်း။ ဖျက်လျှင် အပြစ်ကြီးလေးသည်။

---

# ၆-ဝေကစေတိယသန္တက အညစေတိယ ဒါနခဏ်း

## (၁) စေတီတပါး လှူထားသောပစ္စည်းကို စေတီတပါး အား ရွှေ့ပြောင်း လှူဒါန်းကောင်းကြောင်း

**သာဓက။** ။ဧကဿ စေတိယဿ ပန ဧကသ္မိံ စေတိယေ ပူဇိတံ ပုပ္ဖံ ဂဟေတွာ အညသ္မိံ စေတိယေ ပူဇေတုံ–ဝဋ္ဋတိ။

(သာရတ္ထဋီကာ ဒုတိယတွဲ၊ ပရိဏာတသိက္ခာပဒဝဏ္ဏနာ၊ ၄၄၇)

\+ \+ \+

(၂) စေတီတဆူ၏ အကြွင်းအကျန် ထီးတံခွန် ကုက္ကား စသည်တို့ကို စေတီတဆူအား လှူဒါန်းကောင်းကြောင်း

သာဓက။ ။ကေသာ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပေတွာ ဌိတံ ဒိသွာ သေသံ အည စေတိယဿ ဒါပေတုံ ဝဋ္ဋတိ။

(ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ဒုတိယ ပရိဇာတ သိက္ခာပဒ ဝဏ္ဏနာ၊ ၃၀၂)

\+ \+

(၃) စေတီ၌ ထီးသစ်ထီးဟောင်း စသည်တို့ကို ဒါယကာရှာ ပြုလုပ်စေလျက် လုံးဝမရှိလျှင် စေတီကြီးဘဏ္ဍာမှ ထုတ်၍သုံးနိုင်ကြောင်း

(က) သာဓက။ ။စေတိယေ ဆတ္တံ ဝါ ဝေဒိကံ ဝါ ဗောဓိဃရံ ဝါ အာသနဃရံ ဝါ အကတံ ဝါ ကရောန္တေန ဇိဏ္ဏံဝါ ပဋိသင်္ခရောန္တေန သုဓာကမ္မံ ဝါ ကရောန္တေန မနုဿေ သမာဒပေတွာ ကာတုံ ဝဋ္ဋတိ။

(ဝိနယ ပိဋက ပရိဝါရ အဋ္ဌကထာ၊ ပဉ္စဝဂ်၊ ကမ္မဝဂ်ဝဏ္ဏနာ၊ ၂၅၄)

(ခ) စေတိယဿ ဥပနိက္ခေပတောတိ စေတိယေ နဝကမ္မတ္ထာယ ဥပနိက္ခိတ္တတော ဖစေတိယသန္တကတောတိ ဝုတ္တံ ဟောတိ။

(သာရတ္ထဒီပနီဋီကာ၊ တတိယ အပလောကနကမ္မကထာဝဏ္ဏနာ၊ ၄၉၃)

## ၂၂ ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှုအဆုံးအဖြတ်

(ဂ) ဥပနိက္ခေပတောတိ စေတိယပဋိမာဂဗ္ဘနတ္တာဝါယ ဝတ္ထူယာ ပယောဇေတွာ ကပ္ပိယကာရကေဟိ ဌပိတ ဝတ္ထုတော။
(ဝိမတိ ဝိနောဒနီ ဋီကာ၊ သင်္ဂဟ—ဝဂ္ဂ၊ အပ—လောကနကမ္မကထာဝဏ္ဏနာ—၃၁၈)

### အဝိပ္ပါယ် အကျဉ်း

(က) စေတီ၌ မပြုလုပ်ရသေးသော ထီး ပွတ်တိုင် ဗောဓိကျောင်း ဆင်းတုတော် ကိန်းဝပ်ရာကျောင်း (၀၁) လူများ ဘုရားဝတ်ပြုရာ တန်ဆောင်း စသည်တို့ကို အသစ်ပြုလုပ်ရာနှင့် ဆွေးမြေ့နေသော ထီး ပွတ်တိုင် ဗောဓိကျောင်း ဆင်းတုတော် ကိန်းဝပ်ရာ ကျောင်းတို့ကို ပြုပြင်ခြင်း, အင်္ဂတေ မြေညက်ဖြင့် မွမ်းမံခြင်းတို့၌ လူတို့ကို ဆောက်တည်စေ၍ အလှူဒါယကာ ပြုလုပ်စေရမည်။

(ခ) ထီး ပွတ်တိုင် စသည်တို့ကို ပြုပြင်ရာ၌ လှူဒါန်းမည့် ဒါယကာ မရှိခဲ့သော် မူလပင်ရင်း စေတီတော်ကြီး၏ ဘဏ္ဍာတော်မှထုတ်၍ ပြုလုပ်ရမည်။

ပုံစံထုတ်မည်ဆိုသော်။ ။ရွှေတိဂုံ စေတီကြီး၏ ရင်ပြင်တော်၌ အခြံအရံတန်းဆာဆင်ထားသော စေတီ တန်ဆောင်း ထီး တံခွန် စသည်တို့ ပျက်စီးနေခဲ့သည်ရှိသော်

ပြုပြင်မည့် ဒါယကာမရှိက ရွှေတိဂုံစေတီတော်ကြီး၏ ဘဏ္ဍာတော်မှ ထုတ်၍ ပြုပြင်ရမည်။

**ဘဒ္ဒန္တအာစိဏ္ဏ**
**(ရေးသားသူ)**
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
ရွှေဂုံတိုင်လမ်း
ရန်ကုန်မြို့။

၁၃၃၂—ခု၊ တပေါင်းလဆန်း (၁၅) ရက်၊ ကြာသပတေးနေ့၊ (၁၁/၃/၇၁)။

၁။ ဇေယျဝတီဆရာတော် ဦးဉက္ကံသ
၂။ စလင်း ဆရာတော် ဦးကုမာရ
၃။ မြိတ်ကျောင်း ဆရာတော် ဦးအာလောက
၄။ လယ်တီစံကျောင်း ဆရာတော် ဦးစန္ဒိမာ
၅။ အောင်မြေသုခကျောင်း ဆရာတော် ဦးဝိသုဒ္ဓ
၆။ ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ
၇။ အလယ်တောရ တောင်စွန်းကျောင်း ဆရာတော် ဦးဂါယာမ
၈။ ဗားကရာတောရ ဆရာတော် ဦးနာဂဝံသ

**ရုပ်ပွားစေတီတော်ဟောင်းပြင်ဆင်မှု**
**အကျဉ်းအဆုံးအဖြတ်ပြီး၏။**

# ရုပ်ပွားစေတီတော်ဟောင်း
# ပြင်ဆင်မှု
# အကျယ်အဆုံးအဖြတ်

## အဘိဓာဝင်ကနှင့် ပဋိညာ

### နမော တဿ ဘဂဝတော အရဟတော

### သမ္မာသမ္ဗုဒ္ဓဿ

### ဦးထွန်းလွင် လျှောက်ထားစာ

ရွှေတိဂုံ ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီး ဦးထွန်းလွင်က စေတီတော်၊ ရုပ်တုတော်၊ ပုထိုးတော်၊ ဆင်းတုတော်များနှင့် တန်ဆောင်း ဇရပ် ဓမ္မာရုံ—စသော ဗုဒ္ဓသန္တက ဓမ္မသန္တကများကို ပြုပြင်စောင့်ရှောက် ဝေယျာဝစ္စ ပြုကြသူ ရက္ခက ဂေါပက များသည် ဝေယျာဝစ္စ ကုသိုလ်တော်များ ပြုရာ၌—

(၁) ဆောင်ရွက်သင့်— မဆောင်ရွက်သင့်၊

(၂) ပြုပြင်သင့်—မပြုပြင်သင့်၊

(၃) ပြုလုပ်ကောင်း—မပြုလုပ်ကောင်း—

စသော ဝိဝါဒကွဲပြားသော အချက်များအပေါ် တပည့်တော်များ ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင်များသည် ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်များထံ အကြောင်း အားလျော်စွာ အခါကာလ အားလျော်စွာ လျှောက်ထားခဲ့ကြ၍ ဩဝါဒါ စရိယဆရာတော် အရှင်မြတ်များက မိန့်ဆိုဩဝါဒပေးခဲ့သော ဩဝါဒများ၊ မိန့်ဆိုချက် ဆုံးမချက် သွန်သင်ချက် များကို သက်ရှိထင်ရှား ဗုဒ္ဓနွယ်ဝင်များ၊ ရက္ခက ဂေါပကများ သိသင့် သိထိုက် လိုက်နာသင့်လိုက်နာထိုက် ပြုသင့်ပြုထိုက်သည်များဖြစ် ပါ၍ ကျမ်းတစောင် စာတအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခွင့်ပြုပါ ရန် လျှောက်ထားတောင်းပန်သည်နှင့်အညီ—

## ၂၈ ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှုအဆုံးအဖြတ်

ဆရာတော်သည် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း– ရက္ခက ဂေါပကလူကြီးများအား အကြောင်း အားလျော်စွာ အခါကာလ အားလျော်စွာ ဩဝါဒါစရိယ ဆရာတော် အရှင်သူမြတ်အပေါင်း စုပေါင်းဩဝါဒပေးတော်မူခဲ့သော ဩဝါဒ အကျဉ်းများကို သိလွယ်အောင် ပြည့်စုံအောင် ဘုရားဟော ဒေသနာတော်၌ ဘုရားသခင်မိန့်တော်မူအပ်သော ပိဋက-ပါဠိ, အဋ္ဌကထာ, ဋီကာ စသော ကျမ်းဂန်တို့၌ သုံးသပ်ဆင်ခြင် လတ်၍ ဤ"**ပုရာဏ– ဇီရဏ– စေတိယ– ပဋိမာဒိ–သုန္ဒရ–ပဋိသင်္ခရဏ– ဝိတ္ထာရဝိနိစ္ဆယ စာတမ်း**"ခေါ် ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှုအဆုံးအဖြတ်ကို စေတီတော်, ပုထိုးတော်, ရုပ်ပွားတော်,ဆင်းတုတော်များနှင့် တန်ဆောင်းများ,ဇရပ်များ, ဓမ္မာရုံများ–စသော ဗုဒ္ဓသန္တက,ဓမ္မသန္တကများကို ပြုပြင်စောင့်ရှောက် ဝေယျာဝစ္စ ကုသိုလ်ပြုကြသူ ရက္ခက ဂေါပကအပေါင်းနှင့် သက်ရှိထင်ရှား ဗုဒ္ဓနွယ်ဝင်များ ဝေယျာဝစ္စကုသိုလ်ထာဝရ ကုသိုလ်များ ပြုကြရာတွင် အထောက်အပံ့ ရကြစေရန် ပြုစု ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

**ဘဒ္ဒန္တအာစိဏ္ဏ**
**အဂ္ဂမဟာပဏ္ဍိတ–ဘဒ္ဒန္တအာစိဏ္ဏ**
**ခြောက်ထပ်ကြီး ဘုရားကြီးတိုက်။**

၁၃၃၅–ခု၊ နတ္တော်လဆုတ် ၁၀–ရက် (၁၉–၁၂–၇၃)
ပြီးသည်။

# ၁-သဇ္ဈိဝဗုဒ္ဓ အခဏ်း
# အကျယ်အဖြေ

## ၁-သက်တော်ထင်ရှား မြတ်စွာဘုရား၌ ပြစ်မှားလိုသောစိတ်ဖြင့် ပြုလုပ်သူ ဒေဝဒတ်အား အာနန္တရိယကံ သင့်ပုံ

(၈-၁) တေန ခေါ ပန သမယေန ဘဂဝါ ဂိဇ္ဈကူဋဿ ပဗ္ဗတဿ ဆာယာယံ စင်္ကမတိ။ အထခေါ ဒေဝဒတ္တော ဂိဇ္ဈကူဋံ ပဗ္ဗတံ အာရုဟိတွာ မဟတိံ သိလံ ပဝိဇ္ဈိ။ "ဣမာယ သမဏံ ဂေါတမံ ဇီဝိတာ ဝေါရောပေဿာမီတိ"။

ဒွေ ပဗ္ဗတကူဋာ သမာဂန္တွာ တံ သိလံ သမ္ပဋိစ္ဆိံသု။ တတော ပပတိကာ ဥပ္ပတိတွာ ဘဂဝတော ပါဒေ ရုဟိရံ ဥပ္ပါဒေသိ။ အထခေါ ဘဂဝါ ဥဒ္ဓံ ဥလ္လောကေတွာ ဒေဝဒတ္တံ ဧတဒဝေါစ "ဗဟုံ တယာ မောဃပုရိသ အပုညံ ပသုတံ၊ ယံ တွံ ဒုဋ္ဌစိတ္တော ဝဓကစိတ္တော တထာဂတဿ ရုဟိရံ ဥပ္ပါဒေသီ" တိ။

အထခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ "ဣဒံ ဘိက္ခဝေ ဒေဝဒတ္တေန ပဌမံ အာနန္တရိယံ ကမ္မံ ဥပစိတံ၊ ယံ ဒုဋ္ဌစိတ္တေန ဝဓကစိတ္တေန တထာဂတဿ ရုဟိရံ ဥပ္ပါဒိတ"န္တိ။ (စူဠဝဂ္ဂ ပါဠိတော်၊ လောဟိတုပ္ပါဒက-၃၅၄)

(က-၂) ကေသို ပန သမယေ ဒေဝဒတ္တော အဇာတသတ္တုနာ သဒ္ဓိံ ကေတော ဟုတွာ ဂိဇ္ဈကူဋံ အဘိရုဟိတွာ ပဒုဋ္ဌစိတ္တော သတ္ထာရံ ဝဓိဿာမီတိ သိလံ ပဝိဇ္ဈိ၊ တံ ဒွေ ပဗ္ဗတကူဋာနိ သမ္ပဋိစ္ဆိံသု။ တတော ဘိဇ္ဇိတွာ ဂတာ ပပတိကာ ဘဂဝတော ပါဒံ ပဟရိတွာ လောဟိတံ ဥပ္ပါဒေသိ။

(ဓမ္မပဒအဋ္ဌကထာ၊ ၇—အရဟန္တဝဂ္ဂ၊ ၁—ဇီဝကပဋ္ဌဝတ္ထု၊ ၃၇၂)။

(ခ) လောဟိတုပ္ပါဒေ တထာဂတဿ အဘေဇ္ဇကာယတာယ ပရူပက္ကမေန စမ္မစ္ဆေဒံ ကတွာ လောဟိတပဂ္ဃရဏံ နာမ နတ္ထိ။

(ဂ) သရီရဿ ပန အန္တော ယေဝ ကေသို ဌာနေ လောဟိတံ သမောသရတိ။ ဒေဝဒတ္တေန ပ ဝိဒ္ဓသိလတော ဘိဇ္ဇိတွာ ဂတာ သကလိကာပိ တထာဂတဿ ပါဒန္တံ ပဟရိ၊ ဖရသုနာ ပဟဋော ဝိယ ပါဒေါ အန္တော လောဟိတောယေဝ အဟောသိ၊ တထာကရောန္တဿ အာနန္တရိယံ ဟောတိ။

၁—အင်္ဂုတ္တရနိကာယ၊ ဧကနိပါတ အဋ္ဌကထာ၊ အဋ္ဌာနပါဠိ၊ ပဌမဝဂ္ဂဝဏ္ဏနာ၊ ၃၅၅)

၂—သမ္မောဟ ဝိနောဒနီ၊ ဉာဏဝိဘင်္ဂ ဒသက နိဒ္ဒေသဝဏ္ဏနာ၊ ၄၀၇)

၃—ဝိနယ သာရတ္ထဋီကာ၊ မဟာခန္ဓက၊ မာတုဃာတကာဒိ ဝတ္ထုကထာ ဝဏ္ဏနာ၊ တတွဲ၊ ၂၆၁)

၄—လောဟိတံ သမောသရတီတိ အဘိဃာတေန ပကုပ္ပမာနံ သဋ္ဌိတံ ဟောတိ။

(အင်္ဂုတ္တရ ဋီကာ၊ ပဌမ၊ ကေနိပါတပါဠိ၊ ပဌမဝဂ္ဂဝဏ္ဏနာ၊ ၂၁၄)

(က-၁-၂) ပါဠ် အဓိပ္ပါယ်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ဂိဇ္ဈကုဋ်တောင် ရိပ်၌ စင်္ကြံ လျှောက်နေစဉ် ဒေဝဒတ်သည် အဇာ တသတ် မင်းသားနှင့် ပေါင်းလျက် ဤကျောက်တုံးဖြင့် ရဟန်းဂေါတမ ကို အသက်မှ ချုအံ့ဟု သေစေလိုသောစိတ်ဖြင့် ဂိဇ္ဈကုဋ်တောင် ပေါ်မှ လှိမ့်ချလိုက်သော ကျောက်လုံးကို ဘုရားတန်ခိုးတော် ကြောင့် တောင်ထွဋ်နှစ်ခုက ပေါင်းစုခံလိုက်သည် ရှိသော်— လှိမ့်ချသော ထိုကျောက်တုံးမှ ကျောက်လွှာ ကွာပြန်တက်၍ ဘုရားခြေတော်၌ ထိ၍ သွေးခြည်ဥတော်မူပြီ။

မြတ်စွာဘုရားသည်လည်း ရဟန်းတို့....ပြစ်မှားလိုသောစိတ်, သတ်လိုသောစိတ်ဖြင့် မြတ်စွာဘုရားအား အကြင်သွေးကို ဖြစ် စေအပ်၏၊ ဒေဝဒတ်သည် ရှေးဦးစွာသော အာနန္တရိယဖြစ် သော ဤကြီးလေးသောကံကို ဆည်းပူးအပ်ပြီ၊ ဤသို့-ရဟန်း တို့ကို မိန့်တော်မူ၏။

(ခ) ပါဠ် အဓိပ္ပါယ် အကျဉ်း

မြတ်စွာဘုရား၏ မပျက်စီးနိုင် မပေါက်ကွဲနိုင်သော ကိုယ် တော်ရှိသည်၏ အဖြစ်ကြောင့် သူတပါးလုလ္လဖြင့် အရေကို ဖြတ်၍ သွေးယိုစီးခြင်းသည် မဖြစ်နိုင်ကောင်းပေ။

(ဂ) ပါဋ္ဌ် အဓိပ္ပါယ် အကျဉ်း

သို့သော်လည်း ကိုယ်တော်၏ အရေအတွင်း ကျောက်စွန်း ထိခိုက်မိသော ဒဏ်ရာဒဏ်ချက်ရှိသော ခြေတော်စွန်းအရပ်၌ မကောင်းသောသွေးတွေ စုဝေးနေ၏။ ထို့ကြောင့် ဒေဝဒတ်အား အာနန္တရိယကံ ထိုက်၏။

အာနန္တရိယကံ အကျိုး

ဒေဝဒတ်သည် မြတ်စွာဘုရားအား သွေးခြည်ဥအောင် ပြုမိသဖြင့် အာနန္တရိယကံ ထိုက်သောကြောင့်သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်ရ၏။

\+ \+ \+

၂။ သက်တော်ထင်ရှား ဘုရား၌ ဖြစ်မှားလိုသောစိတ်ဖြင့် သွေးခြည်ဥပြုသူ အာနန္တရိယကံထိုက်ပုံနှင့် ရှင်ရဟန်းအဖြစ်တားမြစ်ရပုံ

(က) လောဟိတုပ္ပါဒကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။

(ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိ၊မဟာခန္ဓက၊ ဘိက္ခုနီဒူသက ဝတ္ထု၊ ၁၂၃)

လောဟိတုပ္ပါဒကော ဘိက္ခဝေတိ ဓတ္တော<sub></sub>ပိ ယော ဒေဝဒတ္တော ဝိယ ဒုဋ္ဌစိတ္တေန ဝဓကစိတ္တေန တထာဂတဿ ဇီဝမာနကဿရီရေ ခုဒ္ဒကမက္ခိကာယ ပိဝနကမတ္တမ္ပိ လောဟိတံ ဥပ္ပါဒေတိ၊ အယံ လောဟိတုပ္ပါဒကော နာမ။ တေဿ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ ဝါရိတာ။

(ဝိနယပိဋက မဟာဝဂ္ဂအဋ္ဌကထာ မဟာခန္ဓက မာတုဃာတကာဒိဝတ္ထုကထာ ဝဏ္ဏနာ၊ ၃၀၅)

(ခ) ဒုဋ္ဌစိတ္တေနာတိ ဝုတ္တမေဝတ္ထံ ဝိဘာဝေတိ။ ဝဓကစိတ္တေနာတိ ဝဓကစေတနာယ ဟိ ဒုဿိတစိတ္တံ ဣမ ဒုဋ္ဌစိတ္တံ နာမ။

(သာရတ္ထ၊တ—တွဲ၊မဟာခန္ဓက၊ မာတုဃာတကာဒိဝတ္ထုကထာဝဏ္ဏနာ၊ ၂၁၆)။

(ဂ) ပဒုဋ္ဌစိတ္တောတိ ဝဓကစိတ္တေန ပဒုဋ္ဌစိတ္တော။ လောဟိတံ ဥပ္ပါဒေယျာတိ ဇီဝမာနကသရီရေ ခုဒ္ဒကမက္ခိကာယ ပိဝနကမတ္တံမ္ပိ လောဟိတံ ဥပ္ပါဒေယျ။

(အင်္ဂုတ္တရ နိကာယ၊ ကေနိပါတ အဋ္ဌကထာ၊ အဋ္ဌာန ပါဠိ၊ ပဌမဝဂ္ဂဝဏ္ဏနာ၊ ၃၅၄)

အဓိပ္ပါယ်

(က) ဒေဝဒတ်သည် ဘုရားအား သေစေလိုသော ကိုယ်အမူအရာ စိတ်အမူအရာဖြင့် သွေးခြည်ဥအောင် ပြုလုပ်သဖြင့် လောဟိတုပ္ပါဒ အာနန္တရိယကံ ထိုက်သလို တပါးသောသူလည်း သေစေလို ပျက်စီးစေလိုသော ကိုယ်အမူအရာဖြင့် ဘုရားအား သွေးခြည်ဥအောင် ပြုလုပ်ခဲ့သော် အာနန္တရိယကံ ထိုက်၏၊ ထိုပုဂ္ဂိုလ်အား ရှင်အဖြစ်, ရဟန်းအဖြစ်ကို တားမြစ်အပ်၏။

ကြွင်းသော က—ခ—ဂ ပါဌ်များ၏ အဓိပ္ပါယ်ကား ရှေ့နှင့်တူ၏။

\+ + +

## ၃-ဘုရားအားမကောင်းသောကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလျှင်အပြစ်ရှိပုံ

(က) မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနော သေဋ္ဌာ မနော မယာ။
မနသာ စေ ပဒုဋ္ဌေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ မန္ဒေတိ၊
စက္ကံဝ ဝဟတော ပဒံ။

### ဂါထာအနက်

ဓမ္မာ၊ ဝေဒနာ သညာ သင်္ခါရ-ဟုဆိုအပ်သော စေတသိက် နာမ်ခန္ဓာသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဟုဆိုအပ်သော ဝိညာဏ်လျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ အကြီးအကဲ၏ အစွမ်းအားဖြင့် စိတ်လျှင်မြတ်ခြင်းရှိကုန်၏။မနောမယာ၊စိတ်ဖြင့် ပြီးကုန်၏။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ပဒုဋ္ဌေန၊ အာဃာတ ဖြစ်သော အဘိဇ္ဈာအစရှိသော အပြစ်တို့ဖြင့် ဖျက်ဆီးအပ်သော။ မနသာ၊ အကုသိုလ်စိတ်ဖြင့်။ စေ ဘာသတိဝါ၊ အကယ်၍ လေးပါးသောဝစီဒုစ္စရိတ်ဖြင့် ပြောမူလည်းပြောဆိုခဲ့ငြားအံ့။ စေကရောတိဝါ၊အကယ်၍ သုံးပါးသောကာယဒုစ္စရိတ်ဖြင့် ပြုမူလည်း ပြုခဲ့ငြားအံ့။ တတော၊ သုံးပါးအပြားရှိသော ထိုဒုစ္စရိတ်ကြောင့်။ နံ ပုဂ္ဂလံ၊ အကုသလကမ္မပထ ဆယ်ပါး ပြုလုပ်သော ထိုပုဂ္ဂိုလ်သို့။ ဒုက္ခံ၊ လှည်းတည်းဟူသောဝန်ကို။ ဝဟတော၊ ရွက်ဆောင်သော နွားလား၏။ ပဒံ၊ ခြေရာအစဉ်သို့။

စက္ကံ၊ လှည်းဘီးစက်သည်။ အန္ဓေတိ ဣဝ၊အစဉ်လိုက်ဘိ သကဲ့သို့။ ဝေံ၊ ဤအတူ။ ဒုက္ခံ၊ ကာယဒုဒ္ဒါရ,မနောဒုဒ္ဒါရတို့၌ဖြစ်သောဆင်းရဲ အကျိုးအမျိုးမျိုးသည်။အန္ဓေတိ၊ အစဉ်တစိုက် နောက်ကလိုက် နေ၏။

## က–ဂါထာအဓိပ္ပါယ်

ဤဓမ္မပဒ စက္ခုပါလမထေရ်ဝတ္ထုအရ ပဒုဋ္ဌစိတ္တ – ဖျက်ဆီး လိုသောစိတ်ရှိသောသူ, အပ္ပသန္နစိတ္တ–မကြည်လင်မသန့်ရှင်းသော စိတ်ရှိသောသူ, အသုန္ဒရစိတ္တ–မကောင်းသော စိတ်ရှိသောသူ, အယောနိသောမန သိကာရ–မိစ္ဆာဉာဏ်သက်ဝင်၍ မသင့်မတင့် မကောင်းသော လုပ်ငန်းအကြောင်းအားဖြင့် စိတ်၌တည်ထား ပြုလုပ်သောသူများသည် လှည်းဝန်ဆောင်နွားလားခြေရာနောက် လှည်းဘီးစက် တကောက်ကောက် လိုက်နေသလို အကုသိုလ်တွေ တကောက်ကောက်လိုက်နေ၏။

(ခ) ဌာနဥ္စ ခေါ တော် ဘိက္ခဝေ ဝိဇ္ဇတိ၊ယံ ကာယဒုစ္စရိတ သမင်္ဂီတန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပ-ပဇ္ဇေယျ။ ဌာနမေတံ ဝိဇ္ဇတိ၊ ယံ ဝစီဒုစ္စရိတ-သမင်္ဂီ (ပ) ယံ မနောဒုစ္စရိတ သမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျ။ ဌာနမေတံ ဝိဇ္ဇတိ။

(အင်္ဂုတ္တရနိကာယ၊ ဧကနိပါတ၊ အဋ္ဌာနပါဠိ၊ တတိယဝဂ္ဂ :၃၁)

## ခ—ပါဠိအနက်

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဒုစ္စရိတသမင်္ဂီ၊ ကာယဒုစ္စရိတ်သုံးပါးတို့နှင့် ပြည့်စုံသောသူသည်။ ဝစီဒုစ္စရိတသမင်္ဂီ၊ ဝစီဒုစ္စရိတ်လေးပါးတို့နှင့် ပြည့်စုံသောသူသည်။ မနောဒုစ္စရိတ သမင်္ဂီ၊ မနောဒုစ္စရိတ်သုံးပါးတို့နှင့် ပြည့်စုံသောသူသည်။ တန္နိဒါနာ တပ္ပစ္စယာ၊ ကာယ ဝစီ မနော ဒုစ္စရိတ်သုံးပါးတို့တွင် တပါးပါး သော ဒုစ္စရိတ်နှင့် ပြည့်စုံခြင်းတည်းဟူသော ထိုအကြောင်းကြောင့်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်အခါ၌။အပါယံ၊ ချမ်းသာကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏လားရာဖြစ်သော။ ဝိနိပါတံ၊ ဖရိုဖရဲ ပျက်စီး၍ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ယံ ဥပပဇ္ဇေယျ။ အကြင်ကပ်ရောက်ရာ၏။ ဧတံ ဌာနံ၊ ကပ်ရောက်ရခြင်း၏ ဤအကြောင်းသည်လည်း။ဝိဇ္ဇတိ၊ ရှိ၏။ ဧတံဌာနံ၊ သည်။ ဝိဇ္ဇတိ၊ ၏။

## ခ—အဓိပ္ပါယ်အကျဉ်း

ဤအဋ္ဌာန ပါဠိတော်အရ ကာယဒုစ္စရိတ် ဝစီဒုစ္စရိတ် မနောဒုစ္စရိတ်တို့တွင် တပါးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်,နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်,သုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့သာလျှင် ဆင်းဆင်း ရဲရဲကျရောက်ခံစားရ၏။

(ဂ) အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူ ပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊အနု ပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

(စူဠဝဂ္ဂပါဠိ၊ သံဃဘေဒကက္ခန္ဓက၊ ဒုတိယဘာဏ ဝါရ၊ လောဟိတုပ္ပါဒကမ္မ—၃၅၅)

ဂ–ပါဠိအစိပ္ပါယ်အကျဉ်း

မြတ်စွာဘုရားသည် ဒေဝဒတ် ကျောက်တုံး လိမ့်ချသဖြင့် ကျောက်စွယ် ခြေဖျားခတ်မိသောကြောင့် အနာရ၍ ဂန္ဓကုဋိ တိုက်၌ သတင်းသုံးသောအခါ ဂန္ဓကုဋိတိုက်ကို ဝိုင်းရံ၍ အစုလိုက် အဖွဲ့လိုက် ဘေးရန်ကင်းအောင်ရွတ်ဘတ်သရဇ္ဈာယ်နေစဉ်"ရဟန်း တို့....မြတ်စွာဘုရားရှင်တို့သည် သူတပါးတို့၏လုလ္လဖြင့် ပရိနိဗ္ဗာန် မစံနိုင်၊ မိမိအလိုလိုသာ အသက်ကံကုန်သဖြင့် ပရိနိဗ္ဗာန်စံရခြင်း သည်ကား မမှတာပင်"၊ ဤသို့မိန့်တော်မူ၏။

\+ \+ \+

ဝတ္ထုများ

(၁) ဒေဝဒတ္တ

အာပါယိကော နေရယိကော၊
ကပ္ပဋ္ဌော သံဃဘေဒကော။
ဝဂ္ဂါရာမော အဓမ္မဋ္ဌော၊
ယောဂက္ခေမာ ပဓံသတိ။
သံဃံ သမဂ္ဂံ ဘေတွာန၊
ကပ္ပံ နိရယမှိ ပစ္စတိ။ ။

(ဣတိဝုတ္တကပါဠိ၊ ၁—ဧကကနိပါတ၊ ၂—ဒုတိယဝဂ္ဂ၊ ၁၀—ပဒုဋ္ဌ စိတ္တသုတ္တ၊ ၎င်း—အဋ္ဌကထာ၊ ၆၄)

ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ အသဒ္ဓမ္မေဟိ အဘိဘူတော ပရိယာဒိန္နစိတ္တော ဒေဝဒတ္တော အာပါယိကော နေရယိကော ကပ္ပဋ္ဌော အတေကိစ္ဆောတိ။

(စူဠဝဂ္ဂပါဠိ၊ သံဃ ဘေဒကက္ခန္ဓက၊ ၃-တတိယဘာဏဝါရ၊ ၃၆၆)

သာရတ္ထဒီပနီဋီကာ၊ ၄-သံဃ ဘေဒက၊ ၄၂၀)

အထက်ပါ ဂါထာနှင့် ပါဠိတော်များသည် ဒေဝဒတ်၏ သံဃဘေဒကဌာန၌ လာသော်လည်း-အဇာတသတ္တု မင်းသားနှင့် ပေါင်း၍-

၁။ အဘ သတ်ခြင်း၊

၂။ လေးသမားတွေလွှတ်ခြင်း၊

၃။ ကျောက်တုံးလှိမ့်ချ၍ ခြေ၌ သွေးခြည် ဥစေခြင်း၊

၄။ နာဠာဂိရိဆင်ကြီး လွှတ်ခြင်း၊

၅။ ဆွမ်းအုပ်ငါးရာဖြတ်၍ တောင်းစားခြင်း၊

၆။ ပဥ္စဝတ္ထုယာစန-ငါးမျိုးသောဝတ္ထုကိုတောင်းခြင်း၊

၇။ သံဃဘေဒက-သံဃာကိုသင်းခွဲခြင်း-

ဤ(၇)မျိုးတို့နှင့် ဆက်ဆံနေ၍ ယခုလောဟိ တုပ္ပါဒအရာ၌ ဒေဝဒတ်သည် မြတ်စွာဘုရားအပေါ်၌ ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း လောဟိတုပ္ပါဒကံမြောက်အောင် ပြုလုပ်သောကြောင့် **အဝီစိငရဲသို့လားရ၏** ဟု-သာဓက ထုတ်လိုက်သည်။

\+ + +

## (၂) မာဂဏ္ဍီ

အဟံ နာဂေါဝ သင်္ဂါမေ၊
စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊
ဒုဿီလော ဟိ ဗဟုဇ္ဇနော။ ။စသည်-

(ဓမ္မပဒအဋ္ဌကထာ၊ ၂—အပ္ပမာဒဝဂ္ဂ၊ ၁—သာမာဝတီဝတ္ထု၊ ၁၃၇)

ကောသမ္ဗီပြည်ပိုင် ဥတေနမင်း၏မိဖုရား မာဂဏ္ဍီသည် မြတ်စွာဘုရားအပေါ်၌ နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း ကျူးလွန်ပြစ်မှားသောကြောင့် ပစ္စက္ခ၌လည်း ဆင်းရဲစွာညှဉ်းဆဲခံရ၊ တမလွန်ဘဝ၌လည်း ငရဲကျ၍ ဆင်းရဲရ၏။

\+ \+ \+

## (၃) စိဉ္စမာဏဝိကာ

ဧကံ ဓမ္မံ အတီတဿ၊
မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏ ပရလောကဿ၊
နတ္ထိ ပါပံ အကာရိယန္တိ။ ။

(ဓမ္မပဒအဋ္ဌကထာ၊ ၁၃—လောကဝဂ္ဂ၊ ၉—စိဉ္စမာဏဝိကာဝတ္ထု၊ ၁၁၆)

ဤတိဝုတ္တကပါဠိ၊ ၁—ဧကကနိပါတ၊ ၅—မုသာဝါဒသုတ္တ၊ ၂၀၇)

အရ စိဋ္ဌမာဏဝိကာသည် ပရိသတ်ထဲ အားအင်နဲ့ကာ မြတ်စွာဘုရားအား ငါ့ယောကျ်ားဘဲ တရားမဲ့စွဲ အဝီစိ ငရဲကျသည်။

\+ \+ \+

(၄) သုပ္ပဗုဒ္ဓသကျ

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စုတိ။ ။

(ဓမ္မပဒအဋ္ဌကထာ၊ ၁၂-သုပ္ပဗုဒ္ဓသကျဝတ္ထု၊ ၂၀)

ဦးရီးတော်သုပ္ပဗုဒ္ဓသည် ဘုရားဆွမ်းခံကြွရာ ကာယကံမြောက် လမ်းပိတ်ဆို့ခြင်း, ဝစီကံမြောက် ပြောဆိုခြင်း, မနောကံ မြောက်ပြစ်မှားခြင်းဖြင့် ၇-ရက်မြောက်သောနေ့၌ မြေမျိုပြီး အဝီစိငရဲကျရ၏။

\+ \+ \+

၄-ပစ္စေကဗုဒ္ဓါအား ကျူးလွန်လျှင်လည်း
အာနန္တရိယကံ ထိုက်ကြောင်း

ယာဝဒေဝ အနတ္ထာယ၊
ဉတ္တံ ဗာလဿ ဇာယတိ။
ဟန္တိ ဗာလဿ သုက္ကံသံ၊
မုဒ္ဓ မဿ ဝိပါတယံ။ ။

(ဓမ္မပဒအဋ္ဌကထာ၊ ပ-ဘွဲ၊ ဗာလဝဂ္ဂ သဋ္ဌိကူဋပေတဝတ္ထု၊ ၃၂၆)

သုနေတ္တပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဗာရာဏသီမြို့အနီး ဒကာဒကာမတို့ ဆောက်လုပ် လှူဒါန်းအပ်သော သင်္ချိုက်မိုး ကျောင်း၌ သီတင်းသုံးပြီး မြို့တွင်းသို့ ဆွမ်းခံဝင်သည်ရှိသော် သာဝတ္ထိဗာကသိပ္ပ ကျောက်စရစ်ပစ်ခြင်း အတတ်၌ ကျွမ်းကျင် လိမ္မာသော ငဆွံ့၏ တပည့်တယောက်သည် ပစ္စေကဗုဒ္ဓါ၏ လကျာနားထဲသို့ ပစ်ထည့်လိုက်သော ကျောက်စရစ် ခဲသည် လက်ဝဲနားကထွက်ပြီး ဆွမ်းခံမသွားနိုင်သောကြောင့် သင်္ခမ်း ကျောင်းပြန် ပရိနိဗ္ဗာန်စံရရှာလေပြီ။

ထိုအခါ ဒကာဒကာမတို့က ပစ္စေကဗုဒ္ဓါကြမလာ၍ စုံစမ်း မေးမြန်းသော် ငဆွံ့၏ တပည့်က "သူကျောက်စရစ်ပစ်ခြင်း အတတ် လေ့ကျင့်လိုသဖြင့် ကျောက်စရစ်ခဲနှင့် ပစ်မိကြောင်း" ပြောသောအခါ ငါတို့အရှင်ကို သတ်ရပါမည်လားဟု–စိတ်ဆိုး ကြကာ ငဆွံ့၏တပည့်ကို ဘမ်းပြီး ထောင်းထုရိုက်နှက်ကြသော ကြောင့် သေဆုံးပြီး အဝီစိငရဲ၌ မြေကြီးတယူဇနာမျှ တိုးပွား လာသည့်တိုင်အောင် ဆင်းရဲခံရပြီး ငရဲအကုသိုလ် ကုန်ဆုံးသော အခါ ကံကြွင်းဖြင့် ဂိဇ္ဈကူဋ်တောင်ထိပ်၌ သဋ္ဌိကူဋပြိတ္တာကြီး ဖြစ်ရပြန်၏။

\+ \+ \+

## ၅–အရှင်မဟာမောဂ္ဂလ္လာန် သတ်သူတို့နှင့် အရှင်သာရိတ္တရာအား ပြစ်မှားသူ အာနန္တရိယကံ ထိုက်ပုံ

လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ကိုရိုက်သတ်ကြသော ခိုးသားငါးရာနှင့် စေခိုင်းသော အစေလကတိတ္ထိငါးရာ၊ ပေါင်း

တထောင်တို့ကို ကျင်းတူး ချက်ထိအောင်မြှုပ်၍မီးရှို့ထွန်ဖြင့်ထွန် အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင်ပြုလုပ်၍ ပစ္စက္ခမျက်မှောက်၌ အသတ်ခံရ၏၊ ထိုသူတို့သည် အရဟန္တဃာတက — ရဟန္တာကို သတ်သည်ဖြစ်၍ အာနန္တရိယကံ ထိုက်သောကြောင့် သေသည့် အခြားမဲ့၌ အဝီစိငရဲသို့လားရ၏၊

(ဓမ္မပဒ အဋ္ဌကထာ၊ ၁၀—ဒဏ္ဍဝဂ္ဂ၊ ၇—မဟာမောဂ္ဂလ္လာန တ္ထေရဝတ္ထု၊ ၄၁)

အရှင်သာရိပုတ္တရာ ထိပ်ပုတ်သောဘီလူးလည်း ကောင်းကင်မှ ကျ၊ မြေသို့ရောက်၍ အဝီစိငရဲ၌ ခံရ၏။

(ဥဒါနပါဠိ၊ ၄—မေဃိယဝဂ္ဂ၊ ၄—ယက္ခပဟာရသုတ္တ၊ ၁၂၃)

\+ \+ \+

## ၆—သက်တော်ထင်ရှား မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ဖြင့် ဆရာဇီဝက ခွဲစိတ်ကုသ၍ ကုသိုလ်တိုးပွားပုံ

(က) ဇီဝကော ပန တထာဂတဿ ရုဓိရံ သတ္တကေန စမ္မံ ဆိန္ဒိတွာ တမှာဌာနာ ဒုဋ္ဌလောဟိတံ နီဟရိတွာ ဖာသုက မကာသိ၊ တထာကရောန္တဿ ပုညံ ကမ္မမေဝ ဟောတိ။

(၁—သမ္မောဟ ဝိနောဒနီအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂ၊ ဒသကနိဒ္ဒေသဝဏ္ဏနာ၊ ၄၀၈)

(၂—အင်္ဂုတ္တရ နိကာယ၊ ကေနိပါတ အဋ္ဌကထာ၊ အဋ္ဌာနပါဠိ၊ ပဌမဝဂ္ဂဝဏ္ဏနာ၊ ၃၅၅)

(၃—သာရတ္ထ ဋီကာ၊ မဟာခန္ဓက၊ မာတုဃာတကာဒိဝတ္ထုကထာ ဝဏ္ဏနာ၊ ၂၆၁)

(၁) ဘိက္ခူ သတ္ထာရံ မဒ္ဒကုစ္ဆိံ နယိံသု။ သတ္ထာ "တတောပိ ဇီဝကမ္ဗဝနံ ဂန္တုံကာမော၊ တတ္ထ မံ နေထာ" တိ အာဟ။ ဘိက္ခူ ဘဂဝန္တံ အာဒါယ ဇီဝကမ္ဗဝနံ အဂမံသု။ ဇီဝကော တံ ပဝတ္တိံ သုတွာ သတ္ထု သန္တိကံ ဂန္တွာ ဝဏ္ဏပဋိကမ္မတ္ထာယ တိခိဏ ဘေသဇ္ဇံ ဒတွာ ဝဏံ ဗန္ဓိတွာ သတ္ထာရံ ဧတ ဒဝေါစ။ "ဘန္တေ မယာ အန္တော နဂရေ ဧကဿ မနုဿဿ ဘေသဇ္ဇံ ကတံ၊ တဿ သန္တိကံ ဂန္တွာ ပုန အာဂမိဿာမိ၊ ဣဒံ ဘေသဇ္ဇံ ယာဝ မမာဂမနာ ဗဒ္ဓနိယာမေနေဝ တိဋ္ဌတူ" တိ။ (ဓမ္မပဒ အဋ္ဌကထာ၊ ၇-အရဟန္တဝဂ္ဂ၊ ၁-ဇီဝက ပဉ္စဝတ္ထု၊ ၃၈၂)

ကဲ-အဓိပ္ပါယ်

ဆရာဇီဝကသည် မြတ်စွာဘုရား၏ အလိုတော်ကျ ကောင်း မြတ်သော, ရောဂါကင်းစေလိုသော စိတ်ထား၍ ဓားငယ်ဖြင့် အရေကိုဖြတ်ပြီး ထိုသွေးခြည် ဥရာအရပ်မှ မကောင်းသော သွေးကိုထုတ်၍ ချမ်းသာအောင် ပြုလုပ်ပေး၏၊ ထိုသို့ကောင်း မြတ်သော ကိုယ်အမှုအရာ စိတ်အမူရာဖြင့် ဘုရားအလိုတော်ကျ ပြုလုပ်ပေးသောကြောင့် ဆရာဇီဝကအား ကုသိုလ်ကောင်းမှု သာလျှင်ဖြစ်၏။

ခ-ပါဠိ အဓိပ္ပါယ်လည်း ရှေ့နည်းတူ၏။

+ + +

## ၇—ဆရာဇီဝကနည်းတူ မြတ်စွာဘုရား၌ ပြုလုပ်သူများ ကုသိုလ်တိုးပွားပုံ

ယော ပန ရောဂဝူပသမနတ္ထံ ဇီဝကောဝိယ သတ္တေန ဖာလေတွာ ပူတိမံသဉ္စ လောဟိတဉ္စ နီဟရိတွာ ဖာသုံ ကရောတိ၊ဗဟုံ သော ပုညံ ပသဝတိ။

(ဝိနယမဟာဝဂ္ဂအဋ္ဌကထာ မဟာခန္ဓက၊ မာတုဃာတကာဒိဝတ္ထုကထာ ဝဏ္ဏနာ၊ ၃၀၆)

### အဓိပ္ပါယ်အကျဉ်း

ဆရာဇီဝကလို ဖြစ်ပေါ်လာသောရောဂါ ငြိမ်းအေးပပျောက်စေခြင်းငှာ ဓားဖြင့်အရေကိုခွဲကာမကောင်းသောအသားအသွေးပြည်ပုပ်များကို ထုတ်၍ မြတ်စွာဘုရားကို ချမ်းသာအောင်ပြုလုပ်သော ပုဂ္ဂိုလ်အား များစွာသော ကုသိုလ်ကောင်းမှုတိုးပွား၏။

မြတ်စွာဘုရားအပေါ်၌ မေတ္တာ ကရုဏာ ရှေ့ထား၍ ကောင်းမြတ်သော ကိုယ်နှုတ်စိတ်တို့ဖြင့် ပြုလုပ် ဆောင်ရွက်သောပုဂ္ဂိုလ် ဟူသမျှ ပစ္စုပ္ပန်, တမလွန်များစွာသော ကုသိုလ်ကောင်းမှုချ တိုးပွား၏။

\+ \+ \+

## ၈—မာရ်နတ်—ရှေးက မြတ်စွာဘုရားအပေါ်၌ ပြစ်မှား၍ နောင်အခါ အသိဉာဏ်ဝင်သဖြင့် ကြည်ညိုလာ၍ ကုသိုလ်တိုးပွားပုံ

သံယော ဇူန္တဂူဘတ္တေရံ နာမ မပဟိဒ္ဒိကံ မဟာ
နုဘာဝံ ခိဏာသဝံ နဝကမ္မာဓိဋ္ဌာယကံ အဒ္ဒါသိ။ ထေ

ရော ယံ ယံ နှ နိဋ္ဌာတိ၊ တံ တံ အတ္တနော အာနု-
ဘာဝေန နိဋ္ဌာပေသိ။ ဧဝမ္ပိ တီဟိ သံဝစ္ဆရေဟိ
ဝိဟာရကမ္မံ နိဋ္ဌာပေသိ။ (ပါရာဇိက အဋ္ဌကထာ၊
ဗာဟိရနိဒါနကထာ၊ တတိယသံဂီတိကထာ၊ ၇၇)

အစိပ္ပါယ်အကျဉ်း

မာရ်နတ်မင်းသည် ရှေးဦးစွာသုံးဆဲ့တဘုံတွင် ရှိသမျှသော ပုထုဇဉ်မှန်သမျှ ငါနိုင်ငံသားတွေဟု နှလုံးပိုက်လျက် သိဒ္ဓတ္ထ မင်းသား တောထွက်ရဟန်းပြုသည်မှစ၍ ဘုရားဖြစ်သည် အထိ ၇—နှစ် ၇--လ ၇—ရက် နောက်ကလိုက် အချက်ရှာနေသော်လည်း အပြစ်တစုံတရာ မတွေ့ခဲ့ပေ။

သိရိဓမ္မာသောကမင်းကြီး၏ အသောက ကျောင်းတိုက်ကြီး တည်ဆောက်ရာဝယ် တာဝန်ပေးထားသော ဣန္ဒဂုတ္တမထေရ်၏ ဆုံးမသဖြင့် ဘုရားဆိုကို ပန်သည့်နေ့မှစ၍ ဘုရား၌ ကြည်ညို လာ၏၊ ကြည်ညိုသည့်နေ့မှစ၍ ကုသိုလ်ဖြစ် ပေါ်လာ၏။

\+ — +

၉ -အာဠဝက ဘုရားကြည်ညိုပုံ

အာဠဝက ဘီလူးသည်လည်း ရှေးဦးစွာ ဒုဋ္ဌဒေါသစိတ်ဖြင့် ဘုရား အားပါ၌ "ဝါ—ဝဿ—ပါ—ပ၊ အင်-ကုက်—လု—လ၊ အန္ဓက၊ဒုဿ ဆယ်လက်နက်"၊ ဤသို့-လက်နက်ကြီး (၉)မျိုး နှင့် ပုဆိုးလက်နက်ပါဆယ်ချက်လွှတ်လိုက်ရာ ဘုရား ခြေတော် ရင်း၌ လက်နက် မီးကျီး သဲတို့က နတ်ပန်းဖြစ်၊ ပြာက—စန္ဒ ကူး မှုန့်ဖြစ်၊ ညွန်က—နံ့သာအမွှေးဖြစ်၊ ပုဆိုးလက်နက်က—

ခြေသုတ်ပုဆိုး ဖြစ်တော့ အားလျော့ကာ ထွက်စေ ဝင်စေ စေတွေသုံးပြီးနောက် ဘုရားအားပူဇော်မေးလျှောက်ရာ မြတ်စွာဘုရား ပူဇော်များဖြေကြားလိုက်သည်ရှိသော် ပီတိသောမနဿဇော ရွှင်လန်း သောတာပန်ဖလပန်း ဆင်မြန်းရသဖြင့်—

အတ္တာယ ဝတ မေ ဗုဒ္ဓေါ၊
ဝါသာယာဠဝိ မာဂမာ။
ယော ဟံ အဇ္ဇ ပဇာနာမိ၊
ယတ္ထ ဒိန္နံ မဟပ္ဖလံ။
သော အဟံ ဝိစရိဿာမိ၊
ဂါမာဂါမံ ပုရာပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။ ။

(သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ယက္ခသံယုတ္တ၊ အာဠဝကသုတ္တ၊ ၂၁၇)

ဟူသောပါဠိအရ မြတ်စွာဘုရား သာသနာတော်၏ ဗုဒ္ဓ ဓမ္မ သံဃဂုဏ်တော်များကို ချီးကျူးလျက် ၃၁-ဘုံ ကမ္ဘာ့နိုင်ငံတကာ ဗုဒ္ဓဘာသာသာသနာ- နိဗ္ဗာန်ဆောင်ကြီး ဖြစ်လာသည်။

\+ + +

### ၁၀—သုနေတ္တ ပစ္စေကဗုဒ္ဓါ၌ ကြည်ညိုသူများ ကောင်းကျိုးပေးပုံ

သုနေတ္တ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပင့်ဘိတ်၍ မြစ်ကမ်းပါး၌ သစ်ရွက်မိုးကျောင်း ဆောက်ပေးခြင်း, နေ့စဉ်နေ့တိုင်း

ရှိခိုးပူဇော်၍ ဆွမ်းလှူခြင်း, ပျံတော်မူသောအခါ အလောင်းတော်ကို မီးသင်္ဂြိုဟ်ခြင်း, ဓာတ်တော်ကိုယူ၍ စေတီတည်ထား ကိုးကွယ်ခြင်း၊ ဤအကြောင်းတို့ကြောင့် ကောင်းရာသုဂတိသို့ ရောက်ရ၏။

(ဓမ္မပဒအဋ္ဌကထာ၊ ၅— ဗာလဝဂ္ဂ၊ ၁၃— သင်္ဒိကူဋပေတဝတ္ထု၊ ၃၂၆)

✦ + +

## ၁၁—အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်သာရိပုတ္တရာ တို့၏ကြည်ညိုသူများ ကောင်းရာသုဂတိရောက်ပုံ

ကျောင်းဆောက်လှူခြင်း, နေ့စဉ်နေ့တိုင်း ရှိခိုး၍ဆွမ်းလှူခြင်း, တရားတော်နာခြင်း, သီလဆောက်တည်ခြင်း, ဝေယျာဝစ္စအမျိုးမျိုးပြုလုပ်ပေးခြင်း, ပျံလွန်တော်မူသောအခါ မီးသင်္ဂြိုဟ်၍ ဓာတ်တော်များယူပြီး စေတီတည်ထား ကိုးကွယ်ခြင်း၊ ဤအကြောင်းတို့ကြောင့် ကောင်းရာသုဂတိသို့ ရောက်ရသည်။

(နာဠကရွာ၊ အရှင်သာရိပုတ္တရာ မယ်တော်ကြီး ဝတ္ထု၊ မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ နိမိတ္တောဘာသကထာဝဏ္ဏနာ၊ ၁၃၉၊ ၁၄၀+၁—၂-၃-၄)

(သဂါထာဝဂ္ဂ၊ ၂—ဒေဝပုတ္တသံယုတ္တ၊ ၃—နာနာတိတ္ထိယဝဂ္ဂ၊ ၉—သုသိမသုတ္တ၊ ၆၃—တို့ကိုရှု)

+ + +

## ၁၂—ကောင်းသော ကိုယ်နှုတ်စိတ်ဖြင့် ပြုသူများ ကုသိုလ်ပွားပုံ

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မန္ဝေတိ၊
ဆာယာဝ အနုပါယိနီ။

ဓမ္မာ၊ ဝေဒနာ သညာ သင်္ခါရ ဟုဆိုအပ်သော စေတသိက်နာမ်ခန္ဓာသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဟုဆိုအပ်သော ဝိညာဏ်လျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ အကြီးအကဲ၏ အစွမ်းအားဖြင့် စိတ်လျှင်မြတ်ခြင်းရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့်ပြီးကုန်၏။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ပသန္နေန၊ အနဘိဇ္ဈာ အစရှိသော ဂုဏ်တို့ဖြင့် ကြည်လင် သန့်ရှင်းသော။ မနသာ၊ ကောင်းမြတ်သော စိတ်ထားဖြင့်။ စေဘာသတိဝါ၊ အကယ်၍ ဝစီသုစရိတ်လေးပါးတို့ဖြင့် ပြောမှုလည်း ပြောဆိုခဲ့ငြားအံ့။ စေကရောတိ ဝါ၊ အကယ်၍ ကာယသုစရိတ်သုံးပါးတို့ဖြင့် ပြုမှုလည်း ပြုလုပ်ခဲ့ငြားအံ့။ တတော၊ သုံးပါးသော ကောင်းမြတ်သော ထိုသုစရိတ်ကြောင့်။ နံပုဂ္ဂလံ၊ ကောင်းမြတ်သော စေတနာဓာတ်ထားဖြင့် ပြုလုပ်သော ထိုသူတော်စင်ပုဂ္ဂိုလ်သို့။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီဣဝ၊ ကိုယ်နောက်ကောက်ကောက်လိုက်ဘိသကဲ့သို့။ ဝေါ၊ဤ၌အတူ။သုခံ၊ ကိုယ်စိတ်၌

ဖြစ်သော ချမ်းသာအကျိုး အမျိုးမျိုးသည်။ အနွေတိ၊ အစဉ် တစိုက်နောက်ကလိုက်နေ၏။

ဤဓမ္မပဒ မဋ္ဌကုဏ္ဍလီဝတ္ထုအရ သဒ္ဓါစိတ္တ—ဖြူစင်သောစိတ်ရှိ သောသူ၊ သုန္ဒရစိတ္တ—ကောင်းမြတ်သောစိတ်ရှိသောသူ၊ ပသန္န စိတ္တ—ကြည်လင်သန့်ရှင်းသော စိတ်ရှိသောသူ၊ ယောနိသောမန သိကာရ—ပညာဖြင့် ဆင်ခြင်၍ ကောင်းမြတ်ဖြူစင်ပြဋ္ဌာန်းသော လုပ်ငန်း အကြောင်းအားဖြင့် စိတ်၌ထား၍ ပြုလုပ်သွားသောသူ သည် အပြစ်မရှိ၊ ကိုယ်သွားရာ အရိပ်ပါသလို ကုသိုလ်တရား အမြဲပါနေသဖြင့် များစွာ ကုသိုလ်ရ၏၊ပစ္စက္ခတမလွန် ကုသိုလ် အကျိုးတွေ များစွာခံစားရမည်။

> ဌာနဥ္စ ခေါ တေ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ကာယသုစရိ တဿ(ပ)ယံ ဝစီသုစရိတဿ(ဂ)ယံ မနောသုစရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ဌာန မေတံ ဝိဇ္ဇတိ။(အင်္ဂုတ္တရနိကာယ၊ ဧကကနိပါတ၊အဋ္ဌာန ပါဠိ၊ တတိယဝဂ် ၃၁)။

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ-ယေန ဌာနေန၊ အကြင်အကြောင်း ကြောင့်။ ကာယသုစရိတဿ၊ ကာယဒွါရ၌ ကောင်းစွာ ကျင့် သော ပုဂ္ဂိုလ်၏။ ဝစီသုစရိတဿ၊ ဝစီဒွါရ၌ကောင်းစွာကျင့်သော ပုဂ္ဂိုလ်၏။ မနောသုစရိတဿ၊ မနောဒွါရ၌ကောင်းစွာကျင့်သော ပုဂ္ဂိုလ်၏။ဣဋ္ဌော၊အလိုရှိအပ်သော။ကန္တော၊နှစ်သက်အပ်သော။ မနာပေါ၊ စိတ်နှလုံးကိုပွားစေတတ်သော။ ဝိပါကော၊ လူနတ် နိဗ္ဗာန် သုံးတန်သော အကျိုးသည်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏၊

တော်ဌာနဥ္စခေါ၊ ကာယဝစီမနော သုံးပါးသော ဒွါရ၌ ကောင်း စွာကျင့်သော ပုဂ္ဂိုလ်၏ လူ နတ် နိဗ္ဗာန် သုံးတန်သောအကျိုး ဖြစ်ခြင်းတည်းဟူသော အကြောင်းသည်လည်း။ ဝိဇ္ဇတိ၊ ရှိ၏။ တော်ဌာနံ၊ သည်။ ဝိဇ္ဇတိ၊ ၏။

ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းစွာကျင့်သော ပုဂ္ဂိုလ်အား အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွားစေတတ်သော လူ၌ လူ အကျိုးစီးပွား,နတ်၌ နတ် အကျိုးစီးပွား, နောက်ဆုံး နိဗ္ဗာန် အကျိုးစီးပွားကို ပေးနိုင်၏၊ လူ နတ် နိဗ္ဗာန်သုံးတန်သော ချမ်း သာကို ခံစံရသည်ဖြစ်၍ ပစ္စက္ခ တမလွန် ချမ်းသာစွာနေရ၏။

ဤကား သဗ္ဗိဝ အခဏ်းပြီး၏။

# ၂-နိဒါန

# ၁-စေတီတော်ခဏ်း

## ၁။ ပြစ်မှားလိုသောစိတ်ဖြင့် စေတီတော်, ရုပ်တုတော်, ဗောဓိပင်

### ခါတ်တော်တို့ကို ဖျက်ဆီး ဖြတ်တောက် လုလ္လပြုသူ အာနန္တရိယကံ အလားတူဖြစ်ပုံ

(က) အထ ယော စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒတိ၊ ဗောဓိံ ဆိန္ဒတိ၊ ဓာတုမှိ ဥပက္ကမတိ၊ တဿ ကိံ ဟောတီတိ။ ဘာရိယံ ကမ္မံ ဟောတိ အာနန္တ ရိယ သဒိသံ။

(၁) သမ္မောဟဝိနောဒနီ၊ ဉာဏဝိဘင်၊ ဒသကနိဒ္ဒေသ ဝဏ္ဏနာ (၄၀၀)

(၂) အင်္ဂုတ္တရနိကာယ၊ ဧကကနိပါတ အဋ္ဌကထာ၊ အဋ္ဌာနပါဠိ၊ ပဌမဝဂ္ဂဝဏ္ဏနာ (၃၅၆)

(၃) သာရတ္ထဒီပနီဋီကာ၊ မဟာခန္ဓက၊ မာတုဃာတကာ ဒိဝတ္ထုကထာဝဏ္ဏနာ (၂၆၁)

### အဓိပ္ပါယ် အကျဉ်း

မေး။ ။အကြင်ပုဂ္ဂိုလ်တို့သည် မကောင်းသောစိတ်ဖြင့် မြတ်စွာဘုရား၏ စေတီတော်, ရုပ်တုတော်,

ဗောဓိပင်တို့ကို ဖျက်ဆီး ဖြတ်တောက်ကြကုန်၏၊ မာတော်၌ မကောင်းသဖြင့် လုလ္လပြုကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား ဘယ်ကံ ထိုက်ပါသနည်း။

**ဖြေ။** ။မကောင်းသော စိတ်ဖြင့် မြတ်စွာ ဘုရား၏ စေတီပေါ်, ရုပ်တုတော်, ဗောဓိပင်တို့ကို ပျက်စီးအောင် ပြုလုပ်သောပုဂ္ဂိုလ်တို့, ဖြတ်တောက်သောပုဂ္ဂိုလ်တို့, မာတော်၌ မကောင်းသဖြင့် လုလ္လပြုသော ပုဂ္ဂိုလ်တို့အား သေသည့်အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်တတ်သော အာနန္တရိယကံနှင့်တူသော ဝန်လေးသော အကုသလကံ ဖြစ်၏။

\+ \+ \+

## ၂-သာသနာပြုတော်မူပုံများ

လေးသင်္ချေနှင့် ကပ္ပတသိန်း ပါရမီတော် ဖြည့်ကျင့်ပြီး ဇမ္ဗူဒီပကျွန်း၊ မဇ္ဈိမဒေသ အလယ်ဖြစ်သော ကောသလတိုင်း၊ ကပိလဝတ္ထုမြို့တော် သြက္ကာကမင်းမျိုး သုဒ္ဓေါဒနမင်းကြီး, မယ်တော်မာယာတို့မှ အဉ္စနသြက္ကာက သက္ကရာဇ်(၆၈)ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌ သုဒ္ဓေါဒနမင်း, မယ်တော်မာယာဝမ်းတိုက်မှ ဘွားမြင်၍ (၉၇) ခု၊ ၂၉--နှစ်တွင် သံဝေမြင်၍ ရဟန်းပြုပြီး (၁၀၃) ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ကုန် အရုဏ်တက်ချိန်အခါ ဗောဓိဉာဏ်ရ၍ ဘုရားဖြစ်တော်မူပြီး သံသာရတည်းဟူသော ရေယဉ်

ကြောင့် မျောနေကြကုန်သော သတ္တဝါ အပေါင်းတို့အား ရေယဉ်ကြောမှ ထုတ်နုတ်ရန် ဝါဆိုလပြည့်နေ့ ဓမ္မစက္ကပဝတ္တန သုတ်ကို ဟောသည်မှစ၍ သက်တော်ရှစ်ဆယ် အဋ္ဌနသက္ကရာဇ် (၁၄၈) ကဆုန်လပြည့် ပရိနိဗ္ဗာန်စံသည်တိုင်အောင် (၄၅)ဝါ ကာလပတ်လုံး မပြတ်မလပ် ဟောပြော၍ မိမိသာသနာတော် ကြီး ထွန်းလင်းအောင် သံသာရရေယဉ်ကြောမှ နိဗ္ဗာန်တည်းဟူ သော ကြည်းကုန်းထက်သို့ တင်ခဲ့လေပြီ။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အရှင် မဟာကဿပအမှူးရှိသော ငါးရာသော သာသနာ့ခေါင်းဆောင် **မဟာထေရ်ကြီးများ—**

သာသနာနှစ် တရာအဖြစ်သို့ ရောက်သောအခါ အရှင် မဟာယသ, အရှင်သဗ္ဗကာမီ, အရှင်ရေဝတ အမှူးရှိသော ခုနစ်ရာသော မဟာထေရ်ကြီးများ—

သာသနာသက္ကရာဇ် ၂၁၈-နှစ်မြောက် မဟာမောဂ္ဂလိပုတ္တ တိဿ အမှူးရှိသော တထောင်မျှလောက်သော ခေါင်းဆောင် မဟာထေရ်တို့သည် ဇမ္ဗူဒိပ်၌ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ သာသနာတော်သုံးရပ် ပွင့်လင်းသည်ထက် ပွင့်လင်းအောင် ထွန်းလင်းသည်ထက် ထွန်းလင်းအောင် ဒေသစာရီ ကြွချီ၍ ပြုလုပ်အားထုတ်သွားကြ၏။

ထိုမျှမကသေး-အရှင်မဟာမောဂ္ဂလိပုတ္တတိဿဂဏပါမောက္ခ မထေရ်မြတ်သည် မဇ္ဈိမဒေသတွင် သာသနာ့ ဘေးရန်မြင်၍ ပစ္စန္တိမတိုင်းစွန်ပြည်နား ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ဂဏ ပါမောက္ခ ငါးပါးစီအနဲထား၍ လွှတ်ခဲ့ပေ၏။

## သာသနာနှင့် စေတီစသည်ဖျက်၍ အပါယ်လားပုံ

သာသနာတော် နှစ်ပေါင်း တထောင် ကျော်သောအခါ ဣန္ဒိယနိုင်ငံကြီးအတွင်းသို့ အနောက်မြောက်ဘက် နယ်များမှ မဟာမက်ဝဒီ ပါသီယန် ပထန်လူမျိုးတို့သည် ဝင်ရောက်၍ နန်းစိုက်ကာ သာသနာ ၁၈၆၂–ခုနှစ်အထိ ခိုင်ခိုင်မြဲမြဲနန်းစိုက် အုပ်ချုပ်ကြ၏။

ဒုတိယမဂိုဘုရင်သည် ဣန္ဒိယနိုင်ငံအတွင်း နန်းစိုက်၍ သာသနာတော် နှစ်ထောင့်ငါးရာကျော်အထိ အာဏာတန်ခိုး လွှမ်းမိုး၏။

ဣန္ဒိယနိုင်ငံအတွင်း မဇ္ဈိမဒေသပါမကျန် ပြည်တွင်း မိစ္ဆာဝါဒီ, ပြည်ပမိစ္ဆာဝါဒီတို့သည် ပေါင်းပေ၍ သမ္မာဝါဒီ ဗုဒ္ဓဘာသာ ဘုရင်မင်းတို့ကိုတိုက်ဖျက်လျက် စေတီ ပုထိုး ကျောင်း တန်ဆောင်းစသည်တို့ကို ဖြိုဖျက်ကာ မိမိကိုးကွယ်ရာအသီးအသီး ဗလီ အဆောက်အဦကြီးတို့ကို ဆောက်ထား၏။

(ဗုဒ္ဓနိုင်ငံတော်စာအုပ် ကုရုတိုင်း၊ နောက်ခေတ်၊နှာ–၄၇၁)

ဤစေတီ ပုထိုး ရုပ်တု ဗုဒ္ဓဘာသာ ကျောင်း တန်ဆောင်း တို့ကို ဖြိုခွဲဖျက်ဆီးကြသောမိစ္ဆာဝါဒီတို့သည် သေသည့်အခြားမဲ့၌ အပါယ်လေးပါးလားကြရကုန်၏။

(ပေတဝတ္ထုအဋ္ဌကထာ၊၁၉၆။ မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ ဓာတုပူဇာဝဏ္ဏနာ၊ အဇာတသတ္တုမင်း–၂၀၂)

+ + = + +

## ၄-ပထမ သိဟဠ

မြန်မာ့သောကမင်းကြီးကို အမှီပြု၍ မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် သံဂါယနာ တင်ပြီးသောအခါ ဇမ္ဗူဒီပနိုင်ငံအတွင်း ဗဟိုချက်မ မဇ္ဈိမဒေသအရပ်၌ သာသနာ့ဘေးရန်ထင်၍ တိုင်းစွန် ပြည်နား ဒေသအများတွင် သာသနာထွန်းကားမည် မြင်၍ သာသနာနှစ် ၂၃၅—ခုနှစ်၌ ကိုးတိုင်းကိုးဌာန သာသနာပြု လွှတ်ရာဝယ် သီဟိုဠ်ကျွန်း ဒေဝါနံ ပိယတိဿမင်းကြီး အနုရာဓ မြို့၌ စိုးစံစဉ် အရှင်မဟိန္ဒမထေရ် အမှူးရှိသော မထေရ်များကို သာသနာပြုစေလွှတ်ခဲ့၏။ (ကာကဝဏ္ဏတိဿမင်း၏သား ဒုဋ္ဌဂါမဏိ)။

ယင်းမင်းကြီးကား မုဋသိဝမင်း၏ သားတကျိပ် တို့တွင် တမယောက်အပါအဝင်ဖြစ်၍ ဒေဝါနံပိယတိဿမင်း မင်းဖြစ်သော အခါ ညီတော်မဟာနာဂကို အိမ်ရှေ့မင်းခန့်ထား၏၊ ထိုစဉ်အခါ တိရစ္ဆာနဝါပိအမည်ရှိသော ရေကန်ကြီးကို မဟာနာဂ အိမ်ရှေ့ မင်းအား ကြပ်မတ်စေ၏။

ဒေဝါနံပိယတိဿမင်း၏ မိဖုရားသည် မိမိ၏သားကို မင်းဖြစ် စေလို၍ အိမ်ရှေ့မင်းသေစေရန် အဆိပ်ခတ်ထားသောသရက်သီး အဖျော်နှင့် သရက်သီးမှည့်ကို အိမ်ရှေ့မင်းထံပို့စေ၏၊ ဦးလေး တော် အိမ်ရှေ့မင်း ကံတူးရာသို့ အတူလိုက်သွားသော မိဖုရား သားတော်လေးသည် သရက်သီးအဖျော်နှင့် သရက်သီးမှည့်ကို မြင်သဖြင့် စားလိုက်၏၊ တူမင်းသားလေး သေတော့၏၊ ထိုအကြောင်းကို အိမ်ရှေ့မင်းသား မရိုးလုပ်ပုံ ကြောက်သဖြင့် မိမိ၏ဇနီး မင်းသမီးနှင့်တကွ ထွက်ပြေးရာ သာလကာဘိဿ

ကျောင်း၌ သားလေးမွေးဖွားသဖြင့် သာလကတိဿအမည်ပေး၏၊ မဟာဂါမရွာ၌နေ၍လျက် ရောဟဏမြို့တွင် မင်းပြု၏၊ အဘ မဟာနာဂသေလွန်သော် သာလကတိဿ မင်းသား မင်းပြု၏၊ သာလကတိဿမင်းသည် ဂေါဌာဘယမင်းသားကို မွေးဖွားသည်၊ သာလကတိဿမင်း နတ်ရွာစံသော် ဂေါဌာဘယ မင်းသည် မဟာဂါမမြို့တည်၍ မင်းပြု၏၊ ဂေါဌာဘယမင်းသည် ကာကဝဏ္ဏတိဿမင်းသားကို ဖွားမြင်၏၊ ဂေါဌာဘယမင်း နတ်ရွာစံသော် ကာကဝဏ္ဏတိဿမင်းသည် မဟာဂါမမြို့၌ နန်းစံ၏၊ မိဖုရားသည် ဝိဟာရဒေဝီအမည်ရှိ၏၊ ယင်းမိဖုရားသည်—

၁—ဒုဋ္ဌဂါမဏိအဘယမင်းသား၊

၂—တိဿမင်းသား၊

သားနှစ်ယောက်ကို မွေးဖွား၏။

\+ \+ \+

## ၅—ဋ္ဌောရကျေးလူမျိုးများ သာသနာ၅ျက်ပုံ

ဒေဝါနံပိယတိဿမင်းကြီးသာသနာနှစ် ၂၃၅—နှစ်ကစ၍ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ပြုစုခဲ့သော်လည်း သာသနာနှစ်ပေါင်း ၃၀၀—ကျော် ၄၀၀—နည်းပါး ရောက်သောအခါ မိစ္ဆာဒိဋ္ဌိ ကျေးလူမျိုး ဋ္ဌောရအမည်ရှိသော လူစွမ်းကောင်းတယောက်သည် စစ်သည်ဗိုလ်ပါ ဆောင်း၍ အနုရာဓမြို့မှစ၍ တိုက်ဖျက်လာရာ သီဟဠဒီပ လင်္ကာဒီပကျွန်းအလုံးကို သိမ်းပိုက်၍ မိမိက အနုရာဓမြို့၌ နန်းစံပြီးလျှင် ကြွင်းကျန်သော လူစွမ်း

ကောင်း ၃၅—ယောက်တို့ကို မြှိုစားပေး ဘုရင်ခံ ခန့်ထား၍ ချီးမြှောက်၏။

ယင်းဌေ့ာရ ကျေးမင်းကြီးတို့သည် စေတီ ရုပ်တု ကျောင်းတော် ဗောဓိပင်တို့ကို ဖျက်ဆီးလျက် ဌာပနာတိုက် ဖောက်ပြီး ဘုရား ကျောင်း တန်ဆောင်းတို့၌ အမွှန်အမြတ် ထားသော ကျောက်သံပတ္တမြားတို့ကိုယူ၍ စစ်သည်လခရိက္ခာ ပြုလုပ်ကြ၏။

မခုဝါ မညတိ ဗာလော၊
ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊
ဗာလော ဒုက္ခံ နိဂစ္ဆတိ။

(ဓမ္မပဒပါဠိ၊ ဗာလဝဂ္ဂ၊ဥပ္ပလဝဏ္ဏာတ္ထေရီဝတ္ထု၊ ၂၃)

ဤပါဠိအရ ဘုရား စေတီပုထိုး ကျောင်း တန်ဆောင်းဖျက် ဘုရားပစ္စည်းယူ ဗောဓိပင်ခုတ်ခြင်း စသော အကုသိုလ်ကို ပြုလုပ်ကြသော မိစ္ဆာဒိဋ္ဌိ ဌေ့ာရကျေးမင်း အမူးရှိသော ဘက်တော်သား မှူးမတ် စစ်ဗိုလ် စစ်ကဲတို့ကို ထိုအကုသိုလ်ကံသည် အကြင်မျှလောက် အကျိုးမပေးသေး၊ ထိုမျှလောက် ကာလပတ်လုံး ပျားသကာကဲ့သို့ ထင်ကြ၏။

ထိုအခါကာကဝဏ္ဏတိဿမင်းကြီး၏သား သာသနာ့ဒါယကာ ဒုဋ္ဌဂါမဏိမင်းမြတ်သည် ပညာရှိတို့နှင့် တိုင်ပင်၍ ဌေ့ာရကျေးမင်း သိမ်းပိုက်ထားသော သီဟဠဒီပ လင်္ကာဒီပ ကျွန်းအလုံးကို စစ်သည်ဗိုလ်ပါများနှင့် တိုက်ခိုက်သိမ်းယူ၍ အကြင်အခါ မကောင်းမှုသည် လူမိုက်ကို အကျိုးပေး၏၊ ထိုအခါ လူမိုက်သည် ဆင်းရဲခြင်းသို့ရောက်ရ၏၊ ဘုရားအမိန့်မှာ စကားအရ

မကောင်းမှုပြုကြသည့် ဌေဒွေရကျေးမင်း အစရှိသောသူတို့သည် ကျူပြင်ခုတ်ကျူငုတ်မကျန် အကုန်သဒါလှန်သလို ပစ္စက္ခဆင်းရဲစွာ သေပွဲဝင်ကြရ၍ တမလွန်အပါယ်လားကြရ၏။

(မဓုရသဝါဟိနီ ကာကဝဏ္ဏတိဿမင်းကြီးဝတ္ထု–၁၈၁)။

\+ \+ \+

၆-ဒုတိယသီဟဠ ၁၂–နှစ်ကပ်ဘေးဆိုက်ပုံ

ဗြာဟ္မဏတိဿအမည်ရှိသော သူငယ်သည် တောလက်ကျေးရွာ၌ လူသူတို့ကိုစုရုံး၍ တောလက်ကျေးရွာ၌ တည်ထားသော ဘုရားများကိုဖောက် ပစ္စည်းယူ စစ်ရိက္ခာလုပ်၍ အနုရာဓမြို့ပါ တိုက်ခိုက်လေတော့၏၊ အနုရာဓမြို့အနီး အလွန်လာဘ်လာဘ ပေါများသော မဟာစေတီကြီး၏ ဘဏ္ဍာတော်တွေ မှန်သမျှ အကုန်လုံးယူ၍ ရိက္ခာပြုလုပ်၏၊ ၁၂–နှစ်တိုင်တိုင် မိုးခေါင်၏၊ အနုရာဓမြို့ကို အုပ်စိုးသော ပိတုမဟာရာဇာမင်းသည် မထင်ရှားသော တောလက်ကျေးရွာ ကျောင်းတကျောင်း၌ ပုန်းအောင်းနေရ၏၊ အချို့ သံဃာတော်များလည် ဇမ္ဗူဒီပနိုင်ငံဘက်သို့ ရှောင်နေရ၏၊ သူပုန်ရန်အေးမှ ပြန်သာသနာပြုကြရ၏။

၁၂–နှစ်ပြည့်သော အခါ သူပုန်ဗြာဟ္မဏတိဿ မင်းသည် အကုသိုလ်ကံအကျိုးပေးခွင့် ဆိုက်ရောက်လာသဖြင့် ရန်သူကသတ်ဖြတ်သည်ဖြစ်၍ သေခဲ့သည်ရှိသော်တောတွင်း၌ပုန်းအောင်းနေရသော ပိတုမဟာရာဇာ မင်းသည် အနုရာဓမြို့သို့ ပြန်၍ ထီးဆောင်းမင်းပြုပြီး သာသနာပြုစုသည်။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-ဉာဏဝိဘင် ဒသကနိဒ္ဒေသဝဏ္ဏနာ–၄၂၇)

\+ \+ \+

## ၇-ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာစေတီများဖျက်သူ အကုသလအကျိုးပေးပုံ

အထက်က ဆိုခဲ့သည့်အတိုင်း ပစ္စေကဗုဒ္ဓါ ဘုရားရှင်၏ ဓာတ်တော်, စေတီတော်, ရဟန္တာအရှင်များ၏ ဓာတ်တော်, စေတီတော်များဖျက်သူ ရှေးနည်းအတူ အာနန္တရိယကံထိုက်၏။

\+ \+ \+

## ၈-ကောင်းမြတ်သောစိတ်ဖြင့်စေတီပျက်များပြင်သူအား ကုသလအကျိုးတိုးပွားပုံ

သိဒ္ဓတ္ထဿ နရဂ္ဂဿ၊
စေတိယေ ဖလိတန္တရေ။
သုဓာပိဏ္ဍော မယာ ဒိန္နော၊
ဝိပ္ပသန္နေန စေတသာ။ ။
စတုန္နဝုတိတော ကပ္ပေ၊
ယံ ကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
ပဋိသင်္ခရဿိဒံ ဖလံ။ ။
(ထေရာပဒါနပါဠိ၊ သုဓာဝဂ္ဂ၊ သုဓာပိဏ္ဍိယတ္ထေရာပဒါန ၁၄၇)
ဖုဿဿ ခေါ ဘဂဝတော၊
ထူပေါ အာသိ မဟာဝနေ။
ကုဉ္ဇရေဟိ တဒါ ဘိန္နော၊
ပရူဠှော ပါဒပေါ တဟိံ။ ။

ဝိသမဋ္ဌ သမံ ကတွာ၊
သုဓာပိဏ္ဍံ အဒါသဟံ။
တိလောကဂရုနော တဿ၊
ဂုဏောဟိ ပရိတောသိတော။ ။
ဒွေနဝုတေ ဣတောကပ္ပေ၊
ယံကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊
သုဓာပိဏ္ဍဿိဒံ ဖလံ။
(ထေရာပဒါနပါဠိ၊ တမာလပုပ္ဖိယဝဂ္ဂ၊ ခဏ္ဍဖုလ္လိယ
ထေရပဒါန—၂၂၁)

ဤဂါထာများအရ ပျက်စီးနေသော စေတီများ၌ ပေါက်ရောက်နေသော သစ်ပင် ချုံနွယ်တို့ကို ခုတ်ရှင်း၍ မကောင်းသော အင်္ဂတေ မြေညက် အုတ်ကျောက်တို့ကို ထုတ်ပယ်လျက်ကောင်းသောအုတ် အင်္ဂတေ မြေညက် ကျောက်တို့ဖြင့် စီခြယ်ကာ စိတ်ကောင်း စေတနာကောင်းဖြင့် ပြုပြင်မွမ်းမံသူများ ကောင်းရာသုဂတိသို့လားပြီး လူနတ်နိဗ္ဗာန် သုံးတန်သော စည်းစိမ် ချမ်းသာတို့ကို ခံစံကြရ၏။

\+ + +

### ၉-စေတီ၌အင်္ဂတေလိမ်းကျံသော ရဟန်း ဒိဋ္ဌဓမ္မအကျိုးပေးပုံ

တတြိဒံ ဝတ္ထု—ဒီဃဝါပိစေတိယမှိ ကိရ သုဓာကမ္မေ ကယိရမာနေ ဧကော ဒဟရော မုဋ္ဌိဝေဒိကာပါဒတော ပတိတွာ

စေတိယ ကုစ္ဆိယာ ဘာယတိ။ ဟေဒ္ဒ ဋ္ဌိတော ဘိက္ခု သံဃော ဓဇဂ္ဂပရိတ္တံ အာဝဇ္ဇေသော အာဝဇ္ဇာ ဟိတိ အာဟ။ သော မရဏ ဘယေန တဇ္ဇိတော "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတူ"တိ အာဟ။ တာဝဒေဝဿ စေတိယကုစ္ဆိတော ဒွေ ဣဋ္ဌကာ နိက္ခမိတွာ သောပါနံ ဟုတွာ အဋ္ဌံသု၊ ဥပရိ ဋ္ဌိတာ ဝလ္လိနိသေဏိံ ဩတာရေသုံ။ တသ္မိံ နိသေဏိယံ ဋ္ဌိတေ ဣဋ္ဌကာ ယထာဌာနေ ယေဝ အဋ္ဌံသု။

(သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂ အဋ္ဌကထာ၊ သက္က သံယုတ္တပထမဝဂ္ဂ၊ ဓဇဂ္ဂသုတ္တ ဝဏ္ဏနာ–၁၁၂)

ဒီဃဝါပိ စေတီ၌ အင်္ဂတေ မြေညက် ပျက်စီးနေသော နေရာတွင် အင်္ဂတေလိမ်းကျံသော ရဟန်းငယ်တပါးသည် စေတီလုံးပွတ်တိုင်ခြေရင်းမှ လိမ့်ကျလာရာဝယ် "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု ဟု" ကြောက်အားလန့်အားနှင့် ရွတ်ဘတ်သရဇ္ဈာယ် လိုက်သည် ရှိသော် ဘုရားမှ အုဋ္ဌ်နှစ်ချပ် ထွက်လာပြီး ခံထားလိုက်၏၊ ယင်းရဟန်းငယ် အောက်သို့ဆင်းမှ အုဋ္ဌ်တို့သည် ပကတိ နေရာသို့ ပြန်ဝင်သွား၏။

အထက်ပါ ဘာစကပါဌ်များအရ အနည်းငယ် ပျက်သော စေတီကိုဖြစ်စေ, အလတ်ပျက်သော စေတီကိုဖြစ်စေ, ကောင်းမွန်အောင် မကောင်းသော အုဋ္ဌ်အင်္ဂတေတို့ကို ထုတ်၍ဖြစ်စေ, မ[illegible]သော နေရာတို့ကိုဖျက်၍[illegible] ဖြိုဖျက်၍အသစ်မွမ်းမံပြန်လည် [illegible]ည်ဆောက်ကောင်း၏။

စိတ်ကောင်းဖြင့် တည်ဆောက်ပြုလုပ်သူ တမလွန်အကျိုးမက ဒိဋ္ဌဓမ္မအကျိုးပါ ခံစားရ၏။

\+ + +

## ၁၀—ဌာပနာထားသော ဓာတ်တော်များကို စေတီမှ ရွှေ့ပြောင်းဘည်ကောင်းပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးသည့်နောက် န၀စန္ဒကိန်းဖြင့် ဖွဲ့အပ်သော သာသနာသက္ကရာဇ် ၁၃၃-ခုနှစ် တပေါင်းလပြည့်ကျော်(၂)ရက်နေ့ကစ၍ လူသူမရောက်သော သုဒဿနတောင်ပေါ်၌ တည်ထားသော ဘုရားဆံတော်လေးဆူ, မွေးရှင်တော်ရှစ်ဆူ, ဘုရားလေးဆူတို့၏ ပရိက္ခရာများ ဌာပနာ၍ တည်ထား၏၊နတ် နဂါး ဂဠုန်တို့သာလျှင် ဖူးမြင်ရ၍ လူများမရောက်မပေါက် မဖူးမြင်ရသောကြောင့် ဒုတ္တပေါင်မင်းသည် မိမိသားတော် ရဟန္တာများဖြစ်သော အရှင်စန္ဒာသီရိ, အရှင်စန္ဒာဂရာဇ နှစ်ပါးတို့ကို အကူအညီတောင်း၍ (သာသနာပြုစုရမည့် ပုဂ္ဂိုလ်ဖြစ်ပါလျှင် ငါ့ကိုသုဒဿနတောင်စေတီ၌ ဌာပနာထားသော ဆံတော်, မွေးရှင်တော်, ပရိက္ခရာတော်တို့သည် ဤသုဒဿနတောင်စေတီမှ ထင်ထင်ရှားရှား ပြပါစေသားဟု သစ္စာပြုလိုက်သောအခါ) ရောင်ခြည်တော်ခြောက်သွယ်လွှတ်လျက် ကောင်းကင်ဝယ် ဘုရားတဆူတည်း ထက်ဝယ်ဖွဲ့ခွေနေသည်ကို ဖူးရ၏၊ ထို့နောက် ဘုရားအဆူတွေပွားများလာ၏၊ ထိုအခါ သားတော်ရဟန္တာနှစ်ပါးတို့သည် မီးယန္တရား, လေယန္တရား စသည်တို့ကို

တန်ခိုးဖြင့်ငြိမ်းစေလျက် ကျောက်တိုက်တို့ကိုခွာကာ ဓာတ်တော်များကိုပင့်ယူ၍ သီရိခေတ္တရာမတိုင်းကုသိနာရုံပြည်ကြီး အလယ်၌စေတီတော်တည်၍ ဌာပနာသွင်းကာ ပူဇော်ကြသည်၊ ယင်းစေတီကား ပြည်မြို့ရွှေဆံတော်ဘုရားပင်တည်း။ (စေတိယပွကာသနီကျမ်း)၊ (ပြည်ရာဇဝင်ကျမ်း ၂၅၈)။

+ + +

# ၂-ဆင်းတုတော်ခန်း

## ၁–ရုပ်တုတော်ပျက်များ ပြင်ဆင်ရန်နှင့် ကြည်ညိုဘွယ် ကောင်းအောင်ပြုပြင်မွမ်းမံနိုင်ပုံ

* သရီရပဋိဇဂ္ဂနေဝိယ ပုညမ္ပိ ဟောတိ၊ (အင်္ဂုတ္တရအဋ္ဌကထာ၊ပထမ ၃၅၆။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၄၀၈)

* သတ္ထုရူပကာယ ပဋိဇဂ္ဂနေဝိယ ပုညမ္ပိ ဟောတိ။ (သာရတ္ထဋီကာ၊ တတိယ– ၂၆၀)။

အခိပ္ပါယ်။ ။ဤပါဠိများအရ ရွှေဆင်းတု ငွေဆင်းတု ကြေးဆင်းတု ကျောက်ဆင်းတု စသည်တို့၌ လိမ်းကျံပေကပ်နေသော အညစ်အကြေး များကို ဆပ်ပြာရေ,ရွှေ ငွေ ကြေးဂျီးချွတ် ဆေးတို့ဖြင့် ကြည်ညိုဘွယ် ဖြစ်အောင် ပွတ်တိုက်၍ ကောင်းမြတ်သောစေတနာဖြင့် ပြုလုပ်ခြင်း, အဖု အပိန့် မြုတ် စသည်တို့ကို ပြောင်စင် ချောမွတ်အောင် ပွတ်တိုက်ခြင်း, ခြေကျိုး လက်ကျိုး ခေါင်းကျိုး စသည်တို့ကို မကောင်းတဲ့နေရာ ပယ်၍ ကြည်ညိုဘွယ်ဖြစ်အောင်အစားပြုလုပ်ပေးခြင်း, မကောင်းသဖြင့်ချထားသော ရွှေ,စီခြယ်ထားသော ကျောက်စသည်တို့ကို ပယ်ခွာ၍ ကြည်ညိုဘွယ်ကောင်းအောင်ထပ်မံရွှေချခြင်း,ကျောက်တို့ဖြင့် စီခြယ်ခြင်း စသည်ပြုလုပ်သော ပုဂ္ဂိုလ်သည် မြတ်စွာ

ဘုရား၏ ကိုယ်တော်ကို လုပ်ကျွေးပြုစုသောသူ၌ကဲ့သို့ ကုသိုလ်ကောင်းမှုဖြစ်၏။

[မှတ်ချက်] ဆင်းတုတော်ကောင်းများ မဖျက်ကောင်း၊ ဖျက်လျှင် အပြစ် ကြီးလေးသည်။

\+ + +

## ၂–ဖန်ဆင်းထားသော နိမ္မိတကိုယ်တော်များလည်း ရုပ်တုတော်၌ သွင်းရပုံ

(၁) သာဝတ္ထိမြို့ သရက်ဖြူပင်ရင်း၌တိတ္ထိတို့ကို နှိမ်နင်းခြင်းအကျိုးငှာစင်္ကြဝဠာတသောင်းမှ မြင့်မိုရ်တောင် တသောင်းယူ၍ ဖန်ဆင်းအပ်သော ရတနာစင်္ကြံတော်ဝယ် မြတ်စွာဘုရားသည် မေးရန်ဖြေရန်အတွက် ကိုယ်တော်တိုင် ဖန်ဆင်းအပ်သော နိမ္မိတဗုဒ္ဓရုပ်တုတော်၊

(၂) ဓမ္မာသောကမင်းကြီးသည် ကာလနဂါးကို ဆောင်၍ ကာလနဂါးသည် ဖန်ဆင်းအပ်သော နိမ္မိတဗုဒ္ဓရုပ်တုတော်၊

(၃) သီဟဠကျွန်း ကဋ္ဌအန္ဓကာရရွာ စေတီကျောင်း၌ ဖုဿဒေဝမထေရ်သည် တောင်းပန်၍ မာရ်နတ်သည် ဖန်ဆင်းအပ်သော နိမ္မိတဗုဒ္ဓရုပ်တုတော်— ဤနိမ္မိတဗုဒ္ဓရုပ်တုတော်တို့ကို ဆင်းတုတော် ရုပ်တုတော်တို့၌သွင်းယူရမည်။

ဤတွင်ဆင်းတုတော်ခဏ်းပြီး၏။

---

# ၃–ဗောဓိပင်ခန်း

## ၁—ဗောဓိကိုင်းဖြတ် ကောင်းပုံ

(က) သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓယမာနံ ဗောဓိသာခဉ္စ ဆိန္ဒိတုံ ဝဋ္ဋတိ။

(ခ) သစေပိ တတ္ထ နိလီနာ သကုဏာ စေတိယေ ဝစ္စံ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ (သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်္ဂ ဒသက နိဒ္ဒေသဝဏ္ဏနာ ၄၀၈) (အင်္ဂုတ္တရနိကာယ ကေနိပါတ အဋ္ဌကထာ အဋ္ဌာနပါဠိ ပထမဝဂ္ဂဝဏ္ဏနာ ၃၅၆)

(က) ဓာတ်တော်နှင့်တကွ စေတီတော် ရုပ်တုတော်ကို ထိုးဖျက်နှိပ်စက်နေသော ဗောဓိကိုင်းကို ဖြတ်ကောင်းသည်။

(ခ) ထိုဗောဓိကိုင်းတို့၌ နားနေကြသောငှက်တို့သည် စေတီတော်၌ ကျင်ကြီးကျင်ငယ် အကယ်၍ စွန့်ချခဲ့ငြားအံ့၊ ထိုဗောဓိကိုင်းကိုလည်း ဖြတ်ကောင်းသည်။

(ဂ) ယသ္မိံ ပန အာသနဃရေ ဓာတု နိဟိတာ ဟောတိ။ တဿ ရက္ခဏတ္ထာယ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ (ဋီကာ ... )

(ဂ) အကြင်ကျောင်း၌ မြတ်စွာဘုရား၏ ဓာတ်တော်ကို သိုမှီးကိုးကွယ်ထားအပ်၏၊ ထိုဓာတ်တော် ကျောင်းကို စောင့်ရှောက်ခြင်းငှာ ဓာတ်တော်ကျောင်းကို ထိုးနေသောဗောဓိကိုင်းကို ဖြတ်ကောင်းသည်။

\+ \+ \+

## ၂–အမြစ်ဖြတ်ကောင်းပုံ

(ဿ) စေတိယဝတ္ထုံ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။ (ၡင်းအဋ္ဌကထာ)

(ဿ) စေတီ၏ ဘိနပ်အကြည်ကို ဖျက်ဆီး၍ သွားသော ဗောဓိမြစ်ကိုလည်း ဖြတ်တောက်ပယ်ရှားကောင်းသည်။

(င) ပရိဘောဂစေတိယတော ဟိ သရီရစေတိယံ မဟန္တ-တရံ။ (ၡင်းအဋ္ဌကထာ)

(င) အကြောင်းကား မြတ်စွာဘုရား၏ဓာတ်တော် ကိန်းဝပ်သော စေတီတော် ရုပ်တုတော်များသည် ဗောဓိပင်စသော ပရိဘောဂစေတီထက် အထူးသဖြင့်မြတ်သောကြောင့်တည်း။

\+ \+ \+

## ၃–ဗောဓိပင်ကို စည်ပင်အောင်ပြုပြင်စီရင်ကောင်းပုံ

(စ) ဗောဓိဇဂ္ဂနတ္ထံ ဩဇာဟရဏသာခံ ဝါ ပူတိသာခံ ဝါ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ သရီရပဋိဇဂ္ဂနေ ဝိယ ပုညမ္ပိ ဟောတိ။ (ၡင်းအဋ္ဌကထာ)

(စ) ကောင်းသောစိတ်ဖြင့် ဗောဓိပင်၏ ကြီးပွားစည်ပင်ခြင်း အကျိုးငှာ ဩဇာရှိသောအကိုင်းကိုပယ်ခြင်း, ပုပ်ဆွေးရာအရပ်ကို ဖြတ်တောက်ပြုပြင်သော ပုဂ္ဂိုလ်သည် သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်နှင့်ရုပ်တုတော် တို့၌ သုတ်သင်ရှင်းလင်းသောသူများ ကုသိုလ်ရသလို ကုသိုလ်ကောင်းမှု တိုးပွား အကျိုး များစွာရသည်။

(ဆ) အနောမဒဿီ မုနိနော၊
ဗောဓိဝေဒိမကာသဟံ။
သုဓာယ ပိဏ္ဍံ ဒတွာန၊
ပါဏိကမ္မံ အကာသဟံ။
(အနုလေပဒါယက ထေရာပဒါနေ ၁၉၀)

(ဆ) တယောက်သော ဥပါသကာသည် မနောမဒဿီ မြတ်စွာ ဘုရား၏ ဗောဓိပင်ကို ပူဇော်ပျိုးထောင်၏၊ ဗောဓိပင်ရင်း ပတ်ဝန်းကျင် အင်္ဂတေမြေညက်ဆိုင်တို့ကို ကာရံပေးလျက် ရိုရို သေသေ ပူလုပ်သဖြင့် ယခုဘုရားရှင်လက်ထက်မှာ အနုလေပ ဒါယက ရဟန္တာ မထေရ်ဖြစ်လာ၏။

\+ \+ \+

### ၄—ဗောဓိကိုင်းနှင့် ဆင်းတု-ကျောင်းတန်ဆောင်းတို့ထက် မြတ်ပုံ

(၈) ယာ ပန ဗောဓိသာခါ ဗောဓိဃရံ ဗာဓတိ၊ တံ ဂေဟရက္ခဏတ္ထံ ဆိန္ဒိတုံ န လဗ္ဘတိ။ ဗောဓိအတ္ထံ ဟိ ဂေဟံ၊ န ဂေဟတ္ထာယ ဗောဓိ။

(စျ) အာသန ဃရေပိ ဧသေဝ နယော။ (ဋ္ဌင်းအဋ္ဌကထာ)

(၈) အကြင်ဗောဓိကိုင်းသည် ဗောဓိပင်၏ အခြံအရံ ဖြစ်သော ဗောဓိကျောင်းနှင့် ဗောဓိ — တန်ဆောင်းကို ထိုးဖျက် နှိပ်စက်၏၊ ဗောဓိကျောင်း တန်ဆောင်းကို စောင့်ရှောက်ခြင်းငှာ ထိုဗောဓိကိုင်းကို မဖြတ်ကောင်း၊ အကြောင်းကား အခြံအရံ ဗောဓိကျောင်း ဗောဓိတန်ဆောင်းသည် ဗောဓိပင် အကျိုးငှာ

သာလျှင် ဖြစ်၏၊ ပေါဓိပင်သည် ပေါဓိကျောင်း ပေါဓိ တန်ဆောင်း အကျိုးငှာ မဖြစ်နိုင်၊ ထို့ကြောင့် ပေါဓိကိုင်းကို မဖြတ်ရ။

(၈၂) ကျောင်းတန်ဆောင်းအတွက် ဆင်းတုတော်—မဖျက်ကောင်း၊ အကြောင်ကား ဆင်းတုတော်သည် ကျောင်း တန်ဆောင်းတို့ထက် မြတ်သည်။

**မှတ်ချက်။** ။ဆင်းတုတော်နှင့် ပေါဓိပင်သည်ကျောင်း တန်ဆောင်း တို့ထက် မြတ်၏။

ပေါဓိပင်ခဏ်းပြီး၏။

# ၄-ဓာတ်တော်ခန်း

## ၁-ဓာတ်တော်များ အလိုရှိ၍သော်၎င်း, ဆွေးမြေ့သော အဋ္ဌိအင်္ဂတော်တို့ကို ဖယ်ရှားလို၍ သော်၎င်း, ကောင်းအောင် အသစ်မွမ်းမံ ပြင်ဆင်လို၍ သော်၎င်း, အကြောင်းအားလျော်စွာ စေတီဟောင်း စေတီဆွေးစေတီပျက်တို့ကို ဖြိုဖျက်လျှင် အပြစ်မရှိပုံ

ဘန္တေ မယာ စတုရာသီတိ ဝိဟာရသဟဿာနိ ကာရိတာနိ၊ ဓာတုယော ကုတော လဘိဿာမီတိ။ မဟာရာဇ ဓာတုနိဓာနံ နာမ အတ္ထီတိ သုဏောမ၊ န ပန ပညာယတိ "အသုကသ္မိံ ဌာနေ"တိ။ ရာဇာ ရာဇဂဟေ စေတိယံ ဘိန္ဒာပေတွာ ဓာတုံ အပဿန္တော ပဋိပါကတိကံ ကာရေတွာ ဘိက္ခုဘိက္ခုနိယော ဥပါသကဥပါသိကာယောတိ စတဿော ပရိသာ ဂဟေတွာ ဝေသာလိံ ဂတော။ တတြာပိ အလဘိတွာ ကပိလဝတ္ထုံ။ တတြာပိ အလဘိတွာ ရာမဂါမံ ဂတော။

ရာမဂါမေ နာဂါ စေတိယံ ဘိန္ဒိတုံ နအဒံသု။ စေတိယေ နိပတိတကုဒ္ဒါလော ခဏ္ဍာခဏ္ဍံ ဟောတိ။ ဧဝံ တတြာပိ အလဘိတွာ အလ္လကပ္ပံ ဝေဋ္ဌဒီပံ ပါဝံ ကုသိနာရန္တိ သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ ပဋိပါကတိကာနိ ကတွာ ပုန ရာဇဂဟံ

ဂန္ဓာ စတသော ပရိသာ သန္နိပါတာပေတွာ "အတ္တိ ကေနစိ သုတပုဗ္ဗံ အသုကဌာနေ နာမ ဓာတုနိဓာနန္တိ" ပုစ္ဆိ။

(မဟာဝဂ္ဂ အဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ္တ ဓာတုထူပပူဇာဝဏ္ဏနာ— ၂၀၅)

## မြန်မာပြန် အဓိပ္ပါယ်အကျဉ်း

**ဓမ္မာသောကမင်းကြီး မေးလျှောက်ချက်။** ။ဓမ္မာသောက မင်းကြီးသည် ရာဇဂဟပြည်တော်၌ ဣန္ဒဂုတ္တမဟာထေရ်အမှူးရှိသော ၁—ရဟန်းယောကျ်ား၊ ၂—ရဟန်းမ၊ ၃-ဥပါသကာယောကျ်ား၊ ၄—ဥပါသိကာမ- ပရိသတ်လေးပါး စည်းဝေး၍ အရှင်ဘုရားတို့ တပည့်တော်သည် ဇမ္ဗူဒိပ်တွင် မြတ်စွာဘုရား၏ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရှိသည်ဖြစ်၍ ရှစ်သောင်း လေးထောင်သော စေတီတို့ကို တည်ထားအပ်ပါကုန်ပြီ။ ယင်းစေတီတို့၌ ဌာပနာရန် ဓာတ်တော်တို့ကို ဘယ်အရပ်မှာ ရပါအံ့နည်း၊ ဤသို့မေးလျှောက်၏။

**ရဟန်းတော်များကပြေကြားချက်။** ။မြတ်သော မင်းကြီး ဓာတ်တော်တို့ကို စုရုံး၍ ဌာပနာပြီး စေတီတည်ရာအရပ်သည်ရှိဟု ကြားဘူး၏၊ သို့သော် ဤမည်သော မြို့ရွာအရပ်စေတီ၌ ဌာပနာထား၏ဟု မထင်ရှား၊ မသိပေ၊ ဤသို့ ရဟန်းတော်များက ပြေကြား၏။

\+ \+ \+

## ၂–ရာဇဂဟစသော စေတီတို့ကိုဖြို၍ ဓာတ်တော်ရှာပုံ

ထိုအခါ ဓမ္မာသောက မင်းကြီးသည် ရာဇဂြဟမြို့၌ စေတီတော်ကို ဖြိုဖျက်၍ ဓာတ်တော်ရှာရာ မတွေ့သဖြင့် စေတီကို ပကတိအတိုင်း တည်ထားခဲ့၏၊ ထို့နောက် ပရိသတ်လေးပါး ပင့်ဆောင်၍ ဝေသာလီစေတီ၊ ကပိလဝတ္ထုစေတီ၊ အလ္လကပ္ပ စေတီ၊ ဝေဌဒီပစေတီ၊ ပါဝါစေတီ၊ ကုသိနာရစေတီတို့ကို ဖြိုဖျက်၍ရှာသော်လည်း ဓာတ်တော်များမတွေ့သဖြင့် ပကတိ အတိုင်း တည်ထားခဲ့၏။

ရာမဂါမရွာ၌ စေတီကို နဂါးတို့က ဖျက်ခွင့်မပေး၊ စေတီ၌ ချအပ်သော ပေါက်တူးတရွင်းတို့သည် အပိုင်းပိုင်း ကျိုးပျက် လေတော့၏။

ထို့နောက် (တဗြဲကော ဝိသဝဿသတိကော ထေရော အသုကဌာနေဓာတု နိဓာနန္တိ နဇာနာမိ) စသောပါဠိအရ မကျေနပ်သဖြင့် တဖန်စည်းဝေး၍ လျှောက်ပြန်ရာ အသက် (၁၂၀)ရှိသော မဟာထေရ်တပါးက အမိန့်ရှိသည်မှာ "ဤမည် သောအရပ်၌ ဓာတ်တော်ဌာပနာရာအရပ်ဟု သေချာစွာမသိ ပေ၊ သို့သော်လည်း မိမိ (၇) နှစ်သား ရှင်သာမဏေဖြစ်စဉ်က ဖခင်မဟာထေရ်ကခေါ်၍ ချုံပုတ်ကြား၌ တဆူသောကျောက် စေတီသို့သွား၍ ပန်းတို့ဖြင့် ပူဇော်ပါ၏၊ ဖခင်မဟာထေရ်မှာခဲ့ ပုံကား သာမဏေ ...ဤကျောက်စေတီကို သေချာစွာမှတ်သား ထား"ဟု အမိန့်ရှိခဲ့ပါသည်။

ဓမ္မာသောကမင်းမြတ်သည် မဟာထေရ် ပြောသောစကား ကြားရ၍ ယင်းအရပ်သို့ သွားပြီး ချုံပုတ်ရှင်း အင်္ဂါ ဂေါက် စေတီကိုဖြိုဖျက်၍ ဌာပနာတိုက်အတွင်း ကြေးစေတီ၊ ငွေစေတီ၊ ရွှေစေတီ စသည်တို့ကို ဖောက်ထွင်း၍ ခေတ်တော်များ ပင့် ဆောင်ပြီး ပကတိအတိုင်းတည်ထားခဲ့၏။

## ခေတ်တော်အတွက်စေတီဖြိုမှုယူသချက်

ဤသံဃာ့အစည်းအဝေး၌ အရှင်ဣန္ဒဂုတ္တမဟာထေရ် အရှင် နိဂြောဓမဟာထေရ် အရှင်မောဂ္ဂလိပုတ္တတိဿမဟာထေရ် အမှူး ပြုသော ခြောက်သောင်းသော ပိဋကတ်တတ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမြတ်ကြီးတွေထင်ရှားရှိခဲ့ကြပေ၏။

ခေတ်တော်အတွက် စေတီကို မဖြိုဖျက်ကောင်းသျှင် ယင်း မထေရ်မြတ်တို့က စေတီကိုမဖြိုဖျက်ရန် ပိတ်ပင်တားမြစ်ရမည်၊ ထိုသို့မတားမြစ်ဘဲ ခေတ်တော်အတွက် စေတီများ ဖြိုဖျက်၍ ခေတ်တော်များရှာရာ ကြွရောက်အကူအညီ ပေးတော်မူကြ သဖြင့်အပြစ်မရှိဟု–ယူဆပါသည်။

\+ \+ \+

## ၃–စေတီများသည် ခေတ်တော်တို့၏ ကိန်းဝပ်ရာ တိုက်ခန်းကြုတ်စသည်မည်ပုံ

ဥတ္တရရာဇပုတ္တော ကိရ သုဝဏ္ဏစေတိယံ ကာရေတွာ မဟာပဒုမတ္တေရဿ ပေသေသိ၊ ထေရော နကပ္ပတီတိ ပဋိက္ခိပိ။ (ဝိနယပိဋကပါရာဇိကဏ်အဋ္ဌကထာ ဒု၊ သံဃာ ဒိသေသကဏ္ဍ ကာယသံသဂ္ဂ သိက္ခာပဒဝဏ္ဏနာ ၁၃၀)

သုဝဏ္ဏစေတိယန္တိ ဓာတုကရဏ္ဍကံ။ ပဋိကူပိတိ ဓာတု ဋ္ဌပနတ္ထာယဂဗ္ဘဋ္ဌာတိ အဝတ္ထာ တုမှာကံ ဂဗ္ဘဋ္ဌာတိ ပေသိတတ္တာ ပဋိက္ခိပိ။ (သာရတ္ထဒီပနီဋီကာ ဒုတိယတွဲ သံဃာဒိသေသကဏ္ဍ ကာယသံသဂ္ဂ သိက္ခာပဒဝဏ္ဏနာ ၃၂၁)

ပရိဘောဂစေတိယတော ဟိ သရီရစေတိယံ မဟန္တ တရံ။ (အင်္ဂုတ္တရအဋ္ဌကထာ ပဌမတွဲ ၃၅၆)

သစ်သားစေတီ, အုဋ်စေတီ, ကျောက်စေတီ, ရွှေစေတီ, ငွေစေတီ, ကြေးစေတီ, သံ သွတ် ခဲ ချိပ်စသော စေတီတို့ သည် မြတ်စွာဘုရားသခင် ဓာတ်တော်, ရဟန္တာတို့၏ ဓာတ် တော် ကိန်းဝပ်တည်ရာ ကျောင်းတော် တိုက်ခန်းတော် ကြုတ် တော်များသာ ဖြစ်ပေသည်၊ ထိုသို့ စေတီသည် ဓာတ်တော် တို့၏ တည်ရာ ကိန်းဝပ်ရာ ကျောင်းတော် တိုက်ခန်းတော် ကြုတ်တော်များသာဖြစ်၍ စေတီထက် ဓာတ်တော်ကမြတ်၏၊ ဓာတ်တော်ကိုအလိုရှိ၍ စေတီများကိုဖြိုဖျက်ရာဝယ် ဓာတ်တော် များကသာလျှင် ပဓာနဖြစ်သောကြောင့် အရှင်ဗုဒ္ဓဃောသမဟာ ထေရ်အမှူးပြုသော သံဃာ့ အစည်းအဝေးက ခွင့်ပြုသည်ဟု ယူဆရသည်။

+ + +

## ၄–အဇာတသတ္တုမင်းဓာတ်တော်ပင့်ရာ၌ ကြည်ညိုသူ နတ်ပြည်ရောက်ပုံ

(၁) အဇာတသတ်မင်းသည် ကုသိနာရုံမှ မလ္လာမင်းတို့ထံမှ ဝေစုရလာသော ဓာတ်တော်များကို ပင့်ဆောင်သော အခါ

ပန်းများစုံလင်စွာ ပွင့်နေသောအရပ်၌ ယင်းပန်းတို့ဖြင့်ပူဇော်၍ ဌာနတိုင်း ဌာနတိုင်းပြုလုပ်၍ (၇) နှစ် (၇) လ (၇) ရက်တို့ပတ်လုံး ရာဇဂဟာမြို့သို့ ယူဆောင်ရာ ဘုရားဂုဏ်တော်ကို အောင်းမေ့လျက် ပူဇော်ကြကုန်သော မရေမတွက် နိုင်သောလူတို့သည် စိတ်ဖြင့်ကြည်ညို၍ နတ်ပြည်သို့ ရောက်ကြကုန်၏။

(၂) ရာဇဂဟာ သူဌေးကတော်နှင့် သူဌေးသမီး သူဌေးချွေးမ ဤသုံးယောက်တို့သည်လည်း ခေတ်တော်ပူဇော်သွားရာသေသည့်အခါ နတ်ပြည်ရောက်ကုန်၏။

\+ \+ \+

## ၅–ခေတ်တော်များပြစ်မှား၍ အပါယ်ရောက်ပုံ

(၃) အရိုးပူဇော်လို့ ဘာအကျိုးရှိသလဲဟု ပြောသော ရာဇဂဟာ သူဌေးနှင့် ခေတ်တော်၌ စိတ်ပြစ်မှား ကြသော ရှစ်သောင်းခြောက်ထောင်သော သူတို့သည် ပြိတ္တာဘုံ၌ ဖြစ်ကြကုန်၏။ (ပေတဝတ္ထုအဋ္ဌကထာ စူဠဝဂ္ဂဓာတုဝိဝဏ္ဏ ပေတဝတ္ထု၊ ၁၉၆/မဟာဝဂ္ဂအဋ္ဌကထာ-ဓတုထူပပူဇာဝဏ္ဏနာ-၂၀၂)

ဤတွင်ခေတ်တော်ခဏ်းပြီး၏။

# ၅-ထူပါရဟာခဏ်း

## ၁—စေတီထိုက်သော ပုဂ္ဂိုလ်ထူး ၄—ဦး

စတ္တာရောမေ ဘိက္ခဝေ ထူပါရဟာ။ ကတမေ စတ္တာရော (၁) တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော။ (၂) ပစ္စေကဗုဒ္ဓေါ ထူပါရဟော။ (၃) တထာဂတသာဝကော ထူပါရဟော။ (၄) ရာဇာ-စက္ကဝတ္တိ ထူပါရဟော။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ထူပါရဟာ။

(အင်္ဂုတ္တရနိကာယ စတုက္က နိပါတပါဠိ၊ အာပတ္တိဘယဝဂ္ဂ ထူပါရဟာသုတ္တ ၅၆၇)

(ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ ထူပါရဟာပုဂ္ဂလ ၁၁၇)

(၁) တထာဂတ—သဗ္ဗညုမြတ်စွာဘုရား၊

(၂) ပစ္စေကဗုဒ္ဓ—အသီးအခြား ဗောဓိဉာဏ်ကိုထိုးထွင်း၍ သိသောဘုရား။

(၃) တထာဂတသာဝက—မြတ်စွာဘုရား၏ တပည့်သား အရိယာ ရဟန္တာများ။

(၄) စက္ကဝတ္တိရာဇ—လေးကျွန်းလုံးကို အစိုးရ၍ မေတ္တာ ဘာဝနာခေါင်းတပ်သော ၅—ပါး သီလအမြဲတည် လျက် လောက သာသနာအကျိုးကို ဆောင်ရွက်

သော စကြာရတနာကို လည်စေနိုင်သောရှင်ဘုရင်။
ဤပုဂ္ဂိုလ်ထူး လေးဦးသာလျှင် စေတီထိုက်၏။

\+ \+ \+

## ၂—ဓာတုစေတီများပူဇော်လျှင်အကျိုးရပုံ

စတုဗ္ဗေ ထူပါရဟာတိ ထူပဿ ယုတ္တာ အနုစ္ဆ-ဝိကာ။ စက္ကဝတ္တိနော ဟိ စေတိယံ ပဋိဇဂ္ဂိတွာ ဒွေ သမ္ပတ္တိယော လဘန္တိ၊ ဗုဒ္ဓါနံ စေတိယံ ပဋိဇဂ္ဂိတွာ တိဿောပိ။ (အင်္ဂုတ္တရနိကာယ ဒုကနိပါတ အဋ္ဌကထာ ဒုတိယပဏ္ဏာသက ၅၁)

စကြာမင်း၏ စေတီကိုပူဇော်လျှင် လူချမ်းသာ, နတ်ချမ်းသာ—လောကီအကျိုး ၂—မျိုးရသည်၊ မြတ်စွာဘုရား၏ ဓာတုစေတီကို သုတ်သင် ရှင်းလင်း ပူဇော်လျှင် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ခံစံရ၏။

ပဌမေ ရာဇာ စက္ကဝတ္တီတိ ဧတ္ထ ကသ္မာ ဘဂဝါ အဂါရမဇ္ဈေ ဝသိတွာ ကာလကတဿ ရညော ထူပ-ကရဏံ အနုဇာနာတိ။ န သီလဝတော ပုထုဇ္ဇနဘိက္ခု-ဿာတိ၊ အနစ္ဆရိယတ္တာ။ ပုထုဇ္ဇနဘိက္ခူနဉှိ ထူပေ အနုညာယမာနေ တမ္ဗပဏ္ဏိဒီပေ တာဝ ထူပါနံ ဩကာသော န ဘဝေယျ၊ တထာ အညေသု ဌာနေသု။ တသ္မာ အနစ္ဆရိယာ တေ ဘဝိဿန္တီတိ နာနုဇာ-နာတိ။

စက္ကဝတ္တိ ရာဇာ ဧကော၀ နိဗ္ဗတ္တတိ၊ တေနသာ ထူပေါ အစ္ဆရိယော ဟောတိ။ ပုထုဇ္ဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ။ (အင်္ဂုတ္တရနိကာယ စတုက္က နိပါတ အဋ္ဌကထာ ပဌမပဏ္ဏာသက အာပတ္တိဘယဝဂ္ဂ ထူပါရဟ-သုတ္တဝဏ္ဏနာ ၃၉၅)

မေး။ မြတ်စွာဘုရားသည် အိမ်၏အလယ်၌နေ၍ နတ်ရွာ စံသော ပုထုဇ္ဇန လူစကြာမင်းကို စေတီတည် ပူဇော်ကိုးကွယ်ခြင်းကို ခွင့်ပြုပါလျက် သီလဝန္တ ပုထုဇ္ဇန်ရဟန်းကို စေတီတည် ပူဇော်ကိုးကွယ်ခြင်းကို အဘယ့်ကြောင့်ခွင့်မပြုပါသနည်း။

ဖြေ။ သီလဝန္တ ပုထုဇ္ဇနရဟန်းများ၏ စေတီတည်ခြင်းကို ခွင့်မပြုခြင်းသည် အံ့ဩဘွယ် မဖြစ်သောကြောင့် စသည်တည်း၊ လေးကျွန်း တမြင့်မိုရ် တခုသော စကြဝဠာ၌ တဦး တည်းသော ပုဂ္ဂလဝိသေသ သီလဝန္တ မင်းကျင့်တရား ၁၀-ပါး, ဗြဟ္မဝိဟာရ တရား လေးပါး, အဂတိတရားလေးပါး, သင်္ဂဟ တရားလေးပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ လောက အကျိုး သာသနာ့အကျိုးနှစ်မျိုးကို ဆောင်ရွက် သောကြောင့် စက္ကာဝတ္တိမင်းကို စတုတ္ထစေတီတည်၍ ကိုးကွယ်ပူဇော်ထိုက်သည်၊ လူတို့ သာလျှင် ရှိခိုး ထိုက်၏၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများက ရှိမ ခိုးထိုက်။

ပုထုဇ္ဇန သီလဝန္တရဟန်းတော် ပျံလွန်လျှင် ပရိနိဗ္ဗုတ ခီဏာသဝ ရဟန္တာများကဲ့သို့ ကြီးစွာပူဇော်ရမည်၊ သို့သော် စေတီတော်တည်၍ ကိုးကွယ်ခြင်းငှာမထိုက်ပေ။

အထူးမှာထားချက်။ ။ယခုအခါ မိမိတို့အားထား မှီခိုရာ အထူးကိုးကွယ်ရာ ဆရာတော်မဟာထေရ်ကြီးများ ပျံလွန်လျှင် မီးသင်္ဂြိုဟ်၍ အရိုးကို ကျောင်းဝင်းအတွင်း ထိုကျောင်းစေတီ ဝင်းအတွင်း စေတီတည်ခြင်း, အလောင်းကို စေတီယင်ပြင် ကျောင်းတွင် ဂူသွင်းထားခြင်း ပြုလုပ်ကြ၏၊ ထိုသို့ပြု၍ ထိုကျောင်းတိုက် စေတီများသည် ရှေးက စည်ကားတိုးပွားသော်လည်း နောက်ပိုင်းပျက်စီးဆိတ်သုဉ်းခြင်းသို့ ရောက်သွားကြတော့သည်၊ ထို့ကြောင့် ပညာရှင်ဖြစ်ကြသော ဆရာတော်မဟာ–ထေရ်တို့သည် မိမိတို့ဆရာများ၏ အလောင်းတို့ကို မီးသင်္ဂြိုဟ်၍ ရေမျှောပစ်ခြင်း, အချို့ရဟန်းရှင် လူများက စေတီ တည်လိုလျှင် ကျောင်းတိုက် စေတီအာရာမ်မှလွတ်သော နေရာတို့၌ သီးခြားတည်ထားစေခြင်းကို ပြုလုပ်ကြသည်၊ ထိုသို့ပြုလုပ်သဖြင့် မူရင်းကျောင်းတိုက် စေတီအာရာမ်တို့ကို မထိခိုက်ဘဲ ကြီးပွားမြဲကြီးပွားထွန်းကားမြဲ ထွန်းကားသည်၊ ပစ္စက္ခသာဓကကား–ပခုက္ကူမြို့မဟာဝိသုတာရာမကျောင်းတိုက်ကြီး၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်–စသည်တို့သည်လည်း ဤဆိုခဲ့ပြီးသော နည်းအတိုင်းပြု၍ ကြီးပွားခြင်းကို မထိခိုက်ပဲ ဆက်လက်ကြီးပွားတိုးတက်လျက်ရှိပေသည်။

\+ \+ \+

၃—ရဟန်းစစ်မဟုတ်သော်လည်း ဘုရားကိုရည်ရွယ်၍ ရဟန်းပြုသော ပုဂ္ဂိုလ်များအရဟတ္တဖလရလျှင် ဓာတ်တော်စေတီထိုက်ပုံ

ဘိက္ခဝေ ကောသိမ္ဗိ ဂေဟာဒ္ဒါရေ ဌတွာ မဋ္ဌကာံ
အာဟာရာပေတွာ ဣမံ သရီရံ နဂရတော နီဟရိတွာ
ဈာပေတွာ ထူပံ ကရောထ။ (ဓမ္မပဒအဋ္ဌကထာ ပဌမတွဲ
သဟဿဝဂ္ဂ ဗာဟိယဒါရုစီရိယတ္ထေရဝတ္ထု၊ ၄၁၂)

ဗာဟိယဒါရုစီရိယ မထေရ်သည် သာဝတ္ထိမြို့မှ ကူးသန်းသွားလာရန်အတွက် လှေသင်္ဘောစီး၍သွားရာ သင်္ဘောပျက်သဖြင့် တခုသော ပျဉ်ချပ်ကိုရ၍ အားထုတ်ကူးရာ သုပ္ပါရကပဋ္ဋနသင်္ဘောဆိပ်သို့ ရောက်သွား၏၊ အဝတ်တန်းဆာမရှိသဖြင့် ချောက်သော သစ်ချောင်းတို့ကို လျှော်တေတို့ဖြင့် ရစ်ပတ်ဝတ်၍ ခွက်လက်စွဲပြီး သုပ္ပါရကပဋ္ဋနရွာတွင်းသို့ ထမင်းတောင်းရန် ဝင်သွားသောအခါ လူအများက ရဟန္တာဟု ချီးမွမ်း၍ ယာဂုဆွမ်းတို့ကို ပေးလှူကြကုန်၏၊ ဤနေ့ကစ၍ ရဟန္တာလုပ်တော့၏၊ ထိုအခါ ကဿပဘုရားရှင်လက်ထက်က တရားကျင့်ဘက် သုဒ္ဓါဝါသဗြဟ္မာကြီးက "သင်ကား ရဟန္တာမဟုတ်တိတ္ထိသာ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ပွင့်ထွန်းလာသည်ဖြစ်၍ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏၊ ဘုရားထံသင်သွား၍ ပုစ္ဆာမေးလေ"ဟု ပြောဆိုတိုက်တွန်းလိုက်သဖြင့် သုပ္ပါရကပဋ္ဋနရွာမှ ယူဇနာ ၁၂၀—ဝေးကွာသော သာဝတ္ထိမြို့ ဘုရားသခင်ထံသို့ တညချင်းရောက်အောင်သွားပြီး ဘုရားဖူး၍ တရားတောင်းပန်၏။

ဘုရားက "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ သုတေ သုတမတ္တံ မုတေ မုတမတ္တံ ဘဝိဿတိ" အစရှိသောနည်းဖြင့် တရားဟောလိုက်သောအခါ အာသဝက္ခယ်ခန်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေတော့၏၊ ထိုအခါရဟန်းအဖြစ်ကို တောင်းပန်၏၊ သပိတ်သင်္ကန်း မပြည့်စုံသဖြင့်သပိတ်သင်္ကန်း အရှာထွက်လာရာ ရွှေဘဝသူခွေးသားဖြစ်စဉ်အခါက ရန်သူဖြစ်ခဲ့ဘူးသော ပြည့်တန်ဆာမဘီလူးက နွားယောင်ဆောင်ဖော့၍ သေလေတော့၏၊ ထိုအခါ မြတ်စွာဘုရားသည် တခုသော အိမ်တံခါး၌ရပ်လျက် ကုဋ္ဌင်သြောင်မစောင်း ဆောင်ယူစေပြီး ဉာဏ်ဒါရုစီရိယအလောင်းကို မြို့ပြင်ထုတ် မီးသင်္ဂြိုဟ် စေတီတည်ဟု အမိန့်ပေးပြီး ကျောင်းသံဃာ အစည်းအဝေး၌ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော" ဟု ဧတဒဂ်အရာထားတော်မူ၏။)

◆ + +

## ၄-ပက္ကုသာတိမင်း၏ ခတ်တော်စေတီထိုက်ပုံ

ပက္ကုသာတိ မင်းသည် ရာဇဂြိုဟ်မြို့ ဗိမ္ဗိသာရ မင်းကြီးနှင့် အလွန်တရာ အကျွမ်းဝင်သော အဒိဋ္ဌသဟာယဖြစ်၍ ထူးထူးဆန်းဆန်း လက်ဆောင်များပေးစတမ်းဟု ကတိကဝတ်ပြုထားရာ ပက္ကုသာတိ မင်းမြတ်သည် တန့်သန့်ကိုက် ငါးမျိုးသော အဆင်းရှိသော အဘိုးမဖြတ်နိုင်သည့် ရှစ်ထည်သော ကမ္ဗလာတို့ကိုရ၍ ရှစ်ခုသောအနှစ်ရှိသော အသားတို့ကို ကြုတ်လုပ်စေလျက် ရှစ်ထည်သောကမ္ဗလာတို့ကို ချိပ်ကြုတ်အတွင်း ထည့်ပြီး

ပုဆိုးဖြူတို့ဖြင့် ရစ်ပတ်လျက် မင်းတံဆိပ်ခတ်နှိပ်ကာတမန်အမတ်များကို ပို့စေ၏၊ ဗိမ္ဗိသာရ မင်းမြတ်သည် ပရိသတ်ဗိုလ်ပုံအလယ် ဖွင့်သောအခါ အဘိုးအနဂ္ဃထိုက်တန်သော ကမ္ဗလာရှစ်စုံတို့ကို တွေ့မြင်သည်ဖြစ်၍ လူအများက ကောင်းချီးသြဘာမင်္ဂလာပေးကြ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် "အဒိဋ္ဌသဟာယ"[၂] ပက္ကုသာတိ မင်းကြီးထံ လက်ဆောင်ပြန်ရန် စဉ်းစားသောအခါ လောကီရတနာထက် လောကုတ္တရာရတနာသည် အမြတ်ဆုံးဟု ဆင်ခြင်မိပြီး အလျားလေးတောင်, အနံတထွာရှိ မပါးမထူလွန်းသော ရွှေပြားပေါ်၌ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်တို့ကို ရေးသားပြီးနောက် ရွှေပြားကိုလိပ်၍ သိမ်မွေ့နူးညံ့သော ကမ္ဗလာဖြင့်ရစ်ပတ်ကာ အနှစ်သာရရှိသော ပန်းကလာပ်၌ ထည့်ပြီးလျှင် ရွှေ ငွေ ပတ္တမြား သန္တာ နီလာ ပတ္တမြားပြောက် ဖလ် ဆင်စွယ်စသော ရတနာတို့ဖြင့် စီခြယ်သော ကြုတ်တို့ကို လုပ်၍ထည့်ပြီး မင်းတံဆိပ်ခတ်နှိပ်၍ သံတမန်အမတ်တို့ကို ပို့စေ၏။

ပက္ကုသာတိမင်းမြတ်သည် ရတနာသုံးပါးနှင့် စပ်ဆိုင်သော ဤလက်ဆောင်တော်ကိုရ၍ အထူးအားဖြင့် ညွှန်ပြထားသော အာနာပါနကမ္မဋ္ဌာန်း အားထုတ်ရာ စတုတ္ထဈာန်သို့ ရောက်၍ ဈာန်ချမ်းသာခံစားနေရာ တိုင်းသူပြည်သားများ အုံကြွလာသဖြင့် မြတ်စွာဘုရားကို ရည်ရွယ်ပြီး ရဟန်းပြုလျက် နန်းတော်ကို စွန့် ဘုရားထံအသွား ရာဇဂဟမြို့ တခုသောအိုးထိန်းသည်

ဇရပ်၌ နေစဉ် မြတ်စွာဘုရားသည် သာဝတ္ထိမြို့မှ ရာဇဂြိုဟ်မြို့ အိုးထိန်းသည်အိမ် ပက္ကုသာတိမင်းရှိရာ အိုးထိန်းသည်ဇရပ်၌ တည်တည်းခိုပြီး နံက်အရုဏ်တက် အခါ မြတ်စွာ ဘုရားသည် ဥပရိပဏ္ဏာသ ဓာတုဝိဘင်္ဂ သုတ်တော်ကိုဟော၍ အနာဂါမိ တည်သည်နှင့် တပြိုင်နက် ရောင်ခြည် လွှတ်ကာ ပက္ကုသာတိ မင်းအား ဘုရားမှန်းသိစေ၏။

ဒါရုစီရိယ နည်းတူ သပိတ်သင်္ကန်းရှာရင်း ရန်သူ ဘီလူး မတော့၍ အမှိုက်ပုံ၌ သေလေတော့၏၊ ထိုအခါ ဗိမ္ဗိသာရ မင်းမြတ်သည် ရာဇဂြိုဟ်မြို့ တမြို့လုံး လှမ်းမိုးသွားသော ဘုရား ရောင်ခြည်တော်ကို ဖူးရသဖြင့် ကိုယ်တိုင် အိုးထိန်းသည်အိမ် မြတ်စွာဘုရားထံ ဖူးမြော်၍ အကြောင်းလျှောက်ရာ တက္ကသိုလ်မြို့ ပက္ကုသာတိမင်းသည် ငါဘုရားကို အာရုံပြုပြီး ရဟန်းပြုလာရာ ဤအိုးထိန်းသည် ဇရပ်၌ ငါဘုရား တရားဟော၍ ဖိုလ်သုံးဆင့် ထိုးထွင်းသိ၏၊ ယခုအခါ ရဟန်းပြုရန် သင်္ကန်းရှာသွားနေသည်ဟု အမိန့်တော်ရှိပြီး မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

\+ \+ \+ \+

## ၅—ဗိမ္ဗိသာရမင်း ပက္ကုသာတိအလောင်း သင်္ဂြိုဟ်ပြီး စေတီတည်ပုံ

ဗိမ္ဗိသာရမင်းမြတ်သည် တမြို့လုံး အနှံ့လိုက်ရှာရာ အမှိုက်ပုံ စု၌ ကိုးကွယ်ရာမဲ့ သေနေသည်ကိုတွေ့၍ ညောင်စောင်းဖြင့် ယူစေပြီး သင့်သောအရပ်၌ ထားလျက် ရေမိုးချိုးပြီး ဖြူစင် သော အဝတ်တို့ကို ဝတ်စေလျက် မင်းအသွင်တန်းဆာဆင်ကာ

ရွှေထမ်းစင်ဖြင့် ထမ်းလျက် ပန်းနံ့သာ တူရိယာတို့ဖြင့် ပူဇော်ကာ မြို့ပြင်ထုတ်၍ နံ့သာထင်းတို့ဖြင့် မီးသင်္ဂြိုဟ်ပြီး (ကုလပုတ္တဿ သရီရကိစ္စံ ကတွာ ဓာတုယော အာဒါယ စေတိယံ ပတိဋ္ဌပေသိ) ပါဠိအရ ဓာတ်တော်တွေ ကြွင်းကျန်၍ ဘုရင်မင်းမြတ်သည် ပက္ကုသာတိ မင်းရဟန်း၏ ဓာတ်တော်တို့ကိုယူ၍ စေတီတည်၏။

[**မှတ်ချက်**။ ။ရွှေဘဝအတူနေ သုဒ္ဓါဝါသ ဗြဟ္မာက ညွှန်ကြားသဖြင့်ဒါရုစီရိယသည်ဘုရားရည်မှန်းသည့် ရဟန်းစိတ် ဖြစ်လာသောကြောင့် အရဟတ္တဖလ ရသည်နှင့် တပြိုင်နက် အရှင်မဟာကဿပတို့လို ရဟန်းဖြစ်၏။ ။ပက္ကုသာတိ မင်းသည် ဘုရားရည်ရွယ်၍ ရဟန်းပြုသော်လည်း ရဟန်းအစစ်မဟုတ်သေးပေ၊ လူ့ပြည်၌ ဖိုလ်သုံးပါးရ၍ သုဒ္ဓါဝါသဘုံသို့ ရောက်သည်နှင့် တပြိုင်နက် အရဟတ္တဖလ ဖြစ်သွားသောကြောင့် ရဟန္တာလို့ ခေါ်ရ၍ ဓာတ်တော်တို့ကို **စေတီတည်** ထိုက်၏။]

✣ ✛ ✣

၆–သန္တတိအမတ်ကြီး ဝတ္ထု

အလင်္ကတော စေပိ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။

(ဓမ္မပဒ အဋ္ဌကထာဒုတိယအုပ် ဒဏ္ဍဝဂ် သန္တတိ မဟာမတ္တဝတ္ထု ၅၂)

သန္တတိ အမတ်ကြီး အရဟတ္တဖလရောက်၍ မြတ်စွာဘုရားရှေ့မှောက် တန်ခိုးပြပြီး ကောင်းကင်၌ တေဇောဓာတ် လောင်ကျွမ်းရာ မြတ်စွာဘုရားက အဝတ်ဖြူဖြင့်ခံ၍ သပိတ်တွင်ထည့်ပြီး ဤဓာတ်တော်တို့ကို လူအများ ပူဇော်၍ ကုသိုလ်တိုးပွားခြင်းငှာ လမ်းဆုံလမ်းလေးခွ၌ စေတီတည်လေဟု အမိန့်ရှိတော်မူ၏၊ ဘုရားအမိန့်အတိုင်း ပြုလုပ်ကြ၏၊ ရဟန်းတော် များသည် "ဤသန္တတိ အမတ်ကြီးသည် လူဝတ်တန်ဆာဖြင့် ပရိနိဗ္ဗာန်စံ တေဇောဓာတ်လောင်သွား သောကြောင့် လူဟူ၍ ခေါ်ဝေါ်သင့်သလော၊ သို့မဟုတ် သမဏ ဗြာဟ္မဏဟူ၍ ခေါ်ဝေါ်သင့်သလော-တွေးတောသံသယ ဖြစ်နေရာ မြတ်စွာဘုရားက လူဝတ်တန်ဆာ ဝတ်ဆင်သော်လည်း ကိလေသာကုန်ခန်း ရဟန္တာဖြစ်သွားသောကြောင့် ကိလေသာတို့မှကင်းသော သမဏဗြာဟ္မဏဘိက္ခုဟူ၍ ခေါ်ဝေါ်ရမည်"ဟု မိန့်တော်မူသည်။

(ဝိနယမဟာဝဂ္ဂ အဋ္ဌကထာ မဟာခန္ဓကရာဟုလ ဝတ္ထုကထာ ၂၇၉-လာ သုဒ္ဓေါဒနမင်းကြီးလည်း ဤအတိုင်း နည်းယူရမည်။)

\+ \+ \+

## ၇-စေတီမထိုက်သော ပုဂ္ဂိုလ်များ

ပုထုဇ္ဇနသီလဝန္တ လောကီသမာပတ္တိ အဘိညာဏ်ရ ရဟန်းတော် များနှင့်လူသေက္ခပုဂ္ဂိုလ် (၇) ယောက်တို့သည် ဗာဟိယ စေတီ မထိုက်ကုန်၊ထို့ကြောင့် စေတီတည်၍ မကိုးကွယ်ရပေ။

## ၈၆ ရုပ်ပွားစေတီတော်ဟောင်း ပြင်ဆင်မှုအဆုံးအဖြတ်

ဘုရားသခင်လက်ထက်တော်အခါ သီလဝန္တအကြီးအကဲ ဖြစ်သော ဘိက္ခုနီမကြီးတပါးကွယ်လွန်၍ တပည့်ဘိက္ခုနီမများက သုသာန်၌ အရိုးစေတီတည်ထား၍ နေ့စဉ်နေ့တိုင်း လာငိုနေ၏၊ သုသာန်ဓုတင် ဆောက်တည်သော မထေရ်မြတ် တပါးသည် ဓမ္မန္တရာယ်ဖြစ်သောကြောင့် ယင်းဘိက္ခုနီမ ခေါင်းဆောင်ကြီး၏ စေတီကို ဖျက်ဆီးပစ်လိုက်၏။

ဤတွင်ထူပါရဟာခဏ်းပြီး၏။

# စေတိယသန္တကခဏ်း

## ၁-စေတီတဆူ၏အပိုပစ္စည်းကို တပါးသောစေတီအား လှူကောင်းပုံ

(က) ဧကဿ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပေတွာ ဌိတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ။
(ပါရာဇိကဏ် အဋ္ဌကထာ၊ဒု-တွဲ၊ ပရိဏတသိက္ခာပဒ ဝဏ္ဏနာ၊ ၃၀၂)
ဌိတံ ဒိသွာတိ သေသကံ ဂဟေတွာ ဌိတံ ဒိသွာ။
(သာရတ္ထဒီပနီ ဋီကာ၊ ဒု-တွဲ၊ ပရိဏတ သိက္ခာပဒ ဝဏ္ဏနာ၊ ၄၄၈)

(ခ) သစေ ပန ဧကသ္မိံ စေတိယေ ပူဇိတံ ပုပ္ဖံ ဂဟေတွာ အညသ္မိံ စေတိယေ ပူဇေတိ။ (၎င်း ဋီကာ၊ ၄၄၈)

### အဓိပ္ပါယ်အကျဉ်း

(က) ထီး တံခွန် စသည်ပြည့်စုံပြီးသော တဆူသောစေတီ၏ အပိုပစ္စည်းတို့ကို မပြည့်စုံသော တပါးသော စေတီအား ပေးလှူကောင်းသည်။
(ခ) စေတီတဆူ၌ ပူဇော်ထားသောပန်းတို့ကို ယူ၍ တပါးသောစေတီ၌ ပူဇော်ကောင်းသည်။

\+ \+ \+

## ၂—စေတီ၌ ထီးသစ်ထီးဟောင်းစသည်တို့ကို ဒါယကာရှာ ပြုလုပ်စေလျက် လုံးဝမရှိလျှင် စေတီကြီး၏ဘဏ္ဍာမှ ထုတ်သုံးနိုင်ကြောင်း

(က) စေတိယေ ဆတ္တံ ဝါ ဝေဒိကံ ဝါ ဗောဓိဃရံ ဝါ အကတံဝါ ကရောန္တေန,ဇိဏ္ဏံ ဝါ ပဋိသင်္ခရောန္တေန, သုဓာကမ္မံ ဝါ ကရောန္တေန, မနုဿေ သမာဒပေတွာ ကာတုံ ဝဋ္ဋတိ။

(ခ) သစေ ကာရကော နတ္ထိ၊ စေတိယဿ ဥပနိက္ခေပတော ကာရေတဗ္ဗံ။
(ဝိနယပိဋက၊ ပရိဝါအဋ္ဌကထာ၊ ပဉ္စဝဂ္ဂ ကမ္မဝဂ္ဂ ဝဏ္ဏနာ၊ ၂၅၄)

စေတိယဿ ဥပနိက္ခေပတောတိ စေတိယေ နဝကမ္မတ္ထာယ ဥပနိက္ခိတ္တတော၊ စေတိယသန္တကတောတိ ဝုတ္တံ ဟောတိ။
(သာရတ္ထဒီပနီဋီကာ၊ တ—တွဲ၊အပလောကန ကမ္မကထာ ဝဏ္ဏနာ၊ ၄၉၃)

ဥပနိက္ခေပတောတိ စေတိယပဋိဇဂ္ဂနတ္ထာယ ဝုဍ္ဍိ ယာ ပယောဇေတွာ ကပ္ပိယကာရကေဟိ ဌပိတဝတ္ထုတော။
(ဝိမတိဝိနောဒနီဋီကာ၊ သင်္ဂဟဝဂ္ဂ၊ အပလောကန ကမ္မကထာဝဏ္ဏနာ၊၃၁၈)

(က) စေတီတော်၌ မပြုလုပ်ရသေးသော ထီး ပွတ်တိုင် ဗောဓိကျောင်း, ဆင်းတုတော် ကိန်းဝပ်ရာကျောင်း (ဝါ) လူများ ဘုရားဝတ်ပြုရာ တန်ဆောင်း စသည်တို့ကို အသစ်ပြုလုပ်ရန်နှင့် ဆွေးနွေးနေသော ထီး ပွတ်တိုင် ဗောဓိကျောင်း, ဆင်းတုတော်ကိန်းဝပ်ရာကျောင်းတို့ကို ပြုပြင်ခြင်း၊ အင်္ဂတေမြေညက်ဖြင့် မွမ်းမံပြုပြင်ရာ၌လူတို့ကိုဆောက်တည်စေ၍ အလှူဒါယကာ ပြုလုပ်စေရမည်။

(ခ) ထီး ပွတ်တိုင် စသည်တို့ကို ပြုပြင်ရာ၌ လှူဒါန်းမည့် ဒါယကာမရှိခဲ့သော် မူလပင်ရင်း စေတီတော်ကြီး၏ ဘဏ္ဍာတော်ရံပုံငွေမှ ထုတ်၍ပြုလုပ်ရမည်။

ပုံစံထုတ်မည်ဆိုသော် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်၌ အခြံအရံ တန်ဆာဆင်ထားသော စေတီများ, ရုပ်တုတော်များ ကိန်းဝပ်ရာ တန်ဆောင်း, ထီး တံခွန် စသည်များတို့ ပျက်စီးနေခဲ့သည်ရှိသော် ပြုပြင်မည့် ဒါယကာမရှိက ရွှေတိဂုံစေတီကြီး၏ ဘဏ္ဍာတော်ရံပုံငွေမှ ထုတ်၍ပြုပြင်ကြသည်။

\+ \+ \+

### ၃–စေတီနှင့်စပ်သမျှကို သံဃိကပစ္စည်းဖြင့် လုပ်ကောင်းကြောင်း

(က) ဥပနိက္ခေပေပိ အသတိ အပလောကနကမ္မံ ကတွာ တတြုပ္ပါဒတော ကာရေတဗ္ဗံ၊ သံဃိကေနပိ သံဃံ အပလောကေတွာ စေတိယကိစ္စံ ကာတုံ ဝဋ္ဋတိ။

(ခ) စေတိယဿ သန္တကေန အပလောကေတွာပိ သံဃ ကိစ္စံ ကာတုံ နဝဋ္ဋတိ။

(ဂ) ဘာဝကာလိကံ ပန ဂဟေတွာ ပါကတိကံ ကာတုံ ဝဋ္ဋတိ။

(ပရိဝါ အဋ္ဌကထာ၊ ပဉ္စဝဂ္ဂ၊ ကမ္မဝဂ္ဂဝဏ္ဏနာ၊ ၂၅၄)

(က) လူမည့်ဒါယကာနှင့် စေတီ၏ ရုပ်ပွား မရှိခဲ့သော် သံဃိက—သံဃာ၏ ဥစ္စာဖြစ်သော ပစ္စည်းဖြင့် သံဃာကို ပန်ကြား၍ စေတီ၏ ကိစ္စမှန်သမျှ ပြုလုပ်ကောင်းသည်။

(ခ) စေတီ၏ ဥစ္စာပစ္စည်းဖြင့် ပန်ကြားဆုံးဖြတ်၍ သံဃ ကိစ္စမှန်သမျှ ပြုလုပ်ခြင်းငှာမသင့်။

(ဂ) သို့သော်လည်း အခိုက်အတန့် ချေးငှားယူ၍ သံဃ ကိစ္စ ပြုလုပ်ပြီးလျှင် နောင်အခါ စေတီတော်၏ ပစ္စည်းမှန်သမျှ ပြကတေ့အတိုင်း ပြန်ပေးရမည်။

\+ \+ \+

## ၄—စေတီပစ္စည်း အရမ်းမသုံးကောင်းပုံ

(ဃ) စေတိယေ သုဓာကမ္မာဒီနိ ကရောန္တေဟိ ပန ဘိက္ခာ စာရတော ဝါ သံဃတော ဝါ ယာပန မတ္တံ အလဘန္တေဟိ စေတိယသန္တကတော ယာပန မတ္တံ ဂဟေတွာ ပရိဘုဉ္ဇန္တေဟိ ဝတ္တံ ကာတုံ ဝဋ္ဋတိ။ ဝတ္တံ ကရောမာတိ မစ္ဆမံသာဒီဟိ သံဃဘတ္တံ ကာတုံ နဝဋ္ဋတိ။

(ပရိဝါ အဋ္ဌကထာ၊ ပဉ္စဝဂ္ဂ၊ ကမ္မဝဂ္ဂဝဏ္ဏနာ ၂၅၄)

(ဃ-၁) စေတီ၌ အင်္ဂတေ မြေညက် လိမ်းကျံပြုပြင်ခြင်း
အမှုစသည်တို့ကို ပြုကြသော ရဟန်းတော် များ
သည် ပထမ—ဒါယကာ ဒါယိကာမများထံမှ ထောက်ပံ့သော
ပစ္စည်းကိုသာ သုံးဆောင်၍ ဘုရားဝေယျာဝစ္စ ပြုရမည်။
(ဃ-၂) ဒုတိယ—ကိုယ်တိုင် ဆွမ်းခံစား၍ ပြုလုပ်ရမည်။
(ဃ-၃) တတိယ—ဆွမ်းမခံနိုင်က သံဃပစ္စည်းမှ အင်္ဂတေ
မြေညက် လိမ်းကျံသော ရဟန်းများ မျှတလောက်
ရုံသာ ယူ၍ စားသုံးပြုလုပ်ရမည်။
(ဃ-၄) စတုတ္ထ—ဆွမ်းခံ၍လည်း မျှတလောက်အောင်မရ၊
သံဃ ပစ္စည်း မှလည်း မျှတ လောက် အောင်
မထောက်ပံ့နိုင်လျှင် စေတီတော်၏ ပစ္စည်းမှ ဝေယျာဝစ္စပြုသော
ရဟန်းတော်များ မျှတလောက်ရုံယူ၍ သုံးဆောင်ပြီး ပြုလုပ်
ဆောင်ရွက်ရမည်။ .

**မသင့်ပုံ။** ။ငါတို့သည် ဘုရားဝေယျာဝစ္စကို ပြုကြကုန်၏ဟု
နှလုံးပိုက်၍ ငါးဟင်း အမဲသားဟင်း အစရှိ
သော ဟင်းကောင်းဟင်းလျာတို့ဖြင့် ဝေယျာဝစ္စ သံဃာတော်
ဆွမ်းဘတ်မှု ပြုလုပ်စားသုံးခြင်းငှာမသင့်။

\+ \+ \+

## ၅—စေတီ ဗောဓိပင် ဝေယျာဝစ္စပြုသူ စေတီဗောဓိပင်တို့၌ လှူထားသော ခဲဘွယ် ဘောဇဉ် စားကောင်းပုံ

(က) ဆဒ္ဒိတဝိဟာရေ မနုဿာ ဗောဓိ စေတိယာဒီနိ
ဇဂ္ဂိတွာ ဘုဉ္ဇန္တူတိ သလာကဘတ္တံ ပဋ္ဌပေန္တိ၊

ဘိက္ခူ သကဋ္ဌာနေသု ဝသိတွာ ကာလဿေဝ ဂန္တွာ တတ္ထ ဝတ္တံ ကရိတွာ တံ ဘတ္တံ ဘုဥ္ဇန္တိ၊ ဝဋ္ဋတိ။
(ဝိနယ စူဠဝဂ္ဂ အဋ္ဌကထာ၊ သေနာသနက္ခန္ဓက၊ သလာကဘတ္တကထာ၊ ၁၀၂)

(ခ) ဧတရဟိ ပန ပဏ္ဍိတ မနုဿာ သဓာတုကံ ပဋိမံ ဝါ စေတိယံ ဝါ ဌပေတွာ ဗုဒ္ဓပမုခဿ ဥဘတောသံဃဿ ဒါနံ ဒေန္တိ။

(ဂ) ပဋိမာယ ဝါ စေတိယဿ ဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ဒတွာ ဗုဒ္ဓါနံ ဒေမာတိ။ တတ္ထ ယံ ပဌမံ ခါဒနီယံ ဘောဇနီယံ ဒေန္တိ။

(ဃ) ဝိဟာရံ ဝါ အာဟရိတွာ ဣဒံ စေတိယဿ ဒေမာတိ ပိဏ္ဍပါတဉ္စ မာလာဂန္ဓာဒီနိစ ဒေန္တိ၊ တတ္ထ ကထံ ပဋိပဇ္ဇိတဗ္ဗံတိ။ မာလာဂန္ဓာဒီနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ၊ ဝတ္ထေဟိ ပဋာကာ တေလေန ပဒီပါ ကာတဗ္ဗာ၊ ပိဏ္ဍပါတ မဓု ဖာဏိတာနိ ပန ယော နိဗဒ္ဓစေတိယဇဂ္ဂကော ဟောတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿေဝ ဒါတဗ္ဗာနိ။ နိဗဒ္ဓဇဂ္ဂကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ။

ဥပကဋ္ဌေ ကာလေ ဘုဥ္ဇိတွာ ပစ္ဆာပိ ဝတ္တံ ကာတုံ ဝဋ္ဋတိယေဝ။

(ဝိနယ—မဟာဝဂ္ဂအဋ္ဌကထာ၊ စီဝရက္ခန္ဓက၊အဋ္ဌစီဝရ မာတိကာကထာ—၄၂၄)

အဓိပ္ပါယ်

(က) ရဟန်းတို့သည် စွန့်ပစ် ထားအပ်သော ကျောင်း၌ ဗောဓိပင်နှင့် စေတီတော်တို့ကို သုတ်သင်ရှင်းလင်းသူများစားစေ သတည်းဟုပညာရှိလူတို့သည်စာရေးတံဆွမ်းဘတ်ထားကြကုန်၏၊ ထိုကျောင်းတို့၌ နေသည်ဖြစ်စေ၊ မိမိကျောင်း၌နေသည်ဖြစ်စေ၊ စွန့်ပစ်ထားသော ဗောဓိပင်နှင့် စေတီတို့ကို သုတ်သင်ရှင်းလင်း စောင့်ရှောက်သော ရဟန်းတို့သည် ထိုသလာကဲ ဆွမ်းဘတ်ကို စားကောင်းကုန်၏။

မေး။ ။(ခ)ယခုအခါ ပညာရှိ လူတို့သည် မိမိတို့အိမ်၌ ဓာတ်တော်နှင့်တကွ ဆင်းတုတော်စေတီတော်တို့ကို ရှေ့၌ထား၍ ဘုရားအမှူးရှိသော ဥဘတော သံဃာ အား လှူဒါန်းအပ်သော ခဲဘွယ်ဘောဇဉ် ဆီဦး ထောပတ် ပန်း အမွှေး နံ့သာ အမွှေးတိုင် အထည် ဝတ္ထုတို့ကို ရေစက်သွန်းချ၍ လှူဒါန်းကြကုန်၏။

(ဂ) အိမ်၌။ ။ရုပ်တုတော် စေတီတော်တို့၏ ရှေ့တွင် သပိတ်ခြေပေါ်၌ သပိတ်ထား၍ ဘုရား ရှင်တို့အား ဆွမ်း ခဲဘွယ် ဘောဇဉ် ဆီဦး ထောပတ် ပန်း အမွှေး နံ့သာ အမွှေးတိုင် အထည်ဝတ္ထုတို့ကို ရေစက်သွန်းချ လှူဒါန်းကြကုန်၏။

(ဃ) **ကျောင်း၌။** ။ခဲဘွယ် ဘောဇဉ် ပန်း နံ့သာ စသည်တို့ကို ကျောင်းသို့ ဆောင်၍ စေတီအား ရေစက်ချလှူကြကုန်၏၊ ခ–ဂ–ဃ လာ ဆင်းတု–စေတီ တို့အား လှူထားသောထိုပစ္စည်းတို့၌ဘယ်လို ကျင့်ရမည်နည်း။

ဖြေ။ ။ ၁။ ဆင်းတု စေတီ တို့အား လှူဒါန်း ထားသော ခဲဘွယ် ဘောဇဉ် ဆီဦး ထောပတ် စသည်တို့ကို စေတီ ဝေယျာဝစ္စ အမြဲပြုသော ရဟန်း ဖြစ်စေ၊ သို့မဟုတ် လူဖြစ်စေ ထိုပုဂ္ဂိုလ်အားပေးရမည်။

၂။ ပန်း အမွှေးတိုင် စသည်တို့ကို ဘုရားအား ပူဇော်ရမည်။

၃။ အနည်းငယ်သော အဝတ်တို့ဖြင့် တံခွန်ကုက္ကား လုပ်လှူရမည်။

၄။ ဆီဖြင့် ဆီမီး ပူဇော်ရမည်။

၅။ ဝေယျာဝစ္စ အမြဲပြုသူ မရှိခဲ့သော် စေတီ၌ ယခု ချက်ခြင်း ဝေယျာဝစ္စ ပြုသောသူများသာ ခဲဘွယ်ဘောဇဉ် တို့ကိုစားသုံးရမည်။

**ဤတွင် စေဘယသန္ထကာခဏ်းပြီး၏။**

---

# ၇-ဓမ္မသန္တကခဏ်း

## ၁— ဓမ္မအားရည်ရွယ်၍ လှူသော ဝတ္ထုများ ဓမ္မဓရ ရဟန်းတော်များ သုံးဆောင်ကောင်းပုံ

တေန ကိရ သမယေန ပါဋလိပုတ္တဿ စတူသု ဒွါရေသု စတ္တာရိ သတသဟဿာနိ သဘာယံ သတသဟဿန္တိ ဒိဝသေ ဒိဝသေ ပဉ္စသတ သဟဿာနိ ရညော ဥပ္ပဇ္ဇန္တိ။ တတော ရာဇာ နိဂြောဓတ္ထေရဿ ဒေဝသိကံ သတသဟဿံ ဝိဿဇ္ဇေသိ။ ဗုဒ္ဓဿ စေတိယေ ဂန္ဓမာလာဒီဟိ ပူဇနတ္ထာယ သတသဟဿံ။

ဓမ္မဿ သတသဟဿံ၊ တံ ဓမ္မဓရာနံ ဗဟုဿုတာနံ စတုပစ္စယတ္ထာယ ဥပနီယတိ။

သံဃဿ သတသဟဿံ၊ စတူသု ဒွါရေသု ဘေသဇ္ဇတ္ထာယ သတသဟဿံ။

ဧဝံ သာသနေ ဥဠာရော လာဘသက္ကာရော နိဗ္ဗတ္တိ။

(ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ဗာဟိရနိဒါနကထာ၊ တတိယသင်္ဂီတိကထာ၊ ၃၉-၄၀)

### အဓိပ္ပါယ်

"ဓမ္မဿ သတသဟဿံ၊ တံ ဓမ္မဓရာနံ ဗဟုဿုတာနံ စတုပစ္စယတ္ထာယ ဥပနီယတိ" ပါဠ်အရ တရားတော်အား ရည်ရွယ်၍ လှူသော ထိုပစ္စည်း ဟူသမျှကို ဓမ္မစေတီ ထိုက်ကြသော

ဓမ္မဓရ ဗဟုဿုတရဟန်းတော်များအားသာ ပစ္စည်းလေးပါးအလို့ငှာလှူဒါန်းကောင်းသည်။

ဂဏဝါစက ပရိယတ္တိဆောင ဓမ္မဓရဗဟုဿုတ ရဟန်းတော်များသာ စားသုံးကောင်းသည်။

\+ + +

## ၂—တရားတော်အား ပူဇော်လိုပါက ဓမ္မဓရရဟန်းအား ပူဇော်သင့်ပုံ

> သစေ ဓမ္မရတနဿ သက္ကာရံ ကတ္တုကာမော၊
> ဓမ္မဘဏ္ဍာဂါရိကဿ အာနန္ဒဿ သက္ကာရံ ကရောဟိ။
> (ဇာတက အဋ္ဌကထာ၊ စ—တွဲ၊ ၁၄-ပကိဏ္ဏက နိပါတ၊
> ၁၃—ဘိက္ခာပရမ္ပရဇာတက ဝဏ္ဏနာ၊ ၃၇၀)

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သဒ္ဓါတရားနှင့် ပြည့်စုံသော သူကြွယ် တယောက်သည် မြတ်စွာဘုရားနှင့် သံဃာတော်များအား အမြဲမပြတ် ဆည်းကပ်လျက် များစွာသော လှူဒါန်း ပူဇော်ခြင်းကို ပြုလျက်နေပေ၏။

တနေ့သ၌ ငါသည် ဘုရားရတနာနှင့် သံဃာရတနာအားသာ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့နှင့် သိမ်မွေ့နူးညံ့သော အဝတ်အထည်တို့ကို ပေးလှူလျက် အမြဲမပြတ် ကြီးစွာသော ပူဇော်ခြင်းကို ပြုရပေ၏၊ ယခုအခါ၌ တရားရတနာအား ပူဇော်ခြင်းကို ပြုအံ့၊ အဘယ်သို့လျှင် ပြုရပါမည်နည်းဟု ကြံစည်မိပြီး

ပန်းနံ့သာစသည်တို့ကိုယူလျက် ဘုရားထံသွား၍“မြတ်စွာဘုရား.... တပည့်တော်သည် တရားရတနာကို ပူဇော်လိုပါတယ် ဘုရား၊ ဘယ်လို ပူဇော်ရပါမည်နည်း ဘုရား”ဟု လျှောက်ထား၏။

မြတ်စွာဘုရားက“တရားရတနာကို ပူဇော်လိုက ဓမ္မဘဏ္ဍာဂါရိက အရှင် အာနန္ဒာအား ပူဇော်လေ” ဟု–မိန့်တော်မူ၏။

သူကြွယ်လည်း အရှင်အာနန္ဒာကို မိမိအိမ်သို့ပင့်၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျက် အထူးထူးသော မြတ်သောအရသာ ရှိသော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်ပြီး တိစိဝရိက် သက်နှ်း သုံးထည် ချုပ်လောက်သော အဘိုးများစွာထိုက်သည့် ပုဆိုး တို့ကို ပေးလှူပူဇော်လေပြီ။

ထို့ကြောင့်–တရားအား ရည်ရွယ်၍ လှူသမျှပစ္စည်းသည် ဓမ္မဓရ ဝိနယဓရ ဗဟုဿုတ ပရိယတ္တိ ပဋိပတ္တိဆောက ဂဏဝါစက ရဟန်းတော်များအား လှူရမည်၊ ပရိယတ္တိကို မပြတ် မလပ် ချပို့နေကြကုန်သော ရဟန်းတော် သံဃာတော်များ သုံးဆောင်ကောင်းသည်။

\+ \+ \+

## ၃–ဗုဒ္ဓသန္တကနှင့် ဓမ္မသန္တက၊ အပြန်အလှန် ပြုပြင်ကောင်းပုံ

ဓမ္မသန္တကေန ဗုဒ္ဓပူဇံ ကာတုံ ဗုဒ္ဓသန္တကေန ဝါ
ဓမ္မပူဇံ ကာတုံ ဝဋ္ဋတိ–န ဝဋ္ဋတီတိ။ တထာဂတဿခေါ
တော် ဝါသေဋ္ဌ အဓိဝစနံ ဓမ္မကာယော ဣတိပိ-တိစ။

ယော ခေါ ဝက္ကလိ ဓမ္မံပဿတိ၊ သော မံ ပဿတီတိ စ ဝစနတော ဝဋ္ဋတီတိ ဝဒန္တိ။
(သာရတ္ထဒီပနီဋီကာ – ဒုတိယပါရာဇိက ဝိနီတဝတ္ထု ဝဏ္ဏနာ၊ စာမျက်နှာ ၁၆၆)

အစိပ္ပါယ်အကျဉ်း

မေး။ ။တရားတော်၏ဥစ္စာဖြင့် ဘုရားရှင်အား ပူဇော်ခြင်းငှာရင်း၊ ဘုရားရှင်၏ ဥစ္စာဖြင့် တရားတော်အား ပူဇော်ခြင်းကို ပြုခြင်းငှာရင်း အပ်ပါ၏လော–မအပ်ပါသလော။

ဖြေ။ ။ဝါသေဋ္ဌ– ဓမ္မကာယ– တရားအပေါင်း ဟူသော ဤအမည်သည် စင်စစ် ငါဘုရား၏ အမည်တော်ပေတည်း၊ ဤသို့သောစကားတော်ကိုလည်းကောင်း၊ ဝက္ကလိ အကြင်သူသည် ငါဘုရားဟောတော်မူအပ်သော ရုပ်နာမ်–ခန္ဓာပရတ်တရားမှန်ကိုမြင်၏၊ ထိုသူသည် ငါဘုရားကို မချအစစ် ဖူးရ၏၊ ဤသို့သော စကားတော်ကို လည်းကောင်း ဟောကြားတော်မူခြင်းကြောင့်အပ်ပါ၏–ဟူ၍(ဆရာတို့) ဖြေဆိုတော်မူကြ၏။

တသ္မာ "ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"တိ ဝစနတော "အဟာဥ္စ ပနိဒါနိ ဧကော ဩဝဒါမိ အနုသာသာမိ၊ မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဗုဒ္ဓသဟဿာနိ တုမှေ ဩဝဒိဿန္တိ

အနုသာသိဿန္တိ” တိ ဝုတ္တတ္တာစ “ဗဟုဿုတံ ဘိက္ခုံ ပယိုရုပါသေယျ။ နိဇ္ဈာယတွဲ အတ္ထဝန္တံ ပယိုရုပါသေယျ။ ပဏ္ဍိတံ သေဝေယျ” ဣတိ ဝုတ္တတ္တာ ဓမ္မဂရုကတ္တာစ တထာဂတဿ ဗုဒ္ဓနယောစေဝ ပသတ္ထတရောတိ အမှာကံ ခန္တိ။

(ဥပမ ၁၆၇)

## အဓိပ္ပါယ်အကျဉ်း

(၁) ထို့ကြောင့် အာနန္ဒာ—စင်စစ် ငါဘုရားသည် သုတ်အဘိဓမ္မာ ကိုလည်းကောင်း ဝိနည်းကိုလည်းကောင်း ဟောလည်းဟောအပ် ပညတ်လည်း ပညတ်အပ်ပြီ၊ ထိုသုတ်အဘိဓမ္မာဝိနည်းတရားတော်သည် ငါဘုရားပရိနိဗ္ဗာန် စံလွန်သောအခါ၌ သင်ချစ်သားတို့၏ ဆရာဖြစ် လိမ့်မည်၊ ဤသို့ ဟောကြားတော် မူခြင်းကြောင့်လည်း ကောင်း၊ (၂) ငါဘုရားသည်ကား ယခုအခါ၌ တပါးတည်းသာ ဆုံးမနေ၏၊အဖန်ဖန် သွန်သင်ကံမြစ်နေ၏၊ ငါဘုရားပရိနိဗ္ဗာန်စံလွန်လတ်သော်ကား ဤရှစ်သောင်းလေးထောင်သော ဘုရားရှင်တို့သည် သင်ချစ်သားတို့ကို ဆုံးမရစ်ကြပေလိမ့်မည်၊အဖန်ဖန်သွန်သင်ကံမြစ်ရစ်ကြပေလိမ့်မည်၊ဤသို့ဟောကြားတော် မူအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (၃) ထိုမှတပါး ဗဟုဿုတများသော ရဟန်းကို ချီးကျူးတော်မူသောဘုရားရှင်သည်– “စုန္ဒ – အကြင်ရဟန်းသည် အကြားအမြင်ဗဟုဿုတ ရှိ၏၊ထိုရဟန်းသည် သင်တို့၏ တပည့်သာဝကမမည်၊ ထိုရဟန်းသည် သုတဗုဒ္ဓဘုရား တဆူမည်၏၊ ဤသို့ဟောကြား

တော်မူအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း, (၄) ဘုရားရှင်သည် ( ဘုရားရှင်ကိုယ်တော်တိုင်က) တရားတော်ကို အလေးပြုတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ တရားတော်၏ ဥစ္စာဖြင့်ဘုရားရှင်ကိုပူဇော်ခြင်း, ဘုရားရှင်၏ဥစ္စာဖြင့် တရားတော်ကို ပူဇော်ခြင်းငှာအပ်၏–ဟူသော ရှေးနည်းသည်သာလျှင် အထူးသဖြင့် ချီးမွမ်းထိုက်သောနည်းဖြစ်သည်၊ ဤကား–ငါတို့ နှစ်သက်အပ်သောအယူတည်း။

အထခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ "သိယာခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ အတီတသတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာတိ။ နခေါပနေတံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ၊ ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ–

(မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ္တ-တထာဂတပစ္ဆိမဝါစာ ၁၂၇)

## အဓိပ္ပါယ်အကျဉ်း

အာနန္ဒာ...."မြတ်စွာဘုရားစကားတော်သည် လွန်သွားသော ဘုရားရှိတော်မူ၏၊ ငါတို့မှာ ဘုရားမရှိတော့ပြီ"၊ ဤသို့ သင်တို့ စိတ်မှာမှတ်ထင်နေရာ၏၊ ဤသို့မမှတ်နှင့် သင်တို့အား ငါဘုရားသည် အကြင် သုတ်အဘိဓမ္မာကိုလည်း ဟောလည်းဟောအပ်ခဲ့ပြီ၊ အကြင်ဝိနည်းကိုလည်း ပညတ်လည်းပညတ်အပ်ခဲ့ပြီ၊ ထိုသုတ် အဘိဓမ္မာ ဝိနည်းသည် ငါဘုရားလွန်သောအခါ၌ သင်တို့၏

(သင်တို့အား) သွန်သင်ဆုံးမနည်းလမ်းပြတတ်သော ဆရာဖြစ်နေရစ်လိမ့်လတ္တံ့။

## (၁) ဝိနယ ပိဋက

မယာ ဟိ ဝေါ ဋ္ဌိတေနေဝ "ဣဒံ လဟုကံ၊ ဣဒံ ဂရုကံ၊ ဣဒံ သတေကိစ္ဆံ၊ ဣဒံ အတေကိစ္ဆံ၊ ဣဒံ လောကဝဇ္ဇံ၊ ဣဒံ ပဏ္ဏတ္တိဝဇ္ဇံ၊ အယံ အာပတ္တိ ပုဂ္ဂလဿ သန္တိကေ ဝုဋ္ဌာတိ၊ အယံ အာပတ္တိ ဂဏဿ သန္တိကေ၊ ဝုဋ္ဌာတိ၊ အယံ သံဃဿ သန္တိကေ ဝုဋ္ဌာတီတိ သတ္တာ ပတ္တိက္ခန္ဓဝသေန ဩတိဏ္ဏေ ဝတ္ထုသ္မိံ သခန္ဓကပရိဝါရော ဥဘတောဝိဘင်္ဂေါ ဝိနယောနာမ ဒေသိတော၊ တံသကလမ္ပိ ဝိနယပိဋကံ မယိ ပရိနိဗ္ဗုတေ တုမှ ကံ သတ္ထုကိစ္စံသာဓေဿတိ။

(မဟာဝဂ္ဂဋ္ဌကထာ ၃—မဟာပရိနိဗ္ဗာနသုတ္တ၊ တထာဂတပစ္ဆိမဝါစာဝဏ္ဏနာ ၁၈၃)

(၁) အလုံးစုံသော ထိုဝိနယပိဋကတ်သည်လည်း ငါဘုရား ပရိနိဗ္ဗာန် စံခဲ့သော် သင်တို့၏(သင်တို့အား) ဆုံးမတတ်သော ဆရာဘုရားကိစ္စ ပြီးစေလိမ့်လတ္တံ့။

## (၂) သုတ္တန္တ ပိဋက

ဋ္ဌိတေနေဝ စ မယာ ဣမေ စတ္တာရော သတိပဋ္ဌာနာ၊ စတ္တာရော သမ္မပ္ပဓာနာ၊ စတ္တာရော ဣဒ္ဓိပါဒါ၊ ပဉ္စိန္ဒြိယာနိ၊ ပဉ္စဗလာနိ၊ သတ္တဗောဇ္ဈင်္ဂါ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါတိ တေန တေ̤ာကာ ရေန ဣမေ ဓမ္မေ ဝိဘဇိတွာ သုတ္တန္တပိဋကံ ဒေသိတံ၊ တံ သကလမ္ပိ သုတ္တန္တပိဋကံ မယိ ပရိနိဗ္ဗုတေ တုမှာကံ သတ္ထုကိစ္စံ သာဓေဿတိ။ ( ၄င်း )

(၂) အလုံးစုံသော ထိုသုတ္တန် ပိဋကသည်လည်း ငါဘုရားပရိနိဗ္ဗာန်စံခဲ့သော် သင်တို့၏(သင်တို့အား) ဆုံးမတတ်သော ဆရာဘုရားကိစ္စ ပြီးစေလိမ့်လတံ့....

(၃) အဘိဓမ္မပိဋက

ဌိတေဝနေဝစ မယာ ဣမေ ပဉ္စက္ခန္ဓာ၊ ဒွါဒသာယ တနာနိ၊ အဋ္ဌာရသဓာတုယော၊ စတ္တာရိသစ္စာနိ၊ ဗာဝီ သတိန္ဒြိယာနိ၊ နဝဟေတူ၊ စတ္တာရောအာဟာရာ၊ သတ္တ ဖဿာ၊ သတ္တဝေဒနာ၊ သတ္တသညာ၊ သတ္တသဉ္စေတနာ၊ သတ္တစိတ္တာနိ၊ တတြာပိ ဧတ္တကာ ဓမ္မာ ကာမာဝစရာ၊ ဧတ္တကာ ရူပါဝစရာ၊ ဧတ္တကာ အရူပါဝစရာ၊ ဧတ္တကာ ပရိယာပန္နာ၊ ဧတ္တကာ အပရိယာပန္နာ၊ ဧတ္တကာ လောကိယာ၊ ဧတ္တကာ လောကုတ္တရာတိ ဣမေ ဓမ္မေ ဝိဘဇိတွာ ဝိဘဇိတွာ စတုဝီသတိ သမန္တပဋ္ဌာန အနန္တနယ မဟာပဋ္ဌာန ပဋိမဏ္ဍိတံ အဘိဓမ္မပိဋကံ ဒေသိတံ၊ တံ သကလမ္ပိ အဘိဓမ္မပိဋကံ မယိ ပရိနိဗ္ဗု တေ တုမှာကံ သတ္ထုကိစ္စံ သာဓေဿတိ။

(၃) အလုံးစုံသော ထိုအဘိဓမ္မာပိဋကတ် သည်လည်း ငါဘုရား ပရိနိဗ္ဗာန် စံခဲ့သော် သင်တို့၏ (သင်တို့အား) ဆုံးမတတ်သော ဆရာဘုရားကိစ္စ ပြီး စေလိမ့်လတ္တံ့။

(၄) ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်

ဣတိ သဗ္ဗမ္ပေတံ အဘိသမ္ဗောဓိတော ယာဝပရိ နိဗ္ဗာနာ ပဉ္စစတ္တာလီသဝဿာနိ ဘာသိတံ လပိတံ

တီဏံပိဋကာနိ ပဥ္စနိကာယာ နဝင်္ဂါနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနီတိ ဧဝံ မဟာပဘေဒံ ဟောတိ။ ဣတိ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ တိဋ္ဌန္တိ၊ အဟံ ဧကောဝ ပရိနိဗ္ဗာယာမိ။ အဟဉ္စ ခေါ ပန ဒါနိ ဧကောဝ ဩဝဒါမိ အနုသာသာမိ၊ မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ တုမှေ ဩဝဒိဿန္တီတိ။ ( ၄၄ )

(၄) ယခုအခါ ငါဘုရားတပါးတည်းသာ သင်တို့ကို ဆုံးမ—ကံမြစ်တော်မူ၏၊ ငါဘုရားပရိနိဗ္ဗာန်စံခဲ့သော် ဤဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်က သင်ချစ်သားတို့ကို ဆုံးမ— ကံမြစ်လိမ့်လတ္တံ့။

\+ \+ \+

## ၄—လောကုတ္တရတရားတော်မှတပါး အခြားပူဇော်ဘွယ် ရှိသေလေးစားဘွယ် မရှိကြောင်းဘုရားသခင် အကြံအစည်ဖြစ်တော်မူပုံ

အထခေါ ဘဂဝတော ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ "ဒုက္ခံ ခေါ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော၊ ကံ နု ခွာဟံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျ"န္တိ။

အထခေါ ဘဂဝတော ဧတ ဒဟောသိ "အပရိ- ပုဏ္ဏဿ ခေါ သီလက္ခန္ဓဿပါရိ ပူရိယာ အညံ ...ါ

ဗြာဟ္မဏံဝါ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ၊ နခေါ ပနာဟံ ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ၊ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ အတ္တနာ သီလသမ္ပန္နတရံ အညံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ၊ ယမဟံ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ။ (ပ)

ယံနူနာဟံ ယွာယံ ဓမ္မော မယာ အဘိသမ္ဗုဒ္ဓေါ၊ တမေဝ ဓမ္မံ သက္ကတွာ–ဂရုံ ကတွာ ဥပနိဿယ ဝိဟရေယျ”န္တိ။

(သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်၊ ဗြဟ္မသံယုတ်၊ ပဌမဝဂ်၊ ၂–ဂါရဝသုတ်၊ ၁၄၀–၁၄၃။)

ဥဒပါဒီတိ အယံ ဝိတက္ကော ပဌမေ
သတ္တာဟေ ဥဒပါဒိ။

တထာ သမဏာနာမ ကေနိကာယာဒိ ဝသေန ဗဟုဿုတာ သီလဝန္တာ ပဏ္ဍိတာ။ ဗြာဟ္မဏာပိ ဝတ္ထုဝိဇ္ဇာဒိဝသေန ဗဟုဿုတာ ပဏ္ဍိတာ၊ တေ ဣမိနာ သီလသမ္ပန္နတရာတိ ဝတ္တုံ မာ လဘန္တူတိ သဿ-မဏဗြာဟ္မဏိယာ ပဇာယာတိ ဝုတ္တံ။
(၎င်း—အဋ္ဌကထာ၊ ၁၁၆)

အခါတပါး မြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားနှင့် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိပြီးသည်မှ ရှေးဦးစွာ ဥရုဝေဠတော နေရဉ္ဇရာမြစ်ကမ်း ပဌမသတ္တာဟ ဖြစ်သော

အငပါလ နိဂြောဓ-ဆိတ်ကျောင်း ညောင်ပင် အောက်၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ဆိတ်ငြိမ်ရာသို့ ရောက်နေတော်မူသော မြတ်စွာဘုရားအား—

"ငါသည်—ရိုသေတုပ်ဝပ် အလေးအမြတ် ပြုအပ်သူ မရှိဘဲ နေရခြင်းသည် ဆင်းရဲလှဘိ၏၊ အဘယ်မည်သော ရဟန်း ပုဏ္ဏားကို အရိုအသေ အလေးအမြတ် မှီဝဲဆည်းကပ်၍ နေရပါ မည်နည်း"ဟု—ကြံစည်တော်မူ၏။

(ဘုရားကြံစည်ပုံ)

"မပြည့်စုံ မလုံလောက် သေးသော သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဝိမုတ္တိက္ခန္ဓ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ တည်းဟူသော လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့ ပြည့်စုံလုံလောက်စေရန် အတွက် အကြင်ရဟန်း ပုဏ္ဏားကို အရိုအသေအလေးအမြတ် မှီဝဲ ဆည်းကပ်လျက် နေရာ၏၊ ဤသို့အကြံဖြစ်၍ကြည့်ရာ ငါ့ထက်—သီလ သမာဓိပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန—ဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သော ထိုရဟန်းပုဏ္ဏားကို ဘုံသုံးပါးနှင့် သတ္တလောကတွင်းမှာမြင်တော်မမူ၊ စင်စစ်မှာမူကား—ဗောဓိပင် ရွှေပလ္လင်၌ အကြင်လောကုတ္တရာတရားကို ထိုးထွင်း၍ သိအပ်၏၊ ထိုလောကုတ္တရာတရားကိုသာလျှင် အရိုအသေအလေးအမြတ် မှီဝဲဝင်စားလျက်နေရပါမူကား ကောင်းလေစွ"ဟု ကြံစည်တော်မူ၏။

(သဟမ္ပတိဗြဟ္မာ ဝန်ခံပုံ)

မြတ်စွာဘုရားကြံစည်တော်မူသောအခါ သဟမ္ပတိ ဗြဟ္မာသည် မြတ်စွာဘုရား၏ အကြံအစည်တော်ကို သိ၍ ဗြဟ္မာ့ပြည်မှ ဆင်းလာကာ မြတ်စွာဘုရားရှေ့တော်မှောက်၌ကိုယ်ဝတ်စမှ ပါယ်စလွယ်

တင်ပြီး လက်အုပ်ချီလျက် မြတ်စွာဘုရားကို "ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တ တို့နှင့်ပြည့်စုံတော်မူသောမြတ်ဘုရား....ဤသို့-ငါသည် ထိုးထွင်း၍ သိအပ်သော ကိုးပါးသော လောကုတ္တရာတရားကိုသာလျှင်အရိုအသေအလေးအမြတ် မှီဝဲဝင်စား၍ နေရပေတော့အံ့–ဟူ၍ အကြံအစည်ဖြစ်တော်မူသည့်အတိုင်း မှန်လှပါပေ၏။ ။ကောင်းသော နိဗ္ဗာန်မြို့နန်းသို့ ကြွလှမ်းတော်မူတတ်သော မြတ်စွာဘုရား ...ဤသို့–ငါသည် ထိုးထွင်း၍ သိအပ်သော ကိုးပါးသော လောကုတ္တရာ တရားကိုသာလျှင် အရိုအသေ အလေးအမြတ်မှီဝဲဝင်စား၍နေရပေတော့အံ့–ဟူ၍ အကြံအစည် ဖြစ်တော်မူသည့်အတိုင်း မှန်လှပါပေ၏" ဟု ဧဝမေတံ ဘဂဝါ–ဧဝမေတံ သုဂတ ဝန်ခံစကား လျှောက်ထားပြီးနောက်–

ယေ စ အတီတာ သမ္ဗုဒ္ဓါ၊
ယေ စ ဗုဒ္ဓါ အနာဂတာ။
ယော စေတရဟိ သမ္ဗုဒ္ဓေါ၊
ဗဟူနံ သောကနာသနော။ ။

သဗ္ဗေ သဒ္ဓမ္မဂရုနော၊
ဝိဟရိံသု ဝိဟာရန္တိ စ။
တထာ ပိ ဝိဟရိဿန္တိ၊
ဧသာ ဗုဒ္ဓါန ဓမ္မတာ။ ။

တသ္မာ ဟိ အတ္တကာမေန၊
မဟတ္တ မဘိကင်္ခတာ။

သဒ္ဓမ္မော ဂရုကာတဗ္ဗော၊
သရံ ဗုဒ္ဓါန သာသနံ။ ။

ဟူ–လျှောက်ထားပြန်လေ၏။

(သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်၊ ဗြဟ္မသံယုတ်၊ ပဌမဝဂ်၊ ၂–ဂါရဝသုတ်၊ ၁၄၂၊)

အနက်။ ။ဘန္တေ–ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တ တို့နှင့် ပြည့်စုံတော် မူသော မြတ်စွာ ဘုရား၊ အတီတာ–လွန်ပြီးသော အတိတ်ကာလ၌ ပွင့်တော်မူကြကုန် ပြီးသော၊ ယေ စ သမ္ဗုဒ္ဓါ–ဂင်္ဂါဝါဠု သဲစုမက များလှစွာ သော အကြင်မြတ်စွာဘုရားတို့သည်ရှင်း၊ အနာဂတာ–နောက် အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့ကုန်သော၊ ယေ စ ဗုဒ္ဓါ– ဂင်္ဂါဝါဠု သဲစုမက များလှစွာသော အကြင်မြတ်စွာဘုရား တို့သည်ရှင်း၊ တေရဟိ–ယခု ပစ္စုပ္ပန်ကာလ ဤခါသမယ၌၊ ဗဟူနံ–များစွာ ကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏၊ သောကနာသနော–စိုးရိမ်ပူပြင်း ငြောင့်တံသင်း တည်းဟူသော သောကကို ပယ်ရှင်း ဖျက်ဆီးတော် မူတတ်သော၊ ယော စ သမ္ဗုဒ္ဓေါ- သစ္စာလေးပါး မြတ်တရားကို ဆရာမတင် သိမြင် တော်မူသော အကြင်ဘုရားရှင်သည်ရှင်း၊ သန္တိ - ရှိတော်မူကြပေ ကုန်၏။

သဗ္ဗေ–ခပ်သိမ်း ဥဿုံ အလုံးစုံ ကုန်သော၊ တေ ဗုဒ္ဓါ– အတီတ အနာဂတ ပစ္စုပ္ပန် တေကာလိက အားဖြင့် ပွင့်တော် မူကြကုန်သော ထိုဘုရားရှင်တို့သည်၊ သဒ္ဓမ္မဂရုနော–ထိုးထွင်း၍

သိအပ် ကိုးစားအပ်သည့် ကိုးပါးသော လောကုတ္တရာတရားကို အရှိအသေအလေးအမြတ် ပြုတော်မူကြကုန်လျက်၊ ဝိဟရံသု စ–နေလည်းနေတော်မူကြကုန်ပြီ၊ဝိဟရန္တိ စ–နေလည်း နေတော်မူကြကုန်ဆဲ၊တထာပိ–ထိုမှတပါးလည်း၊ဝိဟရိဿန္တိ စ–နေလည်း နေတော်မူကြကုန်လတ္တံ့၊ ယသ္မာ–အကြင်ကြောင့်၊သော–ဤသို့ ကိုးပါးသော လောကုတ္တရာ တရားကိုသာ အရှိအသေ အလေး အမြတ်ပြု၍ နေခြင်းသည်၊ ဗုဒ္ဓါနံ–သစ္စာလေးပါး မြတ်တရား မြင်သဗ္ဗညုဘုရားရှင်တို့၏၊ ဓမ္မတာ–ဖြစ်ရိုးတံထွာ ဓမ္မတာပါပေ ဘုရား။

တသ္မာ ဟိ-တသ္မာ ဧဝ–ထို့ကြောင့် သာလျှင်၊ အတ္တ–ကာမေန–အကျိုးရကြောင်း မိမိ၏အစီးအပွားကောင်းကို အလိုရှိသော၊ မဟတ္တံ–အကျိုးကြီးမြတ် ပူဇော်အပ်သူ၏ အဖြစ်ကို၊ အဘိကင်္ခတာ–လိုလားတောင့်တသော ၊ ဗုဒ္ဓါနံ–သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့၏၊ သာသနံ–သုံးပါးသိက္ခာ သာသနာတော်ကို၊ သရံ-သရန္တေန–အောက်မေ့သော၊ သပ္ပုရိသေန–သူတော်ကောင်းသည်၊ သဒ္ဓမ္မော–အရိယသူတော်ကောင်း သူမြတ်လောင်းတရားကိုးပါးကို၊ ဂရုကာတဗ္ဗော–ရိုသေကပ်ဆည်း နှေ့ညမှီး၍ ကျောက်ထီးတန္တု အလေးပြုဝင်စား ပွားများအပ်ပါ၏ဘုရား။

န မေ အာစရိယော အတ္ထိ၊
သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ၊
နတ္ထိ မေ ပဋိပုဂ္ဂလော။

## မြန်မာပြန်

နတ်ပြည် ဗြဟ္မာ့ပြည်နှင့်တကွသော သုံးဘုံဘဝ သုံးလောက၌ ငါ့အား ဆရာ မရှိ၊ ငါနှင့်တူသူ မရှိ၊ ငါနှင့် တုပြိုင်ဘက် ပုဂ္ဂိုလ်မရှိ အစရှိသည်ဖြင့် ဝိနည်းမဟာဝါ ပါဠိတော် စာမျက်နှာ(၁၂)၌ ဥပက တက္ကတွန်းကြီးအားမြတ်စွာဘုရား မိန့်ကြားတော်မူခြင်းကား မြတ်စွာဘုရားသည် စင်စစ် လူနတ်ဗြဟ္မာတွေထက် မိမိကသာမြတ်၍ ရှိသေစရာမလိုပေ၊ ကိုယ်တော်တိုင် ထိုးထွင်း၍သိအပ် ရအပ် ရောက်အပ်သော အရဟတ္တဖလသမာပတ်, နိရောဓသမာပတ် ချမ်းသာဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဝင်စားနေခြင်းသည် ဟရားတော်ကို အလေးအမြတ်ပြုနေတော်မူသည်မည်၏။

**မှတ်ချက်။** ။ဤဂါထာဖြင့် ဤလောကတွင်း၌ မိမိအပြင် ရိုသေဘို့ရန် ဘုရားမရှိကြောင်း ပြသည်။

ဤတွင်ဓမ္မသဏ္ဍကခဏ်း ပြီး၏။

# ၈-ရတနတ္တယ ဂါရဝ
# အဂါရဝခဏ်း

## ၁—သက်တော် ထင်ရှား ဘုရားနှင့် စေတီတော် ရုပ်တုတော်များ၌ မရိုသေသောအမှုအရာများ

သတ္ထရိ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော။

(ဝိဘင်္ဂပါဠိ၊ ခုဒ္ဒကဝတ္ထု၊ ဆက္က နိဒ္ဒေသ၊၃၉၅)

(က)အဂါရဝေသု အဂါရဝေါတိ ဂါရဝဝိရဟိတော။ အပ္ပတိဿောတိ အပ္ပတိဿယော အနီစဝုတ္တိ။ ဧတ္ထ ပန ယော ဘိက္ခု သတ္ထရိ ဓရမာနေ တီသု ကာလေသု ဥပဋ္ဌာနံ န ယာတိ။ သတ္ထရိ အနုပါဟနေ စင်္ကမန္တေ သဥပါဟနော စင်္ကမတိ။ နီစေ စင်္ကမေ စင်္ကမန္တေ ဥစ္စေ စင်္ကမေ စင်္ကမတိ။ ဟေဋ္ဌာ ဝသန္တေ ဥပရိ ဝသတိ။ သတ္ထုဒဿနဋ္ဌာနေ ဥဘော အံသေ ပါရုပတိ။ ဆတ္တံ ဓာရေတိ။ ဥပါဟနံ ဓာရေတိ။ နှာယတိ။ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရောတိ။ (ခ) ပရိနိဗ္ဗုတေ ဝါ ပန စေတိယံဝန္ဒိတုံ န ဂစ္ဆတိ။ စေတိယဿ ပညာယနဋ္ဌာနေ သတ္ထုဒဿနဋ္ဌာနေ ဝုတ္တံ သဗ္ဗံ ကရောတိ။ အယံ သတ္ထရိ အဂါရဝေါ နာမ။

(သမ္မော-အဋ္ဌကထာ၊ ခုဒ္ဒက ဝတ္ထု၊ ဝိဘင်္ဂဆက္က နိဒ္ဒေသ ဝဏ္ဏနာ၊ ၄၈၈) (သာရတ္ထ-ဋီကာ၊ တ-တွဲ ·စူဠဝဂ္ဂသမထက္ခန္ဓက၊ အဓိကရဏသမထဝဏ္ဏနာ၊ ၃၇၅)

## (သက်တော်ထင်ရှား ဘုရားအား မရိုသေပုံ)

၁။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိသော်လဲ ဘုရားအား နံနက် နေ့ ညဉ့် သုံးမျိုးသော ကာလတို့၌ လုံးဝ မဆည်းကပ်ခြင်း၊

၂။ မြတ်စွာဘုရား ဘိနပ် မစီးဘဲ စင်္ကြံ သွားခဲ့သော် တပည့်သား ရဟန်းများ ဘိနပ်စီး၍ စင်္ကြံသွားခြင်း။

၃။ ဘုရားက နိမ့်ရာအရပ်မှ စင်္ကြံသွားနေပါလျက် မြင့်ရာအရပ်က စင်္ကြံသွားခြင်း၊

၄။ ဘုရားက ကျောင်းအောက် တောင်အောက် စသည်တို့၌ နေလျှင် ဘုရားအထက်ကနေခြင်း၊ ဘုရားရှင်တို့ သီတင်းသုံးသည့်နေရာ အပေါ်ကောင်းကင်မှ သွားခြင်း၊

၅။ ဘုရားဖူးသောအခါ ပခုံးနှစ်ဘက် ခြုံရုံ ထားခြင်း၊

၆။ ဘုရားရှေ့ ထီးဆောင်းခြင်း၊

၇။ ဘိနပ်စီးခြင်း၊

၈။ ရေချိုးခြင်း၊

၉။ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း၊

## (စေတီဆင်းတုတော်အား မရိုသေပုံ)

၁။ ပရိနိဗ္ဗာန် စံတော်မူခဲ့သည်ရှိသော် ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရား၏ စေတီတော် ရုပ်တုတော်များကိုရှိမခိုးခြင်း မရိုသေခြင်း မထီလေးစားပြုခြင်း၊

၂။ စေတီရုပ်တုများအနီးအနားအရပ် မြင့်လောက်သော အရပ်၌ ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း, ကျင်ကြီး ကျင်ငယ် စွန့်ခြင်း၊

၃။ စေတီတော် ရုပ်တုတော်များ၏အမြင့်က စကြံသွား ခြင်း၊

၄။ စေတီတော် ရုပ်တုတော်များ သီတင်းသုံးသော ကျောင်းတန်ဆောင်း၏ အထက် အပေါ်ထပ်မှာ နေခြင်း၊

ဤသို့—စသည် ပြုလုပ်ခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရားနှင့် စေတီတော် ရုပ်တုတော်များ ဓာတ်တော်များတို့၌ မရိုမသေမလေးစားသော အပြုအမူမည်၏။

မှတ်ချက်။ ။ဥပဇ္ဈာယ အာစရိယစသော မဟာထေရ်တို့ကိုလည်း မရိုသေမလေးစားလျှင် ဘုရားနည်းတူ အပြစ်ဖြစ်၏။

## ၂—အာဋ္ဌဝက—ဗိမာန်

ဗုဒ္ဓါနံ ဟိ နိသိန္နောကာသဿ ဥပရိဘာဂေန ယာဝ ဘဝဂ္ဂါ ကောစိ ဂန္တုံ န သက္ကောတိ။
(၁၀—ယက္ခသံယုတ္တ၊ ၁၂—အာဋ္ဌဝကသုတ္တ ဝဏ္ဏနာ၊ ၂၉၃)

## အဓိပ္ပါယ်

အာဠဝီပြည်၏ အနီး၌ အာဠဝက ဘီလူးနေရာ ညောင်ပင်ကြီးနှင့်တကွ ဗိမာန်ကြီးရှိ၏၊ ယင်းဗိမာန်၏ အထက်တည့်တည့် အရပ်သည် နတ်တို့၏ ယာဉ်များသွားလာရာလမ်းကြောင်းဖြစ်၏၊ သာတာဂိရိနတ်မင်းနှင့် ဟေမဝတ နတ်မင်းတို့သည် ဟိမဝန္တာတော၌ ပြုလုပ်သော နတ်ဘီလူး အစည်းအဝေးသို့ သွားကြရာ အာဠဝက ဘီးလူး၏ ဗိမာန်အထက် ယာဉ်လမ်းကြောင်းသို့ ရောက်သောအခါ ယာဉ်များ ဖြတ်သွား၍ မရ ဖြစ်နေ၏။

အကြောင်းစုံစမ်းခဲ့သည်ရှိသော် အာဠဝကဘီလူး၏ ဗိမာန်တွင်း၌မြတ်စွာဘုရားသီတင်းသုံးနေတော်မူသည်ကိုမြင်ကြရသောကြောင့် ယာဉ်ပေါ်မှဆင်း၍ဘုရားကန်တော့ပြီးအာဠဝကဗိမာန်ကို ရှောင်ကွင်း၍ နတ်သဘင်အစည်းအဝေးသို့ သွားကြရ၏။

ဤအာဠဝက ဗိမာန်ကား ဘုရားအမြဲ သီတင်းသုံးသော နေရာမဟုတ်၊ ခေတ္တသီတင်းသုံးသော နေရာ ဖြစ်သော်လည်း မြတ်စွာဘုရားအပေါ်က ဖြစ်နေ၍ သွားလာခြင်းငှာမသင့်၊သွားလာလျှင် အဂါရဝဖြစ်၏။

သီဟဠကျွန်း သာသနာမတည်မီ ရှေးဦးစွာ ဘုရားကြွ၍ အထိကရဖြစ်မည့်နေရာများ ဘုရားသမာပတ် ဝင်စားသည်။

ယင်းနေရာများသည်နောက်အခါကျောင်းတိုက်ကြီးဘုရားကြီး သိမ်တော်ကြီး ပြာသာဒ်ကြီးများ တည်ထားကိုးကွယ်ကြသည်။

အခြားနိုင်ငံမြို့များ၌လည်း ဤနည်းတူ ဤအထိကရနေရာများအပေါ်ကနေ မသွားကောင်း မလာကောင်း၊သွားလာလျှင် အဂါရဝဖြစ်၏။

## (က) သတ္တရိ အဂါရဝနှင့်
## (ခ) ယက္ခသံယုတ် အာဠဝက ဘီလူးဗိမာန်၌ ဘုရားစေတ္တ သိတင်းသုံးခြင်းနှင့် စပ်သောအမိပ္ပါယ် အကျဉ်း

(က) သက်တော်ထင်ရှား မြတ်စွာဘုရားများ ခေတ္တသိတင်းသုံးသောနေရာနှင့် ပရိနိဗ္ဗာန်စံပြီးသော ဘုရားရှင်တို့၏ ဓာတ်တော် မွေတော် ကိန်းဝပ်ရာ အဓိကရစေတီတော်ကြီး တည်ရာ အရပ်၌ရှင်း, အာရာမ်အတွင်း၌ရှင်း ဘိနပ်စီး၍ မသွားမလာရ၊ မသွားမလာကောင်း၊ အမြင့်ကမသွားမလာရ၊ မနေရ၊ မသွားမလာကောင်း၊ မနေကောင်း။

(ခ) ယင်း စေတီတော် ရုပ်တုတော်တို့၏ အနီးအပါး၌ ကျောင်း အိမ်တံတားစသည် မဆောက်ရ၊ မဆောက်ကောင်းပေ၊ ဆောက်နေသောသူများ စီးပွားလည်းမဖြစ်၊ ချမ်းသာစွာလည်း နေထိုင်ရခြင်းမရှိပေ၊ သွားလာနေလျှင် အဂါရဝဖြစ်၏။

+ + +

## ၃—သွားလာနေထိုင်ကောင်းသောနေရာများ

သက်တော်ထင်ရှား ဘုရားရှင်နှင့် ပရိနိဗ္ဗာန် စံပြီးသော ဘုရားရှင်တို့၏ အမြဲသိတင်းသုံးသောနေရာမဟုတ်၊ ဓာတ်တော် မွေတော် ကိန်းဝပ်ရာ အဓိကစေတီတော် ရုပ်တုတော်များ မတည်ထားရာအရပ်ဖြစ်ခဲ့လျှင် ဘိနပ်စီးကောင်း၏၊ ကျောင်း အိမ်တံတား ဆောက်ကောင်း၏။

## စေဒနာချက်

၁၂။ ဤနေရာ၌ အဓိကကျောင်းကြီး ဓမ္မာရုံကြီး တန်ဆောင်းကြီး ဇရပ်ကြီး နန်းတော် အိမ်တော် တံတားကြီး လေယာဉ်ပျံကွင်းကြီး စသည် ကြီးကျယ်သောအဆောက်အဦများ ဆောက်ရမည့် အကွက် အကွင်းကျသော နေရာများရှိကြ၏။

**မေး။** ။ဤအဓိက အကြီးအကျယ် ဆောက်ရမည့် နေရာ၌ ၉–ပေ၊ ၉–တောင်ပြည့် စေတီယ် ရုပ်တုတော်များ ကိန်းဝပ်ရာ ကျောင်း တန်ဆောင်း သိမ်များရှိနေ၏၊ ဤအဆောက်အဦးငယ်များ မည်သို့ပြုလုပ်ရမည်နည်း။

**ဖြေ။** ။အဓိကကျောင်းကြီး ရုပ်တုတော်ကြီးများ ကိန်းဝပ်ရာ တန်ဆောင်းကြီး ဓမ္မာရုံကြီး ဇရပ်ကြီး စသော သာသနာရေးဆိုင်ရာ အဆောက်အဦများနှင့် လောကီ တံတားကြီး လေယာဉ်ပျံကွင်း စသည် အဆောက်အဦများ မုချဆတ်ဆတ် ဆောက်လုပ်ရမည့်နေရာဖြစ်၍အထက်ပါဝိနိစ္ဆယများနှင့်၊၁၃၂၄–၂၅–ခုနှစ်၊မင်္ဂလာဒုံ လေယာဉ်ပျံကွင်း ဆောက်လုပ်မည့်နေရာတွင် ပါနေသော ကျောင်းသိမ်ဘုရားများ ရွှေ့ပြောင်းရသည်ကို ထောက်ဆ၍ ကောင်းမြတ်သော စိတ်ထားဖြင့် စေတီယ် ရုပ်တုတော်များ သိတင်းသုံးရာ ကျောင်း သိမ် တန်ဆောင်းများ ရွှေ့ပြောင်း၍

သော်၎င်း, သင့်လျော်ရာ အတူပေါင်းစပ်၍
သော်၎င်း ပြုလုပ်ရမည်။

မှတ်ချက်။ ။[အဆောက်အဦကြီးများ ဆောက်လိုသော သူများက ကောင်းမြတ်သော စိတ်ထားဖြင့် ဘဏ္ဍာစားပေး၍သော်၎င်း, မူလပိုင်ရှင်ကြိုက်ရာအရပ်၌၎င်း၊ သို့မဟုတ် နေရာစားပေးရာ ဌာန၌၎င်း ရွှေ့ပြောင်း တည်ဆောက်ပေးစေရမည်။]

\+ \+ \+

**(၄) ဘုရားသခင်များ အမြဲသီတင်းသုံးသောကျောင်းနှင့် စကြာမင်းများဖြစ်ရာ မြို့တော်များ သာသနာကွယ်လျှင်, စကြာမင်း နတ်ရွာစံလျှင် ဘီလူးများ စောင့်ရှောက်သော တောဖြစ်ပုံ**

**(က) ရာဇဂဟ ဝဏ္ဏနာ**

တံ ပနေတံ ဗုဒ္ဓကာလေ စ စက္ကဝတ္တိကာလေ စ နဂရံ ဟောတိ၊ သေသကာလေ သုညံ ဟောတိ ယက္ခပရိဂ္ဂဟိတံ။ တေသံ ဝသနဝနံ ဟုတွာ တိဋ္ဌတိ။ (သီလက္ခန်အဋ္ဌကထာ သာမညဖလသုတ် ၁၂၂)။

သော ပဒေသော ဌာနဝိသေသဘာဝေန ဥဋ္ဌာရသတ္တပရိဘောဂေါတိ အာဟ တံ ပနေတန္တိ အာဒိ။ တေသန္တိ ယက္ခာနံ။ ဝသနဝနန္တိ အာပါနဘူမိဘူတံ ဥပဝနံ။

(သီလက္ခန္ဓဝဂ္ဂဋီကာ သာမညဖလသုတ် ၂၀၈)

## အစိပ္ပါယ်လိုရင်းအကျဉ်း

ထိုရာဇဂဟမြို့သည် ဘုရားသခင်ပွင့်သောအခါနှင့် စက္ကဝတ္တိမင်းများ ဖြစ်ပေါ်လာသောအခါ၌သာ မြို့တော်အဖြစ် တည်ရှိပြီး ကြွင်းကျန်သော ကာလ လူသူများ ဆိတ်သုဉ်းကာ ဘီလူးများ သိမ်းဆည်းထားသော တောကြီး ဖြစ်နေလေတော့၏။

အကြောင်းကား ထိုရာဇဂဟာမြို့တော် တည်ရာအရပ်သည်ဌာနထူး အရပ်ထူးဖြစ်သောကြောင့် မြတ်သောဘုရားရှင် စကြာမင်းတို့၏ အသုံးအဆောင်ပင်ကည်း။

အဓိပ္ပါယ် လိုရင်း ကား – ယင်းရာဇဂဟ မြို့တော် ပိုင်ဆိုင်ရာအရပ်၌ မြတ်စွာဘုရား သီတင်းသုံးရာ ဝေဠုဝန် ကျောင်းတော်ကြီးစသော ၁၈–ရပ်သော ကျောင်းတော်ရာ ဌာနတို့၌ အိမ်စသည့် လောကီအသုံးအဆောင် လုံးလုံး မဆောက်ရ၊ မဆောက်ကောင်း၊ သာသနာ့အသုံးအဆောင် စေတီ ဘုရားကျောင်းတော်များသာ တည်ဆောက်ကောင်းသည်။

### (ခ) သာဝတ္ထိဇေတဝန်

အထဝေါ အနာထပိဏ္ဍိကော ဂဟပတိ ဇေတဝနေ ဝိဟာရေ ကာရာပေသိ (ပ) မဇ္ဈေ ကာရာပေသိတိ အပရာဟိပိ အဋ္ဌာရသဟိ ကောဋီဟိ ဧတေ ဝိဟာရာဒယော ကာရာပေသိ အဋ္ဌကရိသပ္ပမာဏာယ ဘူမိယာ။ ဝိပဿီသ ဟိ ဘဂဝတော (ပ)။ အမှာကံ ဘဂဝတော

သုဒတ္တော ဂဟပတိ အင္ဂကရိသပ္ပမာဏံ ဘူမိ ကဟာပဏ
သန္ထရေန ကိဏိတွာ ဝိဟာရံ ကာရာပေသီတိ။
(စူဠဝဂ္ဂအဋ္ဌကထာ သေနာသနက္ခန္ဓက ဝိဟာရာနုဇာနန
ကထာ ၆၃)

အစိပ္ပါယ်အကျဉ်း

သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်နေရာနှင့် ပုဗ္ဗာရာမ ကျောင်းတော်နေရာ တို့၌လည်း ထိုနည်းတူစွာ လောကီ အသုံးအဆောင် အိမ်စသည်မဆောက်ကောင်း၊ ဘုရား စေတီ ရုပ်တုတော် ကျောင်းတော်များသာ တည်ကောင်း ဆောက် ကောင်းသည်။

(ဂ) ကဿပသုဝဏ္ဏစေတီတည်ရာ

မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိမြို့မှ ဗာရာဏသီသို့ ကြွရာလမ်းခရီးအကြား တောဒေယျရွာအနီးတွင် တည်ဆောက်ထားသော ပုဏ္ဏားတို့၏ ဒေဝဋ္ဌာနခေါ် နတ်ကွန်း နတ်နန်း နတ်စင်တဆောင်သို့ရောက်၍ ထိုင်သီတင်း သုံးတော်မူပြီး အရှင်အာနန္ဒာအား လယ်ထွန်နေသော ပုဏ္ဏားကို ခေါ်ရန် စေခိုင်းသဖြင့် သွားခေါ်၍ ပုဏ္ဏား ရောက်လာ သောအခါ နတ်ကွန်းကိုသာအရိုအသေပြုရှိခိုးပြီး ဘုရားကိုကား အရိုအသေလည်းမပြု ရှိလည်းမခိုးပေ။

ဘုရားမေး။ ။အိုပုဏ္ဏား.... ဤ သင်ရှိခိုးသော အရပ်ကား ဘာခေါ်သနည်း။

ပုဏ္ဏားဖြေ။ ။အကျွန်ုပ်တို့ အစဉ်အဆက်အားဖြင့် ကိုးကွယ်ရာ စေတီအရပ်ပါတည်း။

ဘုရားမိန့်။ ။ပုဏ္ဏား .... ကောင်းလေစွ ကောင်းလေစွ ကောင်းချီးပေးပြီးပုဏ္ဏားအား ရှင်ပျစေလေပြီ။

ရဟန်းများကားမြတ်စွာဘုရားသည် တိတ္ထိနတ်ကွန်းရှိခိုးခြင်းကို အဘယ့်ကြောင့် ချီးမွမ်းတော်မူပါသလဲဟု သံသယ ဖြစ်ပေါ်လာကြကုန်၏၊ ထိုအခါ ရဟန်းတို့၏သံသယ ပျောက်စိမ့်သောငှာ မြတ်စွာဘုရားသည် ကဿပဘုရားရှင် လက်ထက်ကရွှေအဆင်းရှိသော တလုံးတခဲ တဆူတည်းသော ဓာတ်တော်ဌာပနာရာ အစောက်အားဖြင့် တယူဇနာရှိသည့် ရွှေစေတီတဆူကိုလည်းကောင်း, တပါးသော ရွှေစေတီတဆူကိုလည်းကောင်းထိုပုဏ္ဏားကြီး ရှိခိုးသော နတ်ကွန်းအရပ်မှ တန်ခိုးတော်ဖြင့်ထုတ်ဆောင်လျက် ကောင်းကင်၌ပြသပြီးပူဇော်စေလျက်—

(၁) ပူဇာရဟေ ပူဇယတော၊
ဗုဒ္ဓေ ယဒိဝ သာဝကေ။
ပပဉ္စ သမတိက္ကန္တေ၊
တိဏ္ဏသောကပရိဒ္ဒဝေ။ ။

(၂) တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။
နသက္ကာ ပုညံ သင်္ခါတုံ၊
ဣမေတ္တမပိ ကေနစိ။ ။

ဟူသော ဂါထာတို့ကို ဟောသည်။

(ဓမ္မပဒအဋ္ဌကထာ ဒု-တွဲ ၁၄၊ ဗုဒ္ဓဝဂ္ဂ ကဿပဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထု ၁၆၃) ထိုဂါထာတို့ကို ဟောပြီးသည်၏ အဆုံး၌ လယ်ထွန်ပုဏ္ဏားနှင့်

စည်းဝေးလာသော ရှစ်သောင်း လေးထောင်သော ပရိသတ်တို့သည် သောတာပန်အရိယာ ဖြစ်ကြလေကုန်ပြီ။

ဤအရပ်၌ မြတ်စွာဘုရားသည် ရွှေစေတီ ၂—ဆူကို ပကတိနေရာကျအောင် ပြန်ထားတော်မူပြီး ထိုနေရာ၌ ကျောက်စေတီကြီး တည်ထားကိုးကွယ်ကြသည်။

လိုရင်းအဓိပ္ပါယ်အကျဉ်းကား—ရှေးဘုရားရှင်တို့ ဓာတ်တော်ကိန်းဝပ်ရာ စေတီ တည်ရာနှင့် ယခု ပရိနိဗ္ဗာန်စံသွားသော ဂေါတမမြတ်စွာဘုရား၏ ဓာတ်တော်များ ကိန်းဝပ်ရာ အဓိကစေတီ တည်ရာတို့၌ ကျောင်း အိမ် စသော လောကီအဆောက်အဦများ လုံးဝ မဆောက်ရ မဆောက်ကောင်း၊ စေတီများသာ တည်ကောင်းသည်။

## ဂါထာများအနက်

(၁) ပူဇာရဟေ၊ ပူဇော်ခြင်းငှာ ထိုက်ကုန်သော။ ဗုဒ္ဓေစ၊ သဗ္ဗညုဘုရားရှင်တို့ကိုလည်းကောင်း။ ယဒိ၊ ထိုမျိုး။ ပစ္စေကဗုဒ္ဓေစ၊ ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့ကို လည်းကောင်း။ ယဒိ၊ ထိုမျိုး။ ပပဉ္စသမတိက္ကန္တေ၊ တဏှာ-မာန-ဒိဋ္ဌိ တည်းဟူသော နှယ်ချဲ့တရားတို့ကို လွန်မြောက် ကုန်ပြီးသော။ တိဏ္ဏသောကပရိဒ္ဒဝေ၊စိုးရိမ်ခြင်း ငိုကြွေးခြင်း တရားတို့ကို လွန်မြောက်ကုန်ပြီးသော။ သာဝကေစ၊ ဆရာ့စကား နားထောင်တတ်သော အရိယာတပည့်သားတို့ကိုလည်းကောင်း။ ပူဇယတော၊ ပူဇော်သော ပုဂ္ဂိုလ်၏ရင်း။

(၂) တာဒိသေ၊ ထိုသို့ ရှုအပ်သော သဘောရှိကုန်သော။ နိဗ္ဗုတေ၊ ငြိမ်းအေးပြီးသော ကိလေသာရှိကုန်သော(ဝါ) ခန္ဓာ မရှိ ပရိနိဗ္ဗာန်စံကုန်သော။ အကုတောဘယေ၊ တစုံတခုသော ဘဝ အာရုံကြောင့် ဘေးရန် မရှိကုန်သော။ တေ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါသာဝကတို့ကို။ ဝါ၊ ထိုဘုရားပစ္စေကဗုဒ္ဓ—ဗုဒ္ဓသာဝက တို့၏ သရီရဓာတ်တော်— ဥဒ္ဒိဿစေတီတော်— ပရိဘောဂစေတီ တော်တို့ကို။ ပူဇယတော၊ ပူဇော်သောပုဂ္ဂိုလ်၏ရင်း။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ကေနစိ၊ တစုံတယောက်သော တန်ခိုးရှင် သည်။ ဣမေတ္တမပိ(ဣမံတွေံအပိ)နယ အားဖြင့် စုံစမ်းလိုက် သည်ရှိသော် ဤမျှရှိ၏၊ ချိန်ဖြင့် ချိန်တွယ် လိုက်သည်ရှိသော် ပိဿာတထောင်, ပိဿာတသိန်း စသည် ရှိ၏၊ လမယ် စလယ် ပြည် တင်း စသည်တို့၏ အစွမ်းအားဖြင့် ဤမျှ အတိုင်းအရှည် ရှိ၏။ ဣတိ၊ဤသို့။ သင်္ခါတုံ၊ ရေတွက်ခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်။

\+ \+ \+

၅—မြတ်စွာဘုရားများ သဗ္ဗညုတဉာဏ် ထိုးထွင်း၍သိရာ ဗောဓိပင် အရပ်ကို ဖြတ်သန်း မသွားလာကောင်းပုံ

(၁) ရာဇာ ကာလိင်္ဂေါ စက္ကဝတ္တိ၊ ဓမ္မေန ပထဝိ မနုသာသံ။ အဂမာ ဗောဓိသမီပံ၊နာဂေန မဟာ- နုဘာဝေန။ ။

(၂) သမ္မေသိတောစ ရညာ၊နာဂေါကောဉ္စာဝ အဘိနု- ဒိတွာန။

ပဋိသက္ကိတွာ နိသီဒိ၊ ဂရုံ ဘာရံ အသဟာ-
မာနော။ (ဇာတကအဋ္ဌကထာ စတုတ္ထတွဲ၊ တေရသ
နိပါတ် ကာလိင်္ဂဗောဓိဇာတ် ၂၃၄)

(၁) ကာလိင်္ဂေါ၊ ကာလိင်္ဂ တိုင်းပြည်ကို အစိုးရသော
ကြောင့် ကာလိင်္ဂဟူ၍ ရအပ်သော အမည်ရှိသော။ စက္ကဝတ္တိ၊
စကြာရတနာကိုလည်း လည်စေတတ်သော။ ဓမ္မေန၊ မင်းကျင့်
တရား ဆယ်ပါးဖြင့်။ ပထဝိံ၊ မြေအပြင်ကို။ အနုသာသံ၊
သွန်သင်ဆုံးမနည်းပြတတ်သော။ ရာဇာ၊ ဘုရင်မင်းမြတ်သည်။
မဟာနုဘာဝေန၊ ကြီးသောအာနုဘော်ရှိသော။နာဂေန၊ ကိုယ်
လုံးကျွတ် ဖွေးဖွေးဖြူသော ဆင်ပုံရတနာဖြင့်။ ဗောဓိသမီပံ၊ မိဘာ
နှစ်ပါးဖူးမြင်ရန်သွားသောအခါဗောဓိအနီးသို့။အဂမာ၊ ရောက်
သွားလေပြီ။

(၂) အထ၊ ထိုသို့ ဗောဓိပင်မြတ် အနီးအရပ်သို့ ရောက်
သောအခါ၌။ ကောဉ္စော၊ကြိုးကြာငှက်သည်။ အဘိနဒိတွာန၊
အော်မြည်၍။ နိသီဒတိဣဝ၊ နားနေဘိသကဲ့သို့ရှင်း။ ဂရုံ၊
လေးလံသော။ ဘာရံ၊ ဝန်ထုပ်ဝန်ပိုးကို။ အသဟမာနော၊
ထမ်းရွက်ခြင်းငှာမစွမ်းနိုင်သောသူသည်။ နိသီဒတိဣဝ၊ နောက်
ဆုတ် ထိုင်ချလိုက်ဘိသကဲ့သို့ရှင်း။ဝေ၊ ဤအတူ။ရညာ၊ကာလိင်္ဂ
မည်ရှိ စက္ကဝတ္တိမင်းသည်။ သမ္ဗေသိတော၊ စိန်ချွန်းအုပ်၍ စေ
လွှတ်အပ်သော။ နာဂေါစ၊ ဆင်ဖြူရတနာသည်လည်း။ အဘိန
ဒိတွာန၊ နှာမောင်းချီလည်မော့ကာ မြည်တမ်း အော်ဟစ်၍။
ပဋိသက္ကိတွာ၊ နောက်ကိုသာကန်ဆုတ်လျက်။ နိသီဒိ၊ ကောင်း
ကင်၌သာ ထိုင်ရှာလေပြီ။

## အဓိပ္ပါယ်အကျဉ်း

ရှေးအတိတ် ကာလိင်္ဂတိုင်း ဒန္တပူရမြို့တော် ကာလိင်္ဂအမည်ရှိသော စကြာမင်းသည် မိဘများနေထိုင်ရာ ဂင်္ဂါမြစ်ကမ်းပါးသခ်ဏ်းကျောင်းသို့ ဆင်ဖြူတော်ရတနာစီး၍ ကောင်းကင်မှသွားရာတွင် ဘုရားရှင်တို့ သဗ္ဗညုတပန်းဆင်မြန်းရာ ဗောဓိပင် ရွှေပလ္လင်ထိပ်တည့်တည့်အရပ်သို့ ရောက်သောအခါ ဆင်ဖြူတော်သည် ချွန်းဖြင့်အုပ်၍ မောင်းနှင်စေခိုင်းအပ်သော်လည်း အောင်မြည်၍အသေခံနောက်သို့ အတင်းကန်ဆုတ်ပြီး ထိုင်နေလေပြီ။

ပုရောဟိတ်ပုဏ္ဏားသည်"ကောင်းကင်ကား အတားအဆီးမရှိ အကြောင်းကား အဘယ်နည်း"ဟု စုံစမ်းလို၍ ကောင်းကင်မှ သက်ဆင်းကာ စုံစမ်းလိုက်သည်ရှိသော်အလုံးစုံသောဘုရားရှင်တို့၏ ကိလေသာစသည်တို့ကို အောင်မြင်ရာဖြစ်သည့် မြေကြီး၏ အချက်အခြာ မင်းတာ ၁၈–ကရီမျှလောက်သော အရပ်၌ ဆံမုတ်ဆိတ်မျှမြက်မပေါက်သော ငွေသဲဖြူအဆင်းရှိသည့် မြေမြတ်ကို တွေ့မြင်လေ၏။

ထိုသို့တွေ့မြင်သည်ရှိသော် ပညာရှိ ပုရောဟိတ် ပုဏ္ဏားသည် "ဘုရင်မင်းမြတ် ငွေသဲဖြူခင်း တင့်တယ်ခြင်းရှိသော ဤမြေဥကွောင်းအရပ်ကား ဘုရားရှင်တို့၏ သဗ္ဗညုတ ဉာဏ်တော်ကို ထိုထွင်း၍သိရာအရပ်ပင်တည်း"ဟု သံတော်ဦးတင်လျက် မြေမြတ်ကို ပူဇော်ခိုင်း၏။

ဤကာလိင်္ဂဗောဓိပလ္လင်ဇာတ်ကိုထောက်သဖြင့်ဘုရားသခင်တို့ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရာ ပလ္လင်နှင့်ဗောဓိပင်တည်ရာ ပတ်ဝန်းကျင်မင်းပယ် ၁၈-ကရီသအရပ်ကိုဘုရားရှင်တို့မှတပါး

မည်သူမျှ မကျော်ကောင်း အိမ်ကျောင်း စသည့် အဆောက် အဦမဆောက်ကောင်း၊ စေတီသာတည်ကောင်း၏။

(ဤဆိုအပ်ခဲ့ပြီးသော သက်တော်ထင်ရှားဘုရားများနှင့် ဓါတ်တော် ဆင်းတုတော် စေတီတော် ဗောဓိပင်နေရာတို့၌ရှင်း၊ အပေါ်၌ ရှင်း မသွားမလာမနေထိုင်ဘဲ အရိုအသေပုလ္လင်ဂါရဝဖြစ်၏၊ ပစ္စက္ခ တမလွန်ချမ်းသာ၏၊မရိုမသေ သွားလာနေထိုင်သူသည် အဂါရဝဖြစ်၏၊ ပစ္စက္ခတမလွန်ဆင်းရဲစွာနေရ၏၊အပါယ်ကျ၏၊သတိသမ္ပဇညယှဉ်လေ။)

\+ \+ \+

## ဇ—အထက်ပါ ဝိနိစ္ဆယများအရ ရွှေတိဂုံ စေတီတော်ကြီး၌ ကြည်ညိုဘွယ် သန့်ရှင်းအောင် ပြုလုပ်ရန် အစီအစဉ်

(၁) ရွှေတိဂုံ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ကမ္ဘာ ကျော်ကြားသော စေတီတော်မြတ်ကြီးဖြစ်၍ စေတီတော်ကြီး ကိုယ်လုံးတော်၌ ဖူးမြင်ကြသူ အပေါင်း ရှုမငြီး ကြည်ညိုဘွယ် ဆောင် ကောင်းအောင် သန့်သန့်ရှင်းရှင်း မွမ်းမံပြုပြင်ရန်။

(၂) စေတီတော်ကြီး၏ အောက်ဘိနပ် ပလ္လင်၌ အရံစေတီ တော်များကို စီစီတန်းတန်း ညီညီညာညာ ဖြစ်စေ၊ သို့မဟုတ် အနိမ့်အမြင့်ဖြစ်စေ ကြည်ညိုဘွယ်ဖြစ်အောင် မွန်းမံ ပြုပြင်ရန်။

(၃) စေတီတော်ကြီး၏ ဘိနပ်တော်အောက် ပတ်ဝန်းကျင် ရုပ်တုတော်များ ကိန်းဝပ်သော အုဌ်ပြာသာဒ်များနှင့် အရုပ် အမျိုးမျိုးများ သပ်သပ်ရပ်ရပ် ရှုချင်ဘွယ် ကောင်းအောင် ပြု ပြင်ရန်။

(၄) ပတ်ဝန်းကျင် ရင်ပြင်တော် သန့်သန့်ရှင်းရှင်း အညီ အညွတ်ရှိအောင် ပြုပြင်ရန်။

(၅) ရင်ပြင်တော် အပြင်ဘက်နှင့် ဘုရား ပထမတံတိုင်း အတွင်း ဘုရား တန်ဆောင်း စသည်များ သန့်ရှင်း ရှုချင်ဘွယ် ကောင်းအောင် ပြုပြင်ရန်နှင့် မသမာသူများ ဝင်မခိုအောင်း နိုင်အောင် ပြုပြင် စီရင်ရန်။

(၆) စောင်းတန်းလေးသွယ်တို့ကို သန့်သန့်ရှင်းရှင်း ကြည်ညိုဘွယ်ဖြစ်အောင် ပြုလုပ်ရန်နှင့် အတက်အဆင်း နှစ်လမ်းသွား ပြုလုပ်ရန်။

(၇) ပထမတံတိုင်း အပြင်ဘက်တွင် ဘုရားဝတ္တက မြေဝင်း အတွင်း ဓမ္မာရုံစရပ်များသတ်သတ်၊ အမှုထမ်းများနေရာ သတ်သတ်၊ အပန်းဖြေစရာ ပန်းဥယျာဉ်သတ်သတ်၊ ပွဲတော်ကျင်းပရန် နေရာသတ်သတ်၊ အညစ်အကြေးစွန့်ရန် နေရာသတ်သတ် ပြုလုပ် စီမံထားရန်။

## အလှူခံရန် အစီအစဉ်

(၁) စေတီတော်ကြီးအတွက် အလှူခံရန်၊

(၂) စေတီတော်ကြီး၏ အရံ စေတီ ရုပ်တု တန်ဆောင်း တော်များ ပြုပြင်ရန်၊

(၃) ဓာတ်မီးပူဇော်ရန်၊

(၄) စေတီတော်ကြီး ဝေယျာဝစ္စ ပြုရန်၊

ဣတိ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓ ဘဒ္ဒန္တ အာစိဏ္ဏ မဟာ– ထေရေန လိခိတာ ပုရေဏဇိရဏ စေတိယ ပဋိမာဒိ သုန္ဒရ ပဋိသင်္ခရ၊ ဝိတ္ထာရဝိနိစ္ဆယဒီပနီ နိဋ္ဌိတာ။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ
ခြောက်ထပ်ကြီး–ဘုရားကြီးတိုက်၊ ရန်ကုန်မြို့။

# နောက်ဆက်တွဲ

## ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ–နာယကဆရာတော်၏ အမိန့်ခွန့်ပြုချက်

ဦးဘသော် လျှောက်ထားချက်အရ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သိမ်တော်ကြီး၌ ၁၃၃၅–ခု၊ တန်ဆောင်မုန်းလဆန်း ၉–ရက်၊ စနေနေ့ ၁–နာရီအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျောင်းထိုင် ဆရာတော်များ အဖွဲ့ချုပ်ကြီး၏ ဗဟိုတာဝန်ခံ အလုပ်အမှုဆောင်ဆရာတော်များ ၂၅-ကြိမ်မြောက် အထူးအစည်းအဝေးက—

(၁) ဘဏ္ဍာတော်ထိန်းအဖွဲ့ဝင် ဦးဘသော်လျှောက်လွှာနှင့် ပတ်သက်သည့်တို့ကို စဉ်းစားတော်မူကြပြီးလျှင် ရွှေတိဂုံဂေါပက ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကို စောင့်မြှော်ရန် ဟူသော ဆုံးဖြတ်ချက်ကို နှလုံးသွင်းပြီး စိစစ်သောအခါ မိမိအပေါ် တာဝန်ကျလာသည် ဖြစ်၍ ဤတာဝန် ကျေပြွန်ရန် ဤနေ့ည ဘုရားဝတ်တက်ပြီးချိန်နှင့် နံနက်ဘုရားဝတ် တက်ပြီးချိန်တို့တွင် ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာ့ဂုဏ်တော် မိမိ၏ သာသနာရေးနှင့်စပ်၍ လုပ်ဆောင်ချက်တို့ကို ခြင်ဆင်သုံးသပ်ပြီး ဦးဘသော်နှင့် ကြွင်းသော ဂေါပကဥပါသကာတို့သည် ဤရွှေတိဂုံဘုရားအတွက် လခရိက္ခ၁၁ရဘဲ သက်သက်ဘုရား ဝေယျာဝစ္စအကျိုး ကုသလ တိုးပွားရန် လုပ်ကြသော သူတော်စင်များ ဖြစ်ကြသည်။

ယခုအခါ အနော်ကဘက်မုခ် ဓာတ်လှေခါးဖျက်ရာက စပြီး ပြုပြုသမျှအချို့က မလိုလား အချို့ကလိုလား သည်ဖြစ်၍ စိတ်ကောင်း စေတနာကောင်းဖြင့် မကောင်းပြုပြင် အပျက်ပြင် အသစ်မွမ်းမံ သာယာကြည်နူး ရှုချင်ဘွယ် အထူးရှိအောင် လုပ်ပါက ပါဠိတော် အဋ္ဌကထာ ဋီကာ မိန့်မှာချက်အကိုးအကား များနှင့် ယခုပစ္စက္ခ ဆရာတော်ကြီးများ လုပ်ဆောင် ချက်သာဓကများ ရပါစေသား—ပေါ်လာပါစေသား။

သဒ္ဓါမဲ့ဘက် ကပျက်ကယက် ပဒုဋ္ဌစိတ်သက်သက်ဖြင့် ဖျက်လိုဖျက်ဆီး လုပ်လိုပါမူကား အကိုးအကားမပေါ်ပါစေသား မရပါစေသား အဓိဋ္ဌာန်ပြု၏။

ထိုအခါပါဠိတော် အဋ္ဌကထာနှင့် ဆရာတော်ကြီး များ၏ လုပ်ဆောင်ချက်များ ပေါ်လာ၏၊ လာလျှောက် ထားကြ၏၊ ဤဆရာတော်ကြီး များ၏ လုပ်ဆောင်ချက် များကို ဖော်ပြပါအံ့။

နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ

နှင့်

နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များထံ

နေ့စွဲ။ ၁၃၁၆–ခု၊ ဝါခေါင်လဆန်း(၂)ရက်နေ့။

ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ခြောက်တပ်ကြီး

ရုပ်ပွားတော်ကြီးကို ပြုပြင်ရန်လျှောက်ထားလွှာ

အနှစ် (၄၀) ကျော်ခန့်က တည်ထားသော ရုပ်ပွားတော်ကြီးသည် ယခုအခါ ညောင်ပင်များဘေးရန်ကြောင့် ပြိုလုဆဲဖြစ်နေပါသည်။

ပခုံးတော်၌ ပေါက်နေသော ညောင်ပင်ကြီးသည် အလွန်ကြီးမား၍ နေသည့်ပြင် အောက်သို့အမြစ် စူးဝင်ခြင်းကြောင့် လက်မောင်းတော် ကွဲအက်လျက်ရှိပါသည်။

နားတော်နှစ်ဘက် အကြား၌ ပေါက်သော ညောင်ပင်များသည် နားတော်အရင်းထိအောင် အမြစ်ဆင်းလျက်ရှိ၍ သုတ်သင်၍မရနိုင်အောင် ရှိနေပါသည်။

ရင်ဘတ်တော်စသော ထိုထိုနေရာတို့၌ပေါက်သော ညောင်ပင်၏ အမြစ်များကို သုတ်သင်နိုင်ရန် မလွယ်ကူပါ၊ မကြာမီပြိုပျက်ရန်သာ ဖြစ်ပါသည်၊ သံချောင်းများထည့်၍ ကွန်ကရိပြုလုပ်ရန် ခေတ်မပေါ်မီ အနှစ် (၄၀) ကျော်ခန့်လောက်က တည်ထားသော ရုပ်ပွားတော်ဖြစ်၍ သံချောင်းထည့်၍ ပြုလုပ်မည့်နေရာများ၌ သစ်သားထည့်ထားခြင်းကြောင့် လွန်ခဲ့သော (၁၅) နှစ်ခန့်လောက်က လက်မတော်ကြီး ပြုတ်ကျခဲ့ပါပြီ။

ယခင် ပဲခူးဘုရားကြီး ပြိုကျသောနှစ်က ငလျင်ကြီးဘေးကြောင့် လည်ပင်းတော်ကြီး ပျက်၍သွားပါသည်၊ ခေါင်းတော်ကြီးအတွင်း ၆-လက်မပတ်လည်၊ အရှည်ပေ ၁၀၀-ရှိသစ်သားတိုင်ကြီး (၄) လုံး စိုက်ထားသည်ဟု ပြောကြပါသည်။

သို့ဖြစ်ပါ၍ ဤခြောက်ထပ်ကြီး ရုပ်ပွားတော်ကြီးကို မခိုင်မာသောနေရာ, မတင့်တယ်သောနေရာ အရပ်ရပ်တို့၌ နုတ်ပယ်ထည့်သွင်းပြီး ပကတိအတိုင်းထက် ကြည်ညိုဘွယ်ဖြစ်၍ တိုးတက်ခိုင်မာအောင် ပြုပြင်ထိုက်– မပြုပြင်ထိုက် ပြုပြင်ကောင်း– မပြုပြင်ကောင်း အဆုံးအဖြတ် ပေးသနားတော် မူပါမည့်

အကြောင်း ရှိသေစွာလျှောက်ထား ဝံ့ပါသည်— နိုင်ငံတော် သြဝါဒါစရိယနှင့် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

လျှောက်ထားသူများ

| | | |
|---|---|---|
| မောင်ဝင်း | — | သာသနာရေးဝန်ကြီး၊ |
| ကျော်စိန် | — | အင်ဂျင်နီယာချုပ်၊ |
| ဘတင် | — | ချပ်သင်းသစ်စက်သူဌေး၊ |
| ကြီးဖေ | — | သာသနာ့ညွှန်ကြားရေးမှူး၊ |
| လှကျော် | — | အင်ဂျင်နီယာ— မီးသတ်ဗိုလ်ချုပ်၊ |
| ဘဆွေလေး | — | သာသနာရေးအထူးအရာရှိ။ |

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ
နှင့်
နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ၏

# ဩဝါဒ မိန့်ကြားချက်

နေ့စွဲ—၁၃၁၆—ခု၊ ဝါခေါင်လဆန်း(၂)ရက်နေ့၊

ရန်ကုန်မြို့ရွှေဂုံတိုင်လမ်းခြောက်ထပ်ကြီးရုပ်ပွားတော်ပြန်လည်ဘည်ဆောက်ရေးအဖွဲ့မှ ဒါယကာကြီး—ယော်တစုတို့၏ လျှောက်ထားလွှာကို လက်ခံရရှိကြသဖြင့် ယခုအစည်းအဝေးသို့ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် ဩဝါဒါစရိယ—အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်များ၊ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များ စသည်တို့သည် ထိုလျှောက်ထားလွှာ၌ပါရှိသောဘုရားရုပ်တုတော်ကြီးကို ကြည်ညိုဘွယ်ဖြစ်၍ အရှည် တည်တံ့ခိုင်ခံ့လေအောင် ပြုပြင်ခြင်းကိစ္စ အဝဝတို့အတွက် ဘုရားဟောဒေသနာတို့၌ ဘုရား မိန့်တော်မူအပ်သော ပါဠိ—အဋ္ဌကထာ—ဋီကာ စသော ကျမ်းဂန်တို့၌ မိန့်ဆိုအပ်သော စကားရပ်များကိုစုံစမ်းဆင်ခြင်လတ်သော်—

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊
ဘာသတိ ဝါ ကရောတိ ဝါ။

တတော နံ သုခ မန္ဒေတိ၊
ဆာယာဝ အနုပါယိနီ။ ။

စသည်ဖြင့် ဓမ္မပဒပါဠိတော်၌ မဋ္ဌကုဏ္ဍလိ သတို့သားကို အကြောင်းပြု၍ မြတ်စွာဘုရားသည် နှောင်သာသနာတော်တွင်း ဝယ် ဗုဒ္ဓဘာသာဝင် ရဟန်း–ရှင်–လူ အပေါင်းတို့၏ အသက်ထက်ဆုံး မှတ်သား ကျင့်ကြံ လိုက်နာကြစေရန် ရည်သန်တော်မူပြီးလျှင် ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်များကို တွေ့ရှိရပေ၏။

## အနက်

ဓမ္မာ၊ နာမက္ခန္ဓာတရား သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဟုခေါ်ဝေါ်အပ်သော ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။ (ဝါ) ပြုလုပ်သော သူတို့၏ စိတ်ဓာတ်သည်သာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏။မနောသေဋ္ဌာ၊ စိတ်သည်သာလျှင် အကြီးအကဲရှိကုန်၏။ မနောမယာ၊ စိတ်ကြောင့်ပြီးကုန်၏။ ပသန္နေန၊ ကြည်ညို ကောင်းမြတ်သော။ မနသာ၊ စိတ်ဓာတ်ဖြင့်။ စေ ဘာသတိ ဝါ၊ အကယ်၍ ပြောဆိုမူလည်း ပြောဆိုငြားအံ့။ စေကရောတိဝါ၊ အကယ်၍ ပြုလုပ်မူလည်း ပြုလုပ်ငြားအံ့၊ တတော၊ထိုသို့ပြောဆိုပြုလုပ်ခြင်းကြောင့်။ နံ ပုဂ္ဂလံ၊ထိုကြည်ညိုကောင်းမြတ်သောစိတ်ဓာတ်ဖြင့် ပြောဆိုပြုလုပ်သော ပုဂ္ဂိုလ်ကို။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီဣဝ၊ သွားလေရာရာ အစဉ်တစိုက် နောက်ကလိုက်သကဲ့သို့။ သုခံ၊ချမ်းသာသည်။ အ[illegible]၊ အစဉ်တစိုက် လိုက်၏။

ဤသို့ ဓမ္မပဒပါဠိတော်၌ ဘုရားမြတ်စွာသည် ဗျာဒိတ်စကား မိန့်ကြားတော် မူခဲ့သည်ကို ထောက်၍ ပသန္န စိတ်ကောင်း စိတ်မြဘ် စိတ်ဓာတ်ဖြင့် မသပ္ပါယ် မဖွယ်ရာ မတင့်တယ်သော အရာများ၌ တင့်တယ် သပ္ပါယ်အောင် ပြုပြင်သော ပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်သကဲ့သို့ ထို့အတူ ယခုအခါ၌လည်း ခြောက်ထပ်ကြီး ရုပ်တုတော်၌ ပေါက်ရောက်နေသော ညောင်ပင်တို့၏ ဖျက်ဆီးလတ္တံ့သော ဘေးရန်တို့ကိုမြင်ရ၍ အစွန့်ရှည်စွာ မြဲမြံခိုင်ခံ့ တည်တံ့စေရန်ငှင်း, လူအများတို့ ကြည်ညိုဘွယ် သဒ္ဒါတရား ဖြစ်ပွားစေရန်ငှင်း ရည်သန်၍ ပသန္နစိတ်ဖြင့် ပြုပြင်ကြ ကုန်သော သူတို့အား အပြစ်မရှိ၊ အရိပ်သည် အစဉ်မပြတ် လိုက်သကဲ့သို့၊ထို့အတူ ထပ်မံပြုပြင်ကုန်သောသူတို့အား ပြုအပ်သော ကုသိုလ်တရား၏ ချမ်းသာအကျိုးသည် အစဉ်မပြတ်လိုက်၏၊ ထို့ပြင်—

> ယော ပန ရောဂတ္ထုပသမနတ္ထံ ဇီဝကော ဝိယ
> သတ္ထေန ဖာလေတွာ ပူတိမံသဥ္စ လောဟိတဥ္စ နီဟရိတွာ
> ဖာသုံ ကရောတိ။ ဗဟုံ သော ပုညံ ပသဝတိ။—ဟု
> ဝိနည်းမဟာဝါအဋ္ဌကထာ မဟာခန္ဓက အဖွင့်၌ မိန့်

အပ်၏။

## အနက်

ပန! အများတို့မှတ်သားစေရန် ရည်သန်၍ ဆိုဦးအံ့။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဇီဝကောဝိယ၊ မြတ်စွာဘုရား၏ ခြေမတော်၌ ဓားဖြင့်ခွဲ၍ သွေးပြည်ကိုထုတ်စေသော ဆရာဇီဝက ကဲ့သို့။ ရောဂတ္ထုပသမနတ္ထံ၊ အနာရောဂါ၏ ပျောက်ငြိမ်းစေခြင်း အကျိုး

ဌာ။ သဏ္ဌေန၊ ဓားဖြင့်။ ဖာလေတွာ၊ ဖောက်ခွဲ၍။ ပူတိမံ-သဋ္ဌ၊ အသားပုပ်အသား ဆွေးကိုရှင်း။ လောဟိတဋ္ဌ၊ သွေးပုပ် သွေးပြည်ကိုရှင်း။ နီဟရိတွာ၊ ထုတ်၍။ ဖာသုံ၊ ချမ်းသာသည်ကို။ ကရောတိ၊ ပြု၏။ သော၊ ထိုစိတ်ကောင်းဖြင့် အနှာပျောက်အောင်ဖောက်ခွဲ၍ ကုသောသူသည်။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ပသဝတိ၊ ပွားစေ သည်မည်၏။ (ဝါ)အပြစ်မရှိကောင်းမှုကိုသာ ပြုလုပ်သည်မည်၏။

ဤသို့ ဝိနည်းမဟာဝါအဋ္ဌကထာ၌ မိန့်အပ်သည်ကိုထောက်၍ ယခု သဝိညာဏက သက်တော်ထင်ရှားဘုရားမဟုတ်၊ အဝိညာဏက ဖြစ်သော ခြောက်ထပ်ကြီးရုပ်တုတော်မြတ်၌ မှိုတွယ် ပေါက်ရောက်နေသော ပျက်စီးခြင်း၏အန္တရာယ်အစဉ် ဖြစ်လတ္တံ့ကုန်သော ညောင်ပင်တို့ကို သုတ်သင်ရှင်းလင်းပြီးလျှင် လူအများတို့ ကြည်ညိုဘွယ်ကို တကယ်ဖြစ်စေရန် စိတ်ကောင်းစိတ်မြတ်ဖြင့် ပြုပြင်သောသူတို့သည် ဆရာဇီဝကသည် ဘုရားမြတ်စွာ၏ ခြေမတော်ကို ဓားဖြင့်ခွဲ၍ သွေးစိမ်းကိုထုတ်ပစ်ရာ၌ များစွာသော ကုသိုလ်ကို ပွားများသည်မည်သကဲ့သို့၊ထို့အတူ ခြောက်ထပ်ကြီး ရုပ်တုတော်ကို တင့်တယ်သပ္ပါယ်ကြည်ညိုဘွယ်ဖြစ်အောင် ပြုပြင်ခြင်းကြောင့် များစွာသောကုသိုလ်ကို ပွားများစေသောသူတို့ မည်ကုန်၏၊ ထို့ပြင်—

ဇီဝကော ပန တထာဂတဿ ရုစိယာ သတ္ထကေန
စမ္မံ ဆိန္ဒိတွာ တမှာ ဌာနာ ဒုဋ္ဌလောဟိတံ နီဟရိတွာ
ဖာသုက မကာသိ၊ တထာကရောန္တော ပုညကမ္မမေဝ

ဟောတိ။—ဟု ကင်္ခါဝိတရဏီအဋ္ဌကထာ ၌လည်း မိန့်ဆို အပ်၏။

၎င်းပြင် ဓမ္မာသောကမင်းကြီးသည် ရဟန်းပရိသတ် လူပရိ သတ် အပေါင်းတို့နှင့်တကွ ဓာတ်တော်စစ်ကိုရှာလိုသော စိတ် ကောင်း စိတ်မြတ်ဖြင့် အလုံးစုံသောမြို့တို့၌ ကောင်းမွန်ခိုင်ခံ့စွာ တည်ထားအပ်သော စေတီတော်တို့ကို ပေါက်တူးစသည်တို့ဖြင့် တူးဖို့ဖျက်ဆီး၍ဓာတ်တော်တို့ကို ရှာဖွေသည်ရှိသော် ရှာမတွေ့ သောအခါ၌ ရှေးပြကတေ့ အတိုင်း ပြန်၍ ပြုလုပ်ထားဘူး ကြောင်းကို—

သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ ပဋိ ပါကတိကာနိကတွာ။—ဟု သုတ်မဟာဝါအဋ္ဌကထာ မဟာပရိ နိဗ္ဗာနသုတ်အဖွင့်၌ မိန့်ဆိုအပ်၏။

၎င်းမိန့်သည်ကိုထောက်၍ ပဒုဋ္ဌစိတ်မဘက် ပသန္နစိတ်သက် သက်ဖြင့် ဘုရားမြတ်စွာ ဗျာဒိတ်မိန့်ကြားတော်မူသည့် အတိုင်း ကြည်ညိုဘွယ်ဖြစ်စေရန် ရည်သန်ပြီးလျှင် ပျက်စီးယိုယွင်း၍ နေကုန်သော ဘုရားရုပ်ပွားဆင်းတုတော်, ဥဒ္ဒိဿကစေတီတော်, ပရိဘောဂ စေတီတော်တို့ကို တင့်တယ်သည်ထက် တင့်တယ် အောင် ပြုပြင်ခြင်းကို အားထုတ်ကြပါကုန်လော့။

အနက်

သဗ္ဗတ္ထ၊ ရာဇဂြိုဟ်ပြည်, ကပိလဝတ်ပြည်, ရာမရွာ, အလ္လ ကပ္ပမြို့, ဝေဋ္ဌဒီပမြို့, ပါဝါပြည်, ကုသိနာရုံပြည် ဟုဆိုအပ်ကုန် သော အလုံးစုံသော ပြည်ကြီးပြည်ငယ် အသွယ်သွယ်တို့၌။ စေတိယာနိ၊ တည်ထားအပ်ကုန်သော ရှိရှိသမျှသော စေတီတို့

ကို။ဘိန္ဒိတွာ၊ ဖောက်ထွင်းခဲ့ဖျက်၍။ဓာတုံ၊ဘုရားဓာတ်တော်ကို။ အလဘိတွာ၊ မရသောကြောင့်သာလျှင်။ ပဋိပါကတိကာနိ၊ တဖန်ပြုပြင်ခြင်းတို့ကို။ ကတွာ၊ပြုပြီး၍။ ပုန၊ တဖန်။ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ အာဂစ္ဆိ၊ ပြန်လာခဲ့လေပြီ။

ထို့ပြင် ရန်ကုန်မြို့ ငါးထပ်ကြီး ဂိုဏ်းအုပ် ဆရာတော် ဦးအာသဘ၊ ကြည့်မြင်တိုင် ဗားကရာဆရာတော် ဦးအာစရ၊ အလယ်တောရ ဆရာတော် ဦးကောသလ္လ၊ မအူပင်မြို့နယ် မလက်တိုဂူကုန်းဆရာတော် ဦးတိဿ၊ ဓမ္မသုခတိုက်ဆရာတော် ဦးဇာဂရ၊ငါးထပ်ကြီးပြာသာဒ်ကျောင်းဆရာတော် ဦးဘေဇဝန္တ စသော ဆရာတော်ကြီးများလက်ထက်က ရန်ကုန်မြို့ ငါးထပ်ကြီးရုပ်ပွားတော်သည် မူလတည်ထားရင်းက ဉာဏ်တော်အမြင့် (၁၈) တောင်သာ ရှိပါသည်၊ ထိုအခါ၌ အားလုံးသော ဒါယကာ ဒါယိကာမများက အထက်ပါ ဆရာတော်ကြီးများအား ပင့်ဘိတ်၍ လျှောက်ထားကြသည်မှာ—

"အမြင့်ဉာဏ်တော်(၁၈)တောင်ရှိ ရုပ်တုတော်ကို လူအများတို့ ကြည်ညိုစေရန်ရည်သန်၍ ယခုတည်ဆဲဖြစ်သော နေရာထက် မြင့်သောနေရာ၌ ပြောင်းရွှေ့၍ ဆပ်မံပြုပြင်ကိုးကွယ်လိုပါသည်၊ အပ်—မအပ်ကို ဩဝါဒပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားသည်တွင်—

ငါးထပ်ကြီးဂိုဏ်းအုပ် ဆရာတော်အစရှိသော ဆရာတော်ကြီးများက ဘုရားဟောပါဠိတော်— အဋ္ဌကထာစသည်များကို ကိုးကား၍ တည်ထားလိုက်ကြောင်း ဩဝါဒမိန့်ကြားချက်အရ မူလတည်ထားသော (၁၈) တောင်ရှိ ရုပ်တုတော်ကြီးကို ပသန္န

စိတ်ဖြင့် ရွှေ့ပြောင်း၍ ယခုနေရာ(၃၁) တောင်ရှိ ရုပ်တုတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ တည်ထားဘူးသော ထုံးဟောင်းသာဓက ထင်ရှားလေသည်၊ ယခုအများမျက်မြင်ပင် ဖြစ်သည်။

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ

၁။ ပုံ—ဦးခေမိက (လေးသာ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ)

၂။ ပုံ—ဦးဉာဏဝံသ (ကြည့်မြင်တိုင် ဗားက ရာ ဆရာတော်)

၃။ ပုံ—ဦးကလျာဏာဘိဝံသ (ယသဇေယျာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ)

၄။ ပုံ—ဦးကလျာဏ (ကြည့်မြင်တိုင်ဝေဠုဝန် ဆရာတော်)

၅။ ပုံ—ဦးစန္ဒ (ကျားကူးဆရာတော်)

၆။ ပုံ—ဦးခေမာစာရ (ဗဟန်းဝေဠုဝန်ဆရာတော်)

၇။ ပုံ—ဦးရေဝတ (ဒေဝသာဂရသိမ်ကုန်း ဆရာတော်၊အဂ္ဂမဟာပဏ္ဍိတ)

၈။ ပုံ—ဦးနန္ဒ (ကျိုက်ထီးရိုး ဆရာတော်)

၉။ ပုံ—ဦးဥက္ကဋ္ဌ (ညောင် ကုန်း တိုက် ဆရာတော်)

နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ

၁။ ပုံ—ဦးဉာဏိက (နှင်းကျိုပ် ရှစ်ဆူ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ)

၂။ ပုံ—ဦးကောဏ္ဍည (ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ)
၃။ ပုံ—ဦးဥက္ကံသ (ဇေယျဝတီဆရာတော်)
၄။ ပုံ—ဦးအာလောက (သရက်တော တိုက် မြိတ်ကျောင်းဆရာတော်)
၅။ ပုံ—ဦးပဲညာဝံသ (ဘုရားဖြူ ဆရာတော်)
၆။ ပုံ—ဦးဝိသာရဒ (စက်ာပူ ဆရာတော်)

---

## ရုပ်ပွားစေတီတော်များ ရွှေ့ပြောင်း တည်ထားခြင်းအကြောင်း

(က) ဤသို့ရှေးဦးစွာ တည်ထောင်အပ်သော တောရကျောင်းလေးကျောင်းတို့တွင် တကျောင်းအပါအဝင်ဖြစ်သော အရှေ့တောရကြီး ကျောင်းတိုက်၏ အရှေ့ဘက်ကပ်လျက်တည်သော တောင်ကုန်းစွန်း၏ အရှေ့မြောက်ဘက်- လကျ်ာအနိမ့်ပိုင်း မြေပြင်အရပ်တွင် ဆယ်တောင်ခန့်မျှရှိသော လှျောင်းတော်မူတဆူနှင့် တင်ပလ္လင်ခွေ မတ်ရပ် ရုပ်ပွားတော်များ ရှိကြသည်၊ အနိမ့်ပိုင်းဖြစ်ကြ၍ ယင်းရုပ်ပွားတော် များသည် မိုးဃ်းရွာလျှင် ရေများလျှံဝေထလျက် အမိုးအကာတန်ဆောင်း လုံးဝမရှိ၊ လွင်တီးခေါင်အတိဖြစ်နေပြီး ဆိတ် ခွေး ဝက် ကျွဲ နွားတို့၏ ကျက်စားရာစားကျက်သဘွယ် မတင့်မတယ် စမွယ် နေတော်မူရရှာလေသည်။

မြေနိမ့်ပိုင်းဖြစ်၍ ပြုပြင်ပေးပါသော်လည်း ကောင်းနိုင်ရော အကြောင်းမမြင်ပေ၊ ထို့ကြောင့် ပရိက္ခရာကုန်သည်သေဋ္ဌေးကြီး

ဦးဘိုးအောင် ဒေါ်စိန်ရင်တို့က တာဝန်ယူလျက် တင်ပလ္လင်ခွေမတ်ရပ် ရုပ်ပွားဆင်းတုတော်များကို စုဆောင်းပြီး (၁၂၆၀) ပြည့် ခုနှစ်လောက်က တည်ခဲ့ရာ ၁–နှစ်၊ ၂–နှစ်ခန့်မျှတည်ရ၍ ၁၂၆၁--၆၂–ခုနှစ်လောက်တွင် ငါးထပ်ကြီးဘုရား ပြီးစီးအောင်မြင်သည်ဟု အဆိုရှိပါသည်။

(ခ) ဝါဒထူး–ငါးထပ်ကြီးဘုရားနှစ်ဆူ နေရာရွှေ့တည်ရပုံမှာ သေဌေးဦးဘိုးအောင်– ဒေါ်စိန်ရင်တို့သည် ယခုတည်ထားသော ငါးထပ်ကြီးဘုရားကြီး၏ လက်ျာဒေါင့် ချိုင့်ဝှမ်းသော မြေပေါ်တွင် ဉာဏ်တော်– ၁၃–တောင်မျှရှိသော တင်ပလ္လင်ခွေ ဘုရားတဆူ ပဌမအကြိမ် တည်ထားပြီး အချောကိုင်နေခိုက် ဘုရားဒါယိကာမ ဒေါ်စိန်ရင်အိပ်မက်မြင်မက်ပုံမှာ–

ပထမတည်ထားသော ဘုရားကိုယ်တော်တိုင်က မိမိမျက်နှာတော်နှင့်တကွ ဦးခေါင်းတော်ကိုပါ ပိတ်ဖြူဖြင့် ရစ်ပတ်လျက် ယခုငါးထပ်ကြီးဘုရား– တည်ထားရာ ကုန်းမြင့်ပေါ်သို့ နှစ်ကြိမ်တိုင်တိုင် လက်ညှိုးတော်ဖြင့် ညွှန်ပြသည်ဟု မြင်မက်သောကြောင့် ငါးထပ်ကြီး ဆရာတော် ဦးအာသဘမထေရ်အား လျှောက်ထားရာ ဆရာတော်ကြီးက ညွှန်ပြရာအရပ်ဒေသပင်လျှင် မြေများညီညွတ်အောင် ပြုလုပ်ပြီး ရွှေ့ပြောင်း တည်ရမည်ဟု အမိန့်ရှိသည့်အတိုင်း ဒုတိယအကြိမ် ရွှေ့ပြောင်းတည်မှ ပြီးစီးအောင်မြင်လေသည်။

(ခြောက်ထပ်ကြီး မူလရွှေသာလျောင်းဘုရားကြီး သမိုင်းအကျဉ်း စာမျက်နှာ ၈)

၁၂၉၅–ခုနှစ်လောက်က မင်းဘူးခရိုင် စကုမြို့နှင့်လေးဖာလုံကွာ ပန်းချောင်းအနီး တည်ထားသော နှစ်ကျိပ်ရှစ်ဆူ ဘုရားစေတီနှင့် ရုပ်ပွားတော်များ အသီးသီးကို ရုပ်ရှာဒါယကာများက စကုမြို့ကံပေါက်အနောက်တိုက်ကျောင်း သက်တော် (၆၀)ရှိ ဆရာတော်ဦးလက္ခဏကို ဦးဆောင်စေလျက် ဥယျာဉ်ဇင်ရွာရွှေဘုံသာဘုရားကြီးအတွင်းသို့ ရွှေ့ပြောင်းတည်ထားကြသည်။

၁၃၂၆–ခုနှစ်လောက်က မြန်အောင်မြို့ မြို့ရှေ့ကျောင်းပရဟိတဆရာတော် ဦးသုစရိတသည် ကျောင်းတိုက် အတွင်း၌ ရှေးယခင်က လမ်းများနှင့်အဆင်မပြေ ကျဘန်းထင်ရာ ဆောက်လုပ်တည်ထားသော ရုပ်တုတော်ကိန်းဝပ်ရာ ကုလားကျောင်း စေတီ တန်ဆောင်းတို့ကိုဖျက်၍ လမ်းအတိုင်း ကြည်ညိုဘွယ်ရှုချင်ဘွယ်ရှိအောင် စီတန်းဆောက်လုပ်၍ ရုပ်တုတော်များ ကိန်းဝပ်သီတင်းသုံးစေသည်။

ပြောသူ... ဆရာတော်ဦးဥတ္တမ
စကုမြို့၊ ကံပေါက်ကလေးကျောင်း အရှေ့တိုက်
၁၃၃၅–ခု၊ တန်ဆောင်မုန်းလဆန်း ၁၂–ရက်

---

## ပခုက္ကူခရိုင် ရေစကြိုမြို့နယ် နေရင်းရွာလေးမျက်နှာ စေတီတော်ပျက်ရခြင်းအကြောင်း

အဆိုပါလေးမျက်နှာစေတီအား ရေဝတီ မြစ်ကမ်းပါးတိုက်စားခြင်းကြောင့် ဓာတ်တော်များနှင့် ဆင်းတုတော် ရှေးဟောင်း

ပစ္စည်းများ မြစ်ထဲမပါရန်နှင့် အသစ်တဘန် တည်ထားကိုးကွယ်ရန် မြစ်ထဲပါလုဆဲ စေတီအား ဖျက်ရန် ပထမအကြိမ် အစည်းအဝေးကို ၁၂၉၇–ခုနှစ် ပြာသိုလတွင် အောက်ပါ ဆရာတော်များနှင့် လူကြီးများစည်းဝေးတိုင်ပင်ကြသည်။

၁။ မဏိရတနာ ဆရာတော် ဦးသောဘိတ

၂။ လည်ပေါ်ဆရာတော် ဦးနရိန္ဒ (ဆန္ဒပေးသည်)

၃။ တလိုင်းကုန်း ဆရာတော် ဦးတေဇ

၄။ နေရင်းမစိုးရိမ်ဆရာတော် ဦးသုဇာတ

၅။ ဆည်သည့်ရွာဆရာတော် ဦးကေသရ=

တို့ကိုအမှူးထား၍ နေရင်းရွာသူကြီး ဦးကံသာနှင့် ရွာလူကြီးများ စည်းဝေးကြပါသည်။

ဒုတိယအကြိမ် တပို့တွဲလတွင် အထက်ပါ သံဃာများနှင့် လူကြီးများ–စည်းဝေး၍ ၎င်းပုဂ္ဂိုလ်များ သဘော တူညီချက်အရ တပေါင်းလတွင် ဘုရားအား မီးပူဇော်ပွဲကို ပွဲလမ်း ဓာတ်သဘင်များနှင့် ပူဇော်၍–

၁၂၉၉–ခုနှစ် နယုန်လတွင်စ၍ ထီးတော်ချပါသည်၊ ၎င်းနောက် ဓာတ်တော်များနှင့် ဆင်းတုတော်များတူးဖော်ပါသည်။

၁၃၀၂–ခုနှစ်တွင် နေရင်းရွာအနောက်မြောက် (၇)ဖာလုံအကွာလောက်တွင် ပေ ၁၂၀–အတောင် ၄၀–ရှိ ဘိနပ်ထောင်စတင်အုတ်မြစ်ချပါသည်။

မှတ်ချက်–၎င်းဘုရားကြီးဖျက်မှု အသစ်တည်မှု တာဝန်ခံဆရာတော်မှာ နေရင်း မဏိရတနာ ဆရာတော် ဦးသောဘိတ ဖြစ်ပါသည်။

ဂုဏ်ဘုရားမှတပါး အလားတူဖျက်၍အသစ်တည်သော ဘုရားများမှာ ပခုက္ကူခရိုင်ရေစကြို မြို့နယ် နှံ့နိန်ရွာ မြသိန်းတန်ဘုရား— (ဂုဏ်ဘုရားမှာ တာဝန်ခံဆရာတော် ဦးဥတ္တမ)၊ ဆည်သည့်ရွာ ဂေါတမဘုရား (ဂုဏ်ဘုရားတာဝန်ခံဆရာတော်မှာ ဦးကေသရ)။

"ဣန္ဒက"

ငါးထပ်ကြီး ပြသာဒ်ကျောင်း

၁၃၃၅—ခု၊ တန်ဆောင်မုန်းလဆန်း ၁၃—ရက်

---

**ရုပ်ပွားစေတော်ဟောင်းစသည်များ ပြင်ဆင်မှု**
**အဆုံးအဖြတ် အကျဉ်းစာတမ်း**
**စေတီစသည် ရွှေ့ပြောင်းခြင်းကိစ္စ**

၁။ လူရှင်ရဟန်းတို့ နေသောကျောင်းအိမ်တို့နှင့် နီးစပ်ကပ်နေသည်ဖြစ်၍ လူရှင်ရဟန်းအပြစ်မလွတ်သော စေတီများ ရွှေ့ပြောင်းခြင်း၊

၂။ လူရှင်ရဟန်းတို့ သွားလာရာ တံတား, လှေခါး လမ်းစသည်တို့ အပြစ်မလွတ်သဖြင့် သင့်လျော်ရာ ရွှေ့ပြောင်းတည်ထားခြင်း၊

၃။ ရှေးအခါက—အထိကရ တည်ထားသော စေတီကြီး ရုပ်တုတော် ရုပ်ပွားတော်ကြီး အနီးအနား ဌာန ကျောင်း အိမ် တံတား စသည်များ မဆောက်ကောင်းခြင်း၊

၄။ အသီးအသီးပျက်စီးနေသော စေတီယများကို တဆူစီ တဆူစီမတည်ဘဲ ငွေကုန်ကြေးကျများသဖြင့် မတတ်နိုင်သည်ဖြစ်၍ တဆူတည်းစုပေါင်းခပ်ကြီးကြီးတည်ခြင်း။

၅။ ကမ်းပါး တောင်စောက်တို့၌ပြိုကျလတ္တံ့သော စေတီများကို ဖျက်ယူ၍ သင့်လျော်ရာအရပ်၌ ရွှေ့ပြောင်းတည်ခြင်း၊

၆။ ပျက်နေသော အစီအစဉ် မကျသော ရှုချင်ဘွယ် မကောင်းသော ဇရပ် ပြာသာဒ် တန်ဆောင်း တံတိုင်း ရုပ်ပုံ အမျိုးမျိုးဟူသမျှ သင့်လျော်ရာ ရွှေ့ ပြောင်း တည်ထား ခြင်း သန့်ရှင်းအောင် ဆောက် လုပ်ခြင်း စသည်ပင်တည်း။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ မန္ဝေတိ၊
စက္ကံဝ ဝဟတော ပဒံ။ ။

ဓမ္မာ၊ ဝေဒနာ သညာ သင်္ခါရဟုဆိုအပ်သော စေတသိက်နာမ်ခန္ဓာသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဟုဆိုအပ်သော ဝိညာဏ်လျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ အကြီးအကဲ၏ အစွမ်းအားဖြင့် စိတ်လျှင်မြတ်ခြင်းရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးကုန်၏။ ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ ပဒုဋ္ဌေန၊ အာဂန္တုက ဖြစ်သော အဘိဇ္ဈာအစရှိသော အပြစ်တို့ဖြင့် ဖျက်ဆီးအပ်သော။ မနသာ၊ အကုသိုလ်စိတ်ဖြင့်။ စေဘာသတိ ဝါ၊ အကယ်၍ လေးပါးသော ဝစီဒုစ္စရိတ်ဖြင့်ပြောမူလည်း ပြောဆိုခဲ့ငြားအံ့။ စေကရောတိ ဝါ၊ အကယ်၍ သုံးပါးသော ကာယ

ဒုစ္စရိတ်ဖြင့် ပြုမှုလည်း ပြုလုပ်ခဲ့ဖြားအံ့။ တတော၊ သုံးပါးအပြား ရှိသော ထိုဒုစ္စရိတ်ကြောင့်။ နံပုဂ္ဂလံ၊ အကုသလကမ္မ ပထ ဆယ်ပါး ပြုလုပ်သော ထိုပုဂ္ဂိုလ်သို့။ ဓုရံ၊ လှည်းတည်းဟူသောဝန်ကို။ ဝဟတော၊ ရွက်ဆောင်သောနွားလား၏။ ပဒံ၊ ခြေရာအစဉ်သို့။ စက္ကံ၊ လှည်းဘီးစက်သည်။ အန္ဝေတိဣဝ၊ အစဉ်တစိုက်နောက်က လိုက်ဘိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဒုက္ခံ၊ ကာယဒွါရ မနောဒွါရ၌ ဖြစ်သော ဆင်းရဲအကျိုး အမျိုးမျိုးသည်။ အန္ဝေတိ (အနုဧတိ)အစဉ်တစိုက် နောက်ကလိုက်နေ၏။

ဤဓမ္မပဒ စက္ခုပါလမထေရ် ဝတ္ထုအရ (ပဒုဋ္ဌစိတ္တ)ဖျက်ဆီးလိုသောစိတ် ရှိသူ၊ (အပ္ပသန္နစိတ္တ) မကြည်လင် မသန့်ရှင်းသောစိတ်ရှိသူ၊( အသုဒ္ဓရစိတ္တ )မကောင်းသောစိတ် ရှိသောသူ၊ (အယောနိသောမနသိကာရ) မိစ္ဆာဉာဏ်သက်ဝင်၍ မသင့်မတင့် မကောင်းသော လုပ်ငန်းအကြောင်းအားဖြင့် စိတ်၌ တည်ထား ပြုလုပ်သောသူများသည် အထက်ပါမာတိကာစဉ်အတိုင်း တခုစီသော်၎င်း, အများသော်၎င်း ပြုလုပ်လျှင်—အပြစ်ရှိ၏၊ လှည်းဝန်ဆောင် နွားလားကဲ့သို့ ခြေရာနောက် လှည်းဘီးစက် တကောက်ကောက်လိုက်နေသလို အကုသိုလ် တကောက်ကောက် လိုက်နေ၏။

ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ကာယ-
ဒုစ္စရိတသမင်္ဂီ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ
ပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပ-
ပဇ္ဇေယျ၊ ဌာနမေတံ ဝိဇ္ဇတိ။ ယံ ဝစီဒုစ္စရိတသမင်္ဂီ (ပ)။

ဌာနဥ္စ ခေါ တော ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ မနောဒုစ္စရိတ-
သမင်္ဂိ တန္နိဒါနာ တပ္ပစ္စယာ ကာယဿ ဘေဒါ ပရံ
မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇေယျ၊
ဌာနမေတံ ဝိဇ္ဇတိ။ (အင်္ဂုတ္တရနိကာယ ဧကကနိပါတ
အဋ္ဌာနပါဠိ တတိယဝဂ္ဂ စာမျက်နှာ—၃၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဒုစ္စရိတသမင်္ဂီ၊ ကာယဒုစ္စရိတ် သုံးပါးတို့နှင့် ပြည့်စုံသော သူသည်။ (ဝစီဒုစ္စရိတသမင်္ဂီ၊ ဝစီဒုစ္စရိတ် လေးပါးတို့နှင့် ပြည့်စုံသော သူသည်။ မနောဒုစ္စရိတ-သမင်္ဂီ၊ မနောဒုစ္စရိတ် သုံးပါးတို့နှင့် ပြည့်စုံသော သူသည်) တန္နိဒါနာ-တပ္ပစ္စယာ၊ ကာယ—ဝစီ—မနော ဒုစ္စရိတ် သုံးပါး တို့တွင် တပါးပါးသော ဒုစ္စရိတ်နှင့်ပြည့်စုံခြင်း တည်းဟူသော ထိုအကြောင်းကြောင့်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက် စီးခြင်းကြောင့်။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်အခါ၌။ အပါယံ၊ ချမ်းသာကင်းရာဖြစ်သော။ ဒုဂ္ဂတိံ၊ မကောင်းသော သူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ဖရိုဖရဲ ပျက်စီး၍ ကျရာ ဖြစ်သော။ နိရယံ၊ နိရဲသို့။ ယံ ဥပပဇ္ဇေယျ၊ အကြောင်ကပ်ရောက် ရာ၏။ တော်ဌာနဥ္စ၊ ဤနိရဲသို့ကပ်ရောက်ခြင်း၏အကြောင်းသည် လည်း။ ဝိဇ္ဇတိခေါ၊ ရှိသည်သာ။ တော်—ဌာနဥ္စ၊ ဤနိရဲသို့ကပ် ရောက်ခြင်း၏ အကြောင်း သည်လည်း။ဝိဇ္ဇတိခေါ၊ရှိသည်သာ။ တော် ဌာနံ၊ ဤနိရဲသို့ ကပ်ရောက်ခြင်း၏ အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။

ဤအဋ္ဌာနပါဠိတော်အရ ကာယဒုစ္စရိတ် ဝစီဒုစ္စရိတ် မနော ဒုစ္စရိတ်တို့တွင် တပါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်, နှစ်ပါးနှင့်

ပြည့်စုံသောပုဂ္ဂိုလ်, သုံးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် အထက်ပါ မာတိကာစဉ်အတိုင်း ပြုလုပ်လျှင် သေသည်၏ အခြားမဲ့၌ အပါယ်ဘုံသို့သာလျှင် ဆင်းဆင်းရဲရဲ ကျရောက်ရ၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မန္ဝေတိ၊
ဆာယာဝ အနုပါယိနီ။ ။

ဓမ္မာ၊ ဝေဒနာ သညာ သင်္ခါရဟု ဆိုအပ်သော စေတသိက်နာမ်ခန္ဓာ သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်ဟုဆိုအပ်သော ဝိညာဏ်လျှင် ရှေ့သွားရှိကုန်၏။ မနောသေဋ္ဌာ၊ အကြီးအကဲ၏ အစွမ်းအားဖြင့် စိတ်လျှင် မြတ်ခြင်း ရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးကုန်၏။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ပသန္နေန၊ အနဘိဇ္ဈာ အစရှိသောဂုဏ်တို့ဖြင့် ကြည်လင်သန့်ရှင်းသော။မနသာ၊ ကောင်းမြတ်သောစိတ်ဓာတ်ဖြင့်။ စေ ဘာသတိ ဝါ၊ အကယ်၍ဝစီသုစရိုက် လေးပါးတို့ဖြင့် ပြောမူလည်းပြောဆိုခဲ့ငြားအံ့။ စေ ကရောတိ ဝါ၊ အကယ်၍ ကာယသုစရိုက်သုံးပါးတို့ဖြင့်ပြုမူလည်း ပြုလုပ်ခဲ့ငြားအံ့။ တတော၊ သုံးပါးသောကောင်းမြတ်သော ထိုသုစရိုက်ကြောင့်။ နံပုဂ္ဂလံ၊ ကောင်းမြတ်သောစေတနာဓာတ်ထားဖြင့် ပြုလုပ်ပြောဆိုသော ထိုသူတော်စင်ပုဂ္ဂိုလ်သို့။ ဆာယာ၊ အရိပ်သည်။ အနုပါယိနီဣဝ၊ ကိုယ်နောက်တကောက်ကောက် လိုက်ဘိသကဲ့သို့။ ဝေါ၊ ဤအတူ။

သုခံ၊ ကိုယ်စိတ်၌ဖြစ်သော ချမ်းသာအကျိုး အမျိုးမျိုးသည်။ အနွေတိ၊ အစဉ်တစိုက်နောက်ကလိုက်နေ၏။

ဤ ဓမ္မပဒ မင္ဂကုဏ္ဍလီဝတ္ထုအရ သုဒ္ဓစိတ္တ— ဖြူစင်သော စိတ်ရှိသောသူ, သုန္ဒရစိတ္တ- ကောင်းမြတ် စေလိုသော စိတ်ရှိသောသူ, ပသန္နစိတ္တ— ကြည်လင်သန့်ရှင်းသော စိတ်ရှိသောသူ, ယောနိသောမနသိကာရ— ပညာဖြင့်ဆင်ခြင်၍ ကောင်းမြတ်သော ဖြူစင်သော ပြဋ္ဌာန်းသောလုပ်ငန်း အကြောင်းအားဖြင့် စိတ်၌ထားပြုလုပ်သွားသောသူသည် အထက်ပါမာတိကာ အစဉ် အတိုင်းနှင့် ပူးတွဲပါဆရာတော်ကြီးများဆုံးဖြတ်သည့်အတိုင်း ပြုလုပ်ခြင်းတည်းဟူသော အကြောင်းကြောင့်အပြစ်မရှိ၊ကိုယ်သွားရာအရိပ်ပါသလို ကုသိုလ်တရား အမြဲပါနေသဖြင့် များစွာ ကုသိုလ်ရ၏၊ ကုသိုလ်အကျိုးတွေ များစွာခံစားရမည်။

> ဌာနဥ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ကာယသုစရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ ဌာနမေတံ ဝိဇ္ဇတိ။ ယံ ဝစီသုစရိတဿ (ပ)။ ဌာနဥ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ။ ယံ မနောသုစရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ၊ ဌာနမေတံ ဝိဇ္ဇတိ။ (အင်္ဂုတ္တရနိကာယ၊ ဧကကနိပါတ၊ အဋ္ဌာနပါဠိ၊ တတိယဝဂ်၊ နှာ ၃၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ—ယေနဌာနေန'အကြင်အကြောင်း ကြောင့်။ ကာယသုစရိတဿ၊ ကာယဒွါရ၌ ကောင်းစွာကျင့်သောပုဂ္ဂိုလ်၏။ (ဝစီသုစရိတဿ၊ ဝစီဒွါရ၌ ကောင်းစွာကျင့်

သောပုဂ္ဂိုလ်၏။ မနောသုစရိတဿ၊ မနောဒွါရ၌ ကောင်းစွာကျင့်သောပုဂ္ဂိုလ်၏။) ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ၊ နှလုံးကိုပွားစေ တတ်သော။ ဝိပါကော၊ လူနတ်နိဗ္ဗာန်သုံးတန်သော အကျိုးသည်။ နိဗ္ဗတ္တော ယျ၊ ဖြစ်ရာ၏။ ဇော်ဌာနဋ္ဌ၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ သုံးပါးတို့၌ ကောင်းစွာကျင့်သော ပုဂ္ဂိုလ်၏ လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးဖြစ်ခြင်း တည်းဟူသော ဤအကြောင်း သည်လည်း။ ဝိဇ္ဇတိခေါ၊ ရှိသည်သာ။ ဇော်ဌာနံ၊ သည်။ ဝိဇ္ဇတိ၊ ၏

ဤ အင်္ဂုတ္တရနိကာယ် အဋ္ဌာနပါဠိတော်အရ ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းစွာကျင့်သောပုဂ္ဂိုလ်အား အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွားစေတတ်သော လူ၌လူအကျိုးစီးပွား, နတ်၌နတ်အကျိုးစီးပွား, နောက်ဆုံး နိဗ္ဗာန်အကျိုးစီးပွားကို ပေးနိုင်၏၊ လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို ခံစံရသည်ဖြစ်၍ ပစ္စက္ခတမလွန်၌ ချမ်းသာစွာနေရ၏။

ရုပ်ပွားစေတီတော်ဟောင်း စသည်များပြင်ဆင်မှု အဆုံး အဖြတ်အကျဉ်းစာတမ်းပြီး၏။

ဘဒ္ဒန္တအာစိဏ္ဏ
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊ ရန်ကုန်မြို့

ဒဂုံဆံတော်ရှင်အား မောင်းထောင်ဆရာတော်
ဖူးမြော် ရောက်လာစဉ် ရွတ်ဆို ပူဇော်အပ်သော

# ဆံတော်ခေတ် ဝန္ဒနာ ဂါထာ

ယော ဒီပင်္ကရမူလမှိ၊
ပဒံ ဟတ္ထဂတံ စဇိ။
သမ္ဗောသမ္ဗောဓိ မာကင်္ခီ၊
ဝန္ဒေ တံသ သိရောရုဟံ။ ။

ဒီပင်္ကရာ ဘုရားရှင် ခြေတော်ရင်း၌ သဗ္ဗညု ဘုရား ဆုကို အလိုရှိတော်မူသည်ဖြစ်၍ လက်တော်သို့ ရောက်လု ဆဲသော နိဗ္ဗာန် ချမ်းသာကို စွန့်တော်မူသော မြတ်စွာ ဘုရား၏ ဆံတော်ခေတ် ကို အကျွန်ုပ် ရှိခိုးပါ၏။

"မောင်းထောင်ဆရာတော်"
(၁၁၅၅-ခု)



# ရုပ်ပွားစေတီတော်ဟောင်း

## ပြင်ဆင်မှုအဆုံးအဖြတ်